# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၂၉၅)

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်

၂၀၁၄ ခုနှစ်၊ ဇူလိုင် ၂၇ ရက်၊ တနင်္ဂနွေနေ့။


## မေတ္တာသည် အတ္တမဟုတ်

မေတ္တာသည် စိတ်ရှည်တတ်၏။
မေတ္တာသည် ကျေးဇူးပြုတတ်၏။
မေတ္တာသည် ဂုဏ်ပြိုင်တတ်ခြင်းမရှိ။
မေတ္တာသည် ဝါကြွားတတ်ခြင်းမရှိ။
မေတ္တာသည် မာန်မာနထားခြင်းမရှိ။
မေတ္တာသည် မလျော်သော အကျင့်ကို မကျင့်။
မေတ္တာသည် ကိုယ်ကျိုးမရှာတတ်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မိသားစုများ ရေဆင်းဆည်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး မိုးရာသီသစ်ပင်စိုက်

စာမျက်နှာ » ၃



Miss Universe Myanmar 2014 ပြိုင်ပွဲတွင် သရဖူဆု ရယူဆွတ်ခူးခဲ့သည့် သျှားထွဋ်အိန္ဒြာ။

# Miss Universe 2014 ကမ္ဘာ့အလှမယ်ပြိုင်ပွဲ မြန်မာနိုင်ငံကိုယ်စားပြု သျှားထွဋ်အိန္ဒြာ သွားရောက်ယှဉ်ပြိုင်ရမည်

**ရန်ကုန် ဇူလိုင် ၂၆**

ကမ္ဘာ့နိုင်ငံအများစုမှ အလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်မည့် Miss Universe 2014 ပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများအကြား အဆင့်အတန်းမီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးကို ကြိုတင်ပြင်ဆင်မှုအနေဖြင့် Miss Universe Myanmar 2014 အတွက် ဆန်ခါတင်ရွေးချယ်သည့် ဖိုင်နယ်ပွဲကြီးကို ယနေ့ည ၆နာရီတွင် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံကြီး၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံကိုယ်စားပြုအလှမယ်အဖြစ် သျှားထွဋ်အိန္ဒြာ သရဖူရရှိ၍ နိုင်ငံကိုယ်စားပြုအနေဖြင့် သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

ယနေ့ကျင်းပသည့် နောက်ဆုံး ဆန်ခါတင် Miss Universe Myanmar 2014 အလှမယ် သရဖူရွေးချယ်ပွဲကြီးတွင် မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရမည့် အလှမယ်အဖြစ် သျှားထွဋ်အိန္ဒြာကရရှိခဲ့ပြီး ၎င်းသည် ထိုင်းနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့စဉ်ကလည်း ထိုင်းနိုင်ငံတွင် ကျင်းပသည့် Miss Myanmar - Thailand Friendship ဆုကိုရရှိခဲ့သည်။ 1st Runner Up ဆုကို ခါးနံ့ပါတ် (၂) *စာမျက်နှာ ၅ ကော်လံ ၅* ◆



## ကမ္ဘာ့အလှမယ်ပြိုင်ပွဲကြီး ငါးပွဲအတွက် အလှမယ်များ ဩဂုတ်လတွင် ရွေးချယ်မည်

**ရန်ကုန် ဇူလိုင် ၂၆**

ကမ္ဘာပေါ်တွင် ကျင်းပလျက်ရှိသော ကမ္ဘာ့အလှမယ်ပြိုင်ပွဲကြီး ငါးပွဲအတွက် Miss Myanmar ငါးဦးရွေးချယ်မည့် Miss Golden Land Myanmar 2014 ပြိုင်ပွဲ၏ ဆန်ခါတင်အလှမယ် ၂၅ ဦးကို စာနယ်ဇင်း၊ မီဒီယာများအားပြသပွဲကို ရန်ကုန်မြို့ ပြည်လမ်း တော်ဝင်ဂါးဒင်း ဟိုတယ် ၌ ဇူလိုင် ၂၆ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ပြိုင်ပွဲဝင်အလှမယ် ၅၀ ကို ဇွန် ၇ ရက် က အကဲဖြတ်ဒိုင်လူကြီးများက စစ်ဆေးရွေးချယ်ခဲ့ရာ တစ်ဦးချင်း စိတ်ကြိုက်ကိုယ်ဟန်ပြခြင်း၊ လမ်းလျှောက်ခြင်း၊ စင်မြင့်ထက်၌ အလှမယ်တစ်ဦးချင်းကို မေးခွန်းများမေးမြန်းခြင်းပြုလုပ်ကာ အကဲဖြတ်အမှတ်ပေးရွေးချယ်ပြီး ဆန်ခါတင်အလှမယ် *စာမျက်နှာ ၅ ကော်လံ ၁* ❀

## ယနေ့ မာတိကာ


၂၀၁၅ ပိုလန်-ရုရှားအနုပညာ ပွဲတော်ကျင်းပရန် အစီအစဉ် ဖျက်သိမ်း
စာမျက်နှာ » ၄

မိုးရွာသည့်ကြားမှ သာကေတ (၁)ဈေး မီးလောင်မှုဖြစ်
စာမျက်နှာ » ၅

တန်ပိုတင်ယာဉ်ကြောင့် တံတားပျက်စီးမှု ပြန်လည် ပြုပြင်ပြီး
စာမျက်နှာ » ၆

ဒရော့ဘာ ချယ်လ်ဆီးသို့ ပြန်လာပြီ
စာမျက်နှာ » ၁၄

စက်ရေတွင်းများ တူးဖော်ထားသော်လည်း ကျွန်းလှမြို့နယ်၌ စိုက်ပျိုးရေရရှိရန် ခက်ခဲနေ
စာမျက်နှာ » ၁၈


**ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# သက်ကြီးရွယ်အိုစောင့်ရှောက်မှုလုပ်ငန်း

“သင်လည်းတစ်နေ့ အိုရမည်”မည်မျှပင် နုနယ်ပျိုမျစ်စေကာမူ နောက်ဆုံး၌အိုမင်းမစွမ်း ဖြစ်ကြရပါသည်။ ဤသို့ အိုမင်းမစွမ်းဖြစ်သည်ဆိုပါက သားထောက်သမီးခံရှိသူများအဖို့ အကြောင်းမဟုတ်သော်လည်း သားထောက်သမီးခံဆွေမျိုးဉာတိမရှိသူများအတွက် စား၊ ဝတ်၊ နေရေးမှာမူ အခက်အခဲများစွာရှိပါသည်။ ထိုအခါ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းဖြစ်သည့် ဘိုးဘွားရိပ်သာများကို အဓိကအားကိုးအားထားပြုရပါသည်။

ဘိုးဘွားရိပ်သာများသည် ခိုကိုးရာမဲ့ မိဘပြည်သူ သက်ကြီးဘိုးဘွားများအတွက် ကွန်းခိုရာနေရာပင်ဖြစ်သည်။ ဘိုးဘွားရိပ်သာများနှင့် သက်ကြီးရွယ်အိုများအား နိုင်ငံတော်အပိုင်းမှ ကူညီဖြည့်ဆည်းနေသကဲ့သို့ ပုဂ္ဂလိကပိုင်းမှလည်း ကူညီစောင့်ရှောက်မှုများ ပြုလုပ်လျက်ရှိပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် သက်ကြီးရွယ်အိုများအား စောင့်ရှောက်မှုပေးရာတွင် ရိပ်သာအခြေပြု စောင့်ရှောက်ရေးလုပ်ငန်းအပြင် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်ထားသည့် ဘိုးဘွားရိပ်သာ ၇၁ ခုကို အသိအမှတ်ပြု၍ ပထမအဆင့်တွင် လူတစ်ဦးတစ်နှစ်လျှင် ဆန်ဖိုးငွေကျပ် သုံးသောင်း၊ ဒုတိယအဆင့်တွင် ဆန်ဖိုးအပြင် စားစရိတ်ငွေကျပ်သုံးသောင်းနှင့် ဝတ်စရိတ်ငွေကျပ်တစ်သောင်းသုံးထောင်၊ တတိယအဆင့်တွင် ဆန်ဖိုး၊ စား စရိတ်၊ ဝတ်စရိတ်အပြင် ဂေဟာမှူးလစာ တစ်နှစ်လျှင် ငွေကျပ် ၃၆၀၀၀၀ ကိုလည်း ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ရပ်ရွာအခြေပြု သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းအဖြစ် ၂၀၀၄ ခုနှစ်မှစတင်ကာ နိုင်ငံတကာစောင့်ရှောက်မှုနည်းလမ်းဖြစ်သော စေတနာ့ဝန်ထမ်းအခြေခံ အိမ်တိုင်ရာရောက်သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းနှင့် အသက်အရွယ်ကြီးရင့်ပြီး လုပ်ကိုင်နိုင်စွမ်းရှိသည့် သက်ကြီးရွယ်အိုများအတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖွဲ့စည်းဆောင်ရွက်နေပြီဖြစ်သည်။

နိုင်ငံတော်က သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာကို ဖွင့်လှစ်ခဲ့ပြီး အသက် ၇၀ နှင့်အထက် သက်ကြီးရွယ်အိုများအား လက်ခံစောင့်ရှောက်ပေးလျက်ရှိသည်။ နှစ်စဉ်တိုးပွားလျက်ရှိသော သက်ကြီးရွယ်အိုများအား စောင့်ရှောက်ပေးနိုင်ရန်အတွက် သက်ကြီးရွယ်အိုများစောင့်ရှောက်ရေး အမျိုးသားအဆင့် လုပ်ငန်းစီမံကိန်းကိုလည်း လစဉ်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ဤသို့ သက်ကြီးရွယ်အိုများအား နိုင်ငံတော်အပိုင်းက စောင့်ရှောက်ပံ့ပိုးကူညီမှုများ ပြုလုပ်ပေးနေသကဲ့သို့ သက်ဆိုင်ရာလူမှုအဖွဲ့အစည်းများကလည်း ဝိုင်းဝန်းကူညီသွားကြမည်ဆိုလျှင် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းသည် ယခုထက် ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# မိုးရာသီ သစ်ပင်စိုက်

နေပြည်တော် ဇူလိုင် ၂၆

အားကစားဝန်ကြီးဌာန ၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစေ့စိုက်ထည့်ပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၈ နာရီက နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် အဆိုပါဝန်ကြီးဌာနတို့၌ကျင်းပရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းနှင့် ဒုတိယဝန်ကြီးဦးသောင်းထိုက်၊ ဦးဇော်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ၊ အားကစားသမားများနှင့်အတူ သတ်မှတ်နေရာများတွင် သစ်ပင်များကိုစိုက်ပျိုးကြသည်။သစ်ပင်စိုက်ပျိုးပွဲတွင် မဟော်ဂနီအပင် ၇၀၀၊ ကျွန်းအပင် ၈၀၀၊ ခရေ အပင် ၇၀၀၊ ယင်းမာအပင် ၇၀၀၊ ကုက္ကိုအပင် ၅၀၀၊ ငုအပင် ၇၀၀၊ မဲဇလီအပင် ၇၀၀၊ ပျဉ်းကတိုးအပင် ၇၀၀ စုစုပေါင်း သစ်ပင် ၅၅၀၀ ခန့် စိုက်ပျိုးကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းများနှင့်အတူ ဝန်ကြီးဌာန လျှိုပိတ်ကန်ထဲသို့ ငါးမြစ်ချင်းအကောင် ၁၀၀၀၀ နှင့် ငါးခုံးမ အကောင် ၁၀၀၀၀ စုစုပေါင်း ကောင်ရေ ၂၀၀၀၀ စိုက်ထည့်ခဲ့ ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ကွန်ပျူတာနှင့် သတင်းအချက်အလက်နည်းပညာပြပွဲဖွင့်

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာအသင်းများက စီစဉ်ကျင်းပသည့် ICT Products, Solutions & Edu Fair 2014 ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ နံနက် ၇ နာရီခွဲက ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေက စက်ခလုတ်နှိပ်၍ပြပွဲကို ဖွင့်လှစ်ပေးသည်။ ပြပွဲတွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ သင်တန်းများမှ ကျောင်းသား ကျောင်းသူများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ နိုင်ငံတကာမှ နာမည်ကြီးအမှတ်တံဆိပ်ကွန်ပျူတာ ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ နောက်ဆုံးပေါ် အီလက်ထရွန်နစ်ပစ္စည်းများ၊ ဆက်သွယ်ရေးစက်ကိရိယာများနှင့် ကွန်ပျူတာအသုံးချ ဆော့ဖ်ဝဲနည်းပညာများ၊ Mobile နည်းပညာနှင့် ပစ္စည်းများကို ကုမ္ပဏီ ပေါင်း ၅၄ ခုက ပြခန်းပေါင်း ၁၄၁ ခန်းဖြင့် ဇူလိုင် ၂၇ ရက်အထိ ဖွင့်လှစ်ပြသမည်ဖြစ်သည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရာရှိများ အထူးမွမ်းမံသင်တန်းဆင်း

ရန်ကုန် ဇူလိုင် ၂၆

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အရာရှိများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၂၂/၂၀၁၄) သင်တန်းဆင်းပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အုန်းတောခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းတက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားပြီး စံပြဆု၊ ဖွဲ့လုံ့လဆုနှင့် အဆောင်ဆုများချီးမြှင့်ကာ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့မှ သင်တန်းသား သင်တန်းသူ အရာရှိ ၂၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



လယ်ဝေးမြို့နယ် သော်မော် ကုန်းကျေးရွာအုပ်စု၌ ဇူလိုင် ၂၅ ရက်က မိုးပွင့် အဆင့်(၆)စီမံချက် ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား များကို လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန နေပြည်တော်ကောင်စီနယ်မြေ ဦးစီးမှူး ဦးချိုထွန်းနှင့် ဝန်ထမ်းများက ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်စဉ်။ ဇော်မျိုးနိုင်

# ကေတုလင်းရောင်ခြည် စာကြည့်တိုက်ဖွင့်



တောင်ငူ ဇူလိုင် ၂၆

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်(၁၁)ရပ်ကွက် ကင်းဆိပ်လမ်းတွင် ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ပြီးစီးခဲ့သည့် သွပ်မိုး၊ အုတ်ကာ၊ လေးပင်သုံးပင် ကေတုလင်းရောင်ခြည် စာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်း၊ ခရိုင်ပြန်ဆက်ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်သင်း၊ ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်းနာယက ဦးကျော်လှ (သမာဓိ)၊ ပင်မအလှူရှင် ဦးမြင့်သူ၊ (နန်းသူဇာ ပဲလှော်)တို့က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်ပြန်ဆက်ဦးစီးအရာရှိနှင့် ပင်မအလှူရှင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)** ဆက်လက်၍ ခရိုင်ပြန်ဆက်ရုံးမှ သုတ၊ ရသစာအုပ်များကိုစာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ ကေတုလင်းရောင်ခြည် စာကြည့်တိုက်မှာ အလျား ၂၄ ပေ၊ အနံ ၂၁ ပေ၊ အမြင့် ၁၅ ပေရှိ တစ်ထပ်တိုက် အဆောက်အအုံဖြစ်ပြီး စုစုပေါင်း ကုန်ကျငွေကျပ်သိန်း ၄၀ ခန့်ဖြစ်ကြောင်းနှင့် ၎င်းအဆောက်အအုံအတွက် တောင်ငူမြို့ (၁၁) ရပ်ကွက်နေ ဦးမြင့်သူ-ဒေါ်ခင်သန်းဝင်း (နန်းသူဇာ ပဲလှော်)၊ ဦးမျိုးဌေး- ဒေါ်သီသီညွန့် (Ever Green) မိသားစုတို့က စုပေါင်း ဆောက်လုပ်လှူဒါန်းခဲ့ပြီး ဖွင့်ပွဲအခမ်းအနားသို့ တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူး၊ ခရိုင်ပြန်ဆက် ဦးစီးမှူး၊ ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်းနာယက၊ (၁၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်သူ ရပ်ကွက်သားများ တက်ရောက်ကြသည်။ **(၁၃၆)**





ပြည်တွင်းသတင်း

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ ရေဆင်းဆည်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး မိုးရာသီသစ်ပင်စိုက်

နေပြည်တော် ဇူလိုင် ၂၆

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ရေဆင်းဆည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်အားပေးပြီး အထိမ်းအမှတ်သစ်ပင်များကို စိုက်ပျိုးပေးသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ရေဆင်းဆည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဒုတိယအကြိမ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်စိုက်ပျိုးသည့် မိသားစုများအားကြည့်ရှုအားပေးစဉ်။ (မြဝတီ)

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ

> " ရေဆင်းဆည်ပတ်ဝန်းကျင်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ၂၀၁၁ ခုနှစ်မှစတင်၍ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲများဖြင့် နှစ်စဉ်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ သရက်၊ မန်ကျည်း၊ ပိန္နဲ၊ တမာ၊ သစ်စိမ့်၊ မဲဇလီ၊ ကုက္ကို၊ ငုဝါ၊ စိန်ပန်း၊ ခရေ၊ ကံ့ကော်၊ ဧကရာဇ်ပင်နှင့် အော်ရီးရှားပင်စသည့် စိုက်ပျိုးပင် စုစုပေါင်း အပင် ၅၄၂၅၇ ပင် စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ် "

ဗိုလ်ချုပ်ကြီးဝေလွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ နှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးရှိ ရုံး/ ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ခရေပင်နှင့်ကံ့ကော်ပင်များကို ဦးဆောင်စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့်ဇနီး ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေနှင့်ဇနီး ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ နှင့်ဇနီးများ၊ အခမ်းအနား တက်ရောက်လာကြသူများက မိုးရာသီသစ်ပင် စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် စိုက်ပျိုးပင်များအား သတ်မှတ်နေရာအသီး သီးတွင် စိုက်ပျိုးပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင် လှိုင်နှင့်အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ ကျင်းပသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၁၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကုက္ကိုပင်၊ ပိတောက်ပင်၊ ခရေပင်၊ စိန်ပန်းကြီးပင်၊ မဲဇလီပင်၊ ရေတမာပင်၊ ငုရွှေဝါပင်၊ သစ်ဆိမ့်ပင်၊ ဧကရာဇ်ပင်၊ ကံ့ကော်ပင်နှင့်အော်ရီးရှားပင် စုစုပေါင်း အပင် ၅၀၀၀ တို့ကို စိုက်ပျိုးပေးခဲ့သည်။ ရေဆင်းဆည်ပတ်ဝန်းကျင်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ၂၀၁၁ ခုနှစ်မှစတင်၍ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများဖြင့် နှစ်စဉ်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ သရက်၊ မန်ကျည်း၊ ပိန္နဲ၊ တမာ၊ သစ်ဆိမ့်၊ မဲဇလီ၊ ကုက္ကို၊ ငုဝါ၊ စိန်ပန်း၊ ခရေ၊ ကံ့ကော်၊ ဧကရာဇ်ပင်နှင့်အော်ရီးရှားပင်စသည့် စိုက်ပျိုးပင် စုစုပေါင်း အပင် ၅၄၂၅၇ ပင် စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပေးစဉ်။ (မြဝတီ)

## မိုးလေဝသအခြေအနေ

**နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ နေရာ ကွက်ကျား မိုးထစ်ချုန်းရွာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။



# မစ္စရန်ဟီလီနှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၆

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူး အစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီနှင့်အဖွဲ့သည် ယနေ့ညပိုင်းတွင် ရန်ကုန် မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားရာ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၇-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ရှေ့ဖုံးတွင်ပါရှိသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး သတင်းခေါင်းတွင် "လယ်/ဆည်ဝန်ကြီး ဌာနက ထုတ်လွှင့်သော Website ကို ၂၀၁၄ ခုနှစ် မတ်လမှစ၍ ယခင်လိပ်စာ အတိုင်း ပြန်လည်လွှင့်တင်ပေး"ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**(စာတည်းအဖွဲ့)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၆**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုအား ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စရန်ဟီလီသည် ယနေ့ နံနက် ၇ နာရီတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များနှင့် ငြိမ်းချမ်းစွာ စုဝေး ခြင်း၊ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

**(သတင်းစဉ်)**



# အာဆီယံ-တရုတ်လူငယ်ယဉ်ကျေးမှုဖလှယ်ရေးပွဲတော်သို့ တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**ရန်ကုန် ဇူလိုင် ၂၆**

မြန်မာ-တရုတ် ချစ်ကြည်ရေး အသင်းကကြီးမှူးကျင်းပသော တရုတ် ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၄ ရက် အထိကျင်းပမည့် ဒုတိယအကြိမ် အာဆီယံ-တရုတ် လူငယ်ယဉ်ကျေးမှု ဖလှယ်ရေးပွဲတော်သို့ တက်ရောက် မည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ ပညာထူးချွန်ထက်မြက် သော ကျောင်းသား ကျောင်းသူများ အား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၅ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ စကိုင်းစတားဟိုတယ် ၌ ကျင်းပရာ မြန်မာ-တရုတ်ချစ်ကြည် ရေးအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းအောင် နှင့် အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှု ဆောင်အဖွဲ့ဝင်များက ပွဲတော်သို့ တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအား လက်ဆောင် ပစ္စည်းနှင့် ချီးမြှင့်ငွေများ၊ ပွဲတော်သို့ ပါဝင်တက်ရောက်မည့် နိုင်ငံများမှ လူငယ်များအတွက် အမှတ်တရ ပစ္စည်းများကို ပေးအပ်ပြီး ပညာရေး ဝန်ကြီးဌာနကိုယ်စား အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေး မှူး(ပညာ)ဒေါ်စန်းစန်းရီက ကျေးဇူး တင်စကား ပြောကြားသည်။

ယမန်နှစ်ကကျင်းပသည့် ပထမ အကြိမ် အာဆီယံ-တရုတ်လူငယ် ယဉ်ကျေးမှုဖလှယ်ရေး ပွဲတော်သို့ အုပ်ချုပ်သူတစ်ဦးနှင့် ကျောင်းသား ကျောင်းသူ ရှစ်ဦး တက်ရောက်ခဲ့ပြီး ယခု ဒုတိယအကြိမ်ပွဲတော်သို့ အုပ် ချုပ်သူတစ်ဦးနှင့် ကျောင်းသား ကျောင်းသူ ၁၀ ဦး တက်ရောက်မည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ကလေးများအား အမေရိကန်က နေရင်းနိုင်ငံများသို့ ပြန်ပို့မည်ဟုဆို

**ဝါရှင်တန် ဇူလိုင် ၂၆**

အမေရိကန်နိုင်ငံ၌ မှတ်တမ်းမှတ်ရာမရှိ တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ကလေးများအား နေအိမ်များသို့ ပြန်လည်ပို့ဖွယ်ရှိကြောင်း အမေရိကန်သမ္မတ ဘားရက် အိုဘားမားက အမေရိကတိုက်အလယ်ပိုင်းနိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံစဉ်ပြောကြားလိုက်သည်။

ဂွာတီမာလာ၊ ဟွန်ဒူးရပ်စ်၊ အယ်လ်ဆာဗေဒိုနိုင်ငံများမှ သမ္မတများနှင့် မစ္စတာအိုဘားမားတို့သည် အမေရိကန် တောင်ပိုင်းနယ်စပ်အကျပ်အတည်းကို ဆွေးနွေးရန် သောကြာနေ့က အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ကလေး ၅၀၀၀၀ ကျော်ကို အမေရိကန်တောင်ပိုင်း၌ အောက်တိုဘာလက ဖမ်းဆီးထားသည်။ အများစုမှာ အဖော်မပါဘဲ ဖမ်းဆီးထားခဲ့သည်။

မိမိတို့အနေဖြင့် နယ်စပ်ဖြတ်ကျော်ဝင်ရောက်ရန် ကြိုးစားနေသည့် ကလေးများကို ဟန့်တားရမည်ဖြစ်ကြောင်း မစ္စတာအိုဘားမားက ပြောသည်။ **(ဘီဘီစီ)**

## ၂၀၁၅ ပိုလန်-ရုရှားအနုပညာပွဲတော် ကျင်းပရန် အစီအစဉ် ဖျက်သိမ်း

**ဝါဆော ဇူလိုင် ၂၆**

၂၀၁၅ တွင် ပိုလန်နှင့်ရုရှားတို့၏ ဆက်ဆံရေးထူထောင်မှုအထိမ်းအမှတ်အဖြစ် အနုပညာပွဲတော် ကျင်းပမည့်အစီအစဉ်ကို ဖျက်သိမ်းလိုက်ကြောင်း ပိုလန်အစိုးရ၏ပြောရေးဆိုခွင့်ရှိသူ မယ်ဂေါ်ဇာတ ကီဒဝါ-ဘလွန်စကာက ပြောကြားခဲ့သည်။ ထိုကဲ့သို့ ဖျက်သိမ်းခဲ့ခြင်းမှာ ရုရှားတွင် မလေးရှားလေယာဉ်ပစ်ချခံရခြင်းနှင့် ယူကရိန်းအရေးကိစ္စများ ရှုပ်ထွေးနေခြင်းတို့ကြောင့် ပိုလန်နိုင်ငံခြားရေးဝန်ကြီးနှင့် ယဉ်ကျေးမှုဝန်ကြီးတို့က ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဘလွန်စကာ၏ပြောကြားချက်အရ အနုပညာ ပွဲတော်ကျင်းပရာတွင် အနုပညာရှင်များနှင့် ပရိသတ်များ စုစည်းရန် လိုအပ်သည့်အတွက် ပတ်ဝန်းကျင် ကောင်းဖြစ်ရန် လိုအပ်ကြောင်း၊ ယခုလက်ရှိအခြေအနေတွင် ရုရှားအနေဖြင့် ပတ်ဝန်းကျင်ကောင်းဖန်တီးပေးရန် ဖြစ်နိုင်ခြေမရှိကြောင်း ပြောခဲ့သည်။ အနုပညာပွဲတော်ကျင်းပရန် ဖျက်သိမ်းခံရသည့်ကိစ္စအပေါ် ရုရှားအစိုးရအနေဖြင့် များစွာစိတ်မကောင်းဖြစ်မိကြောင်း မီဒီယာများ၌ ဖော်ပြထားသည်။ ၂၀၁၅ တွင်ကျင်းပရန် စီစဉ်ခဲ့သော ၎င်းအနုပညာပွဲတော်သည် ပိုလန် နှင့် ရုရှားတို့၏ စီးပွားရေး၊ သိပ္ပံပညာနှင့် ယဉ်ကျေးမှုအဆင့်အတန်းဖွံ့ဖြိုးတိုးတက်မှု တို့ကိုတင်ပြရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ ဝါဆောတွင် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်က ပိုလန်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးတို့ ခုနစ်နှစ်ကြာဆက်ဆံရေးထူထောင်ရန် လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၅ တွင် အနုပညာပွဲတော်ကျင်းပရန် သဘောတူညီမှုကိုလည်း အဆိုပါနေ့က ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ **(ဆင်ဟွာ)**

## အစ္စရေးနှင့်ဟားမားစ် ၁၂ နာရီကြာ အပစ်အခတ်ရပ်စဲ

**ဂါဇာ ဇူလိုင် ၂၆**

အစ္စရေးနှင့်ဟားမားစ်တို့သည် ဂါဇာကမ်းမြောင်ဒေသ၌ လူသားချင်းစာနာမှုဆိုင်ရာ ၁၂ နာရီကြာ အပစ်အခတ်ရပ်စဲမှု စတင်ခဲ့သည်။ အဆိုပါ အပစ်အခတ်ရပ်စဲမှုသည် ဇူလိုင် ၂၆ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီကစတင်ခဲ့ကြောင်း၊ ယင်းအပြီးဟားမားစ်တို့၏ ဥမင်လိုဏ်ခေါင်းများကို ဆက်လက်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အစ္စရေးက ပြောသည်။

နိုင်ငံတကာအဖွဲ့အစည်းများက ခုနစ်ရက်ကြာ အပစ်အခတ်ရပ်စဲပြီး စေ့စပ်ညှိနှိုင်းမှုပြုလုပ်ရန်ကြိုးစားလျက်ရှိသည်။ အစ္စရေးတို့၏တိုက်ခိုက်မှုကြောင့် ယမန်နေ့က ပါလက်စတိုင်း ၁၉ ဦးသေဆုံးပြီး အစ္စရေးတပ်ဖွဲ့ဝင်နှစ်ဦးလည်း သေဆုံးခဲ့သည်။ ဇူလိုင် ၈ ရက်ကစတင်ခဲ့သည့် ယင်းစစ်ပွဲအတွင်း ပါလက်စတိုင်း ၈၇၀ ကျော် သေဆုံးခဲ့ရကြောင်း၊ အများစုမှာ အရပ်သားများ ဖြစ်ကြောင်း၊ ထိုအတောအတွင်း အစ္စရေးစစ်သား ၃၈ ဦးလည်း သေဆုံးခဲ့ရကြောင်း သတင်းတွင်ဖော်ပြသည်။ **(ဘီဘီစီ)**

## ဆိုင်းနိုင်းကျွန်းဆွယ်၌ အီဂျစ်စစ်တပ်စစ်ဆင်ရေးပြုလုပ် စစ်သွေးကြွ ၂၅ ဦးထက်မနည်းသေဆုံး

**ကိုင်ရို ဇူလိုင် ၂၆**

ဆိုင်းနိုင်းကျွန်းဆွယ်ဒေသ၌ အီဂျစ်စစ်တပ်က စစ်ဆင်ရေးတစ်ခုပြုလုပ်ရာ ဇူလိုင် ၂၆ ရက် အစောပိုင်းအထိ စစ်သွေးကြွ ၂၅ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း လုံခြုံရေးသတင်းအရ သိရသည်။

Sheikh Zuweid ၌ ၎င်းစစ်ဆင်ရေးကို ဇူလိုင် ၂၅ ရက် မွန်းလွဲပိုင်းက စတင်ခဲ့ရာ အကြမ်းဖက်သမားများကို တိုက်ခိုက်မှုပြုလုပ်ခဲ့သော အီဂျစ်သမိုင်း၌ အပြင်းထန်ဆုံး စစ်ဆင်ရေးဖြစ်သည်ဟု အမည်မဖော်လိုသူတစ်ဦးက ပြောခဲ့သည်။ အီဂျစ်တပ်မတော်သည် အလုံးအရင်းဖြင့် မြေပြင်စစ်ဆင်ရေးသာမက ဝေဟင်ကပါ ၎င်းအကြမ်းဖက်သမားများ ပုန်းအောင်းရာနေရာများကို စီးနင်းတိုက်ခိုက်ခဲ့ကြသည်။ အဆိုပါ စီးနင်းတိုက်ခိုက်မှု၌ သေနတ်သမားများ၏ တန်ပြန်တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် တပ်မတော်အရာရှိများ သေဆုံးခဲ့ရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က စစ်သွေးကြွများသည် ကိုင်ရိုမြို့အနောက်တောင်ဘက် ကီလိုမီတာ ၆၀၀ အကွာ AL-Wadi Al-Gadid ပြည်နယ်စစ်ဆေးရေးဂိတ်ကို တိုက်ခိုက်ခဲ့ရာ အရာရှိ ၂၂ ဦးသေဆုံးခဲ့သည်။ အကြမ်းဖက်သမားများသည် မိမိကိုယ်ကိုယ် အစ္စလာမ္မစ်အုပ်စုဝင်များဟု ကြေညာကာ ပြင်းထန်သော လုံခြုံရေးဆိုင်ရာနှိမ်နင်းမှုများအတွက် လက်တုံ့ပြန်သည့်အနေဖြင့် ၂၀၁၃ ခုနှစ် ဩဂုတ်လကတည်းက တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ **(ဆင်ဟွာ)**

# ဆီးရီးယားအခြေစိုက်စခန်း အိုင်ဆက်သူပုန် ဝင်ရောက်စီးနင်းတိုက်ခိုက်



**ဒမတ်စကတ် ဇူလိုင် ၂၆**

ဆီးရီးယားနိုင်ငံ ရက်ကွာမြို့ ဆင်ခြေဖုံးရှိ ကြီးမားသော စစ်အခြေစိုက်စခန်းအား ဖျက်ဆီးတိုက်ခိုက်နိုင်ခဲ့ကြောင်း အိုင်ဆက်တိုက်ခိုက်ရေးသမားများက ပြောကြားသည်။

အဆိုပါအစ္စလာမ္မစ်တိုက်ခိုက်ရေးသမားများက ၎င်းစစ်အခြေစိုက်စခန်း တိုက်ပွဲပြီးနောက် ဖမ်းဆီးထားသောစစ်သားများအား ခေါင်းဖြတ်ထည့်ထားသည့် ပုံများကို ဖော်ထုတ်ပြသခဲ့သည်။

ဆီးရီးယားစစ်တပ်ကမူ အဆိုပါ စစ်အခြေစိုက်စခန်း ကျဆုံးသွားခြင်းကို အတည်ပြုပြောကြားခြင်း မရှိခဲ့ပေ။ သို့သော်လည်း ဆီးရီးယားစစ်တပ်က တန်ပြန်တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။

အိုင်ဆက်သူပုန်အဖွဲ့က ရက်ကွာပြည်နယ် နေရာအတော်များများကို ထိန်းချုပ်ထားသည်ဟု ဆိုသည်။ မကြာမီအတွင်း အိမ်နီးချင်းအီရတ်ဒေသတစ်ခုကိုပါ သိမ်းပိုက်လိုက်သည်။

အဆိုပါအဖွဲ့က အီရတ်နှင့် ဆီးရီးယားနိုင်ငံအကြား နယ်စပ်ကို ထိန်းချုပ်ထားပြီး အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရန် တောင်းဆိုထားသည်။

ရက်ကွာဆီးရီယားစစ်အခြေစိုက်စခန်းသည် အမှတ် (၁၇) တိုင်း စစ်ဌာနချုပ်ရှိရာမြို့ဖြစ်သည်။ ယင်းအခြေစိုက်စခန်းသည် အိုင်ဆက်သူပုန်လက်သို့ ယမန်နေ့ညက ကျရောက်သွားသည်ဟု ဆိုသည်။

၎င်းအခြေစိုက်စခန်းကို သူပုန်များက ကားဗုံးနှစ်လုံးဖြင့် တိုက်ခိုက်ခဲ့ရာ ဆီးရီးယားစစ်တပ်ကလည်း ရဟတ်ယာဉ်များနှင့် အခြေစိုက်စခန်းဝန်းကျင်ရှိ အိုင်ဆက်သူပုန်တို့၏ နေရာများကို တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။ **(ဘီဘီစီ)**

# ယူကရိန်း MH17 ပျက်ကျရာသို့ ဩစတြေးလျရဲတပ်ဖွဲ့ဝင်နှင့် စစ်သား ၁၀၀ စေလွှတ်မည်ဟုဆို

**ဆစ်ဒနီ ဇူလိုင် ၂၆**

ဩစတြေးလျနိုင်ငံသည် ဒတ်ချ်တို့ဦးဆောင်သော နိုင်ငံတကာလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းရန် ရဲတပ်ဖွဲ့ဝင်များနှင့် ကာကွယ်ရေးတပ်ဖွဲ့ဝင် ၁၀၀ ကို MH17 လေယာဉ်ပျက်ကျရာနေရာသို့ စေလွှတ်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် Tony Abbott က ပြောခဲ့သည်။

ဩစတြေးလျ ဗဟိုရဲတပ်ဖွဲ့အေအက်ဖ်ပီမှ တပ်ဖွဲ့ဝင်များသည် လန်ဒန်ရောက် အေအက်ဖ်ပီတပ်ဖွဲ့ဝင် ၉၀ ပါ တပ်ဖွဲ့နှင့်ပူးပေါင်းမည်ဖြစ်သည်။

"ယခုကဲ့သို့ စေလွှတ်ခြင်းဟာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ မစ်ရှင်ဖြစ်လို့ ရည်ရွယ်ချက်ကတော့ ရှင်းပါတယ်။ယူကရိန်းမှာဖြစ်ပွားနေတဲ့ မြေပြင်တိုက်ခိုက်ရေးတွေ အဆုံးသတ်ရန် ရက်သတ္တပတ် အနည်းငယ် ပိုမကြာစေဖို့ မျှော်လင့်တာပါ"ဟု ၎င်းက သတင်းထောက်များကို ပြောခဲ့ကြားသည်။

Abbott က ရဲတပ်ဖွဲ့ဝင် ၅၀ ကို မစ်ရှင်မစမီကတည်းက လန်ဒန်သို့ စေလွှတ်ထားခဲ့သည်ဟု ဆိုသော်လည်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ရဲတပ်ဖွဲ့ဝင် ၉၀ စေလွှတ်ခဲ့သည်ဟု ပြောခဲ့ကြားသည်။ Abbott နှင့် ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတို့အကြား ပြောကြားချက် ကွာခြားနေမှုအကြောင်းအရင်းကို ရှင်းလင်းခဲ့ခြင်းမရှိပေ။

ရုရှားလိုလားသူ ခွဲထွက်ရေးသမားများသည် ယူကရိန်းအရှေ့ပိုင်း၌ ဖြစ်ပွားခဲ့သော ခရီးသည်တင်လေယာဉ်ပစ်ချမှုကို ၎င်းတို့လုပ်ဆောင်ခဲ့ခြင်းမဟုတ်ကြောင်း အခိုင်အမာငြင်းဆိုထားသည်။ **(ရိုက်တာ)**



## နည်းပညာတက္ကသိုလ်၊ သိပ္ပံနှင့် ကျောင်းများ၏ သင်ကြားရေးဆိုင်ရာ အရည်အသွေးတိုးမြှင့်ဆောင်ရွက်မှုကို တစ်ပြိုင်တည်းဆောင်ရွက်သွားမည်

**နေပြည်တော် ဇူလိုင် ၂၆**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ဇူလိုင် ၂၄ ရက် နံနက် ၁၁ နာရီက အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank-ADB)၏ Myanmar Resident Mission မှ လူမှုစီးပွားဆိုင်ရာကဏ္ဍကျွမ်းကျင်သူ Dr.Chris A.Spohr နှင့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီးရုံးခန်းမ၌ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက နည်းပညာနှင့် သက်မွေးပညာဆိုင်ရာမူဝါဒနှင့် ဥပဒေများပြုစုဆောင်ရွက်နေသည့်နည်းတူ လက်ရှိသင်ကြားနေသည့် နည်းပညာတက္ကသိုလ်၊ သိပ္ပံနှင့်ကျောင်းများ၏သင်ကြားရေးဆိုင်ရာ အရည်အသွေးတိုးမြှင့်ဆောင်ရွက်မှုကို တစ်ပြိုင်တည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ ကျွမ်းကျင်သူများက နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ အထူးလုပ်ငန်းအဖွဲ့မှ ဆောင်ရွက်နေသော နည်းပညာနှင့် သက်မွေးပညာဆိုင်ရာမူဝါဒနှင့် ဥပဒေများပြုစုဆောင်ရွက်ရာတွင် အကြံပေးတင်ပြလိုသည့်အချက်များနှင့် ဆောင်ရွက်ပေးနိုင်မည့်လုပ်ငန်းများကို ရေတို၊ ရေရှည်လုပ်ငန်းစဉ်များအဖြစ် ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ထိန်ပင်ကျေးရွာရှိ လယ်ဧက ၁၃၀၀ ကျော် ရေနစ်မြုပ်ပြီး ပျိုးပင်များပျက်စီး

**သထုံ ဇူလိုင် ၂၆**

သထုံမြို့နယ် ထိန်ပင်ကျေးရွာ ထိန်ပင်အနောက်ကွင်းနှင့် ထိန်ပင်ညောင်ပင်ကွင်းတို့ရှိ တောင်သူ ၆၂ ဦးခန့် ပိုင်ဆိုင်သော လယ်ယာမြေ ၁၃၈၈ ဧကတို့မှာ မိုးရွာသွန်းမှုများပြီး အဓိကရေဆွဲချောင်း ကောလာသောကြောင့် ပျိုးပင်များရေနစ်မြုပ် ပျက်စီးခဲ့ကြောင်း သိရသည်။ ပင်လယ်ကမ်းစပ်တွင် သောင်ထွန်းမှုများလာပြီး အဓိကရေဆွဲချောင်းဖြစ်သည့် ချောင်းမြီးတိုချောင်းမှာ ရေမစီးနိုင်ဘဲ ချောင်းကောလာကာ မိုးများသောအခါ ချောင်းဖျားမှ ရေများလာသဖြင့် ယခုကဲ့သို့လယ်ကွင်းများရေနစ်မြုပ်ရခြင်းဖြစ်ကြောင်း တောင်သူတစ်ဦးက ပြောသည်။

အဆိုပါ ရေနစ်မြုပ်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများ ဇူလိုင် ၂၄ ရက်က လိုက်လံကြည့်ရှုကာ ရေစီးလမ်း ပိတ်ဆို့နေမှုများအား အမြန်ဆုံးရှင်းလင်းပြီး ယင်းချောင်းကောအား ပြန်လည်တူးဖော်နိုင်မည့် နည်းလမ်းများ၊ မိမိတို့အနေဖြင့် ပြန်လည်တူးဖော်ရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်မှုနှင့် ဒေသခံများအနေဖြင့် ပူးပေါင်းပါဝင်ရန် လိုအပ်သည်တို့ကို ကျေးရွာအထောက်အကူပြုကော်မတီများ၊ ရပ်မိရပ်ဖများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## မလှိုင်မြို့နယ်ရှိ ကျေးရွာအားလုံးသို့ စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၂၃၆၈၅ သိန်းကျော် ထုတ်ချေးပေးပြီးဖြစ်

**မလှိုင် ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မလှိုင်ဘဏ်ခွဲ)မှ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ဇူလိုင် ၂၁ ရက်က မလှိုင်တစ်မြို့နယ်လုံးရှိ တောင်သူများကို စိုက်ချိန်မီ ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မလှိုင်ဘဏ်ခွဲ)မှ စိုက်ပျိုးစရိတ်ချေးငွေချေးယူထားတဲ့ ဒေသခံတောင်သူများက သတ်မှတ်ချိန်မှာ တာဝန်ကျေစွာ ပြန်လည်ပေးဆပ်ခဲ့တဲ့အတွက် ယခုနှစ်မိုးရာသီမှာ စိုက်ချိန်၊ ပျိုးချိန်မီ ပြန်လည်ငွေထုတ်ချေးပေးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်" ဟု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မလှိုင်ဘဏ်ခွဲ) မန်နေဂျာ ဦးငွေထွန်းက ပြောသည်။

မလှိုင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၂ အုပ်စု၊ ကျေးရွာပေါင်း ၂၄၇ ရွာရှိ ဒေသခံတောင်သူများကို ဇွန် ၅ ရက်ကစတင်ပြီး စပါးတစ်ဧကတစ်သိန်းနှုန်း၊ အခြားသီးနှံတစ်ဧကနှစ်သောင်းနှုန်းဖြင့် စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးခဲ့ရာ ဇူလိုင် ၂၁ ရက်တွင် တောင်သူဦးရေ ၁၄၂၀၂ ဦးအတွက် ချေးငွေ ကျပ်သိန်းပေါင်း ၂၃၆၈၅ ဒသမ ၂၀ ကို ကျေးရွာအားလုံးသို့ ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

**အထောက်အကူဖြစ်**

"ယခုလို စိုက်ပျိုးရာသီ အချိန်မီ ချေးငွေများထုတ်ချေးပေးဖို့ ကျွန်တော်တို့ ဒေသခံတောင်သူတွေအတွက် များစွာ အထောက်အကူ ဖြစ်စေပါတယ်။ ဒီလိုသာ အချိန်မီ အခါမီ အထောက်အပံ့တွေပေးမယ်၊ မိုးလေဝသကောင်းမယ်ဆိုရင် ကျွန်တော်တို့ တောင်သူတွေရဲ့ဘဝဟာ တိုးတက်ပြောင်းလဲလာမှာ အသေအချာပါပဲ။ တာဝန်ရှိသူများ အားလုံးကိုလည်း အထူး ကျေးဇူးတင်ပါတယ်" ဟု စိုက်ပျိုးစရိတ် လာရောက်ထုတ်ချေးသူ ပန်းအိုင်ကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောပြသည်။

**အောင်ငွေး(မလှိုင်)**

**ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ**

**❀ ရှေ့ဖုံးမှ**

၂၅ ဦးကို ရွေးချယ်ခဲ့သည်။

အဆိုပါ အလှမယ် ၂၅ ဦးက စင်မြင့်ထက်၌ စိတ်ကြိုက် ကိုယ်ဟန်ပြခြင်း၊ လမ်းလျှောက်ခြင်း ပြသကြသည်။ အလှမယ် ၂၅ ဦးသည် ဇူလိုင် ၂၇ ရက်မှစ၍ နေပြည်တော်၊ မကွေး၊ ရွှေစက်တော်၊ တောင်တွင်းကြီး၊ နတ်မောက်ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်တို့သို့ လေ့လာရေးခရီးအဖြစ် သွားရောက်ကြမည်ဖြစ်သည်။

Miss Golden Land Myanmar Organization က ကြီးမှူးကျင်းပသည့် Miss Golden Land Myanmar 2014 ပြိုင်ပွဲကြီးအတွက် အလှမယ် ၂၅ ဦးအနက်မှ ငါးဦးရွေးချယ်ပွဲကြီးကို ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ MCC ခန်းမ၌ ဩဂုတ် တတိယပတ်၌ ကျင်းပမည်ဖြစ်သည်။

**သတင်း-တင်စိုး(မြန်မာ့အလင်း)**

**◆ ရှေ့ဖုံးမှ**

ရွှေစင်ကိုကို၊ 2nd Runner Up ဆုကို ခါးနံပါတ် (၁၆) ယွန်းမှိုမှိုကျော်၊ Miss Famous ဆုကို ပြည်သူများကြားတွင် သရဖူရရှိမည်ဟု နာမည်ကြီးခဲ့သည့် ခါးနံပါတ်(၆) ဇွန်သံစဉ်ရရှိခဲ့ပြီး ၎င်းသည် Miss Beautiful Hair by Palmolive ဆုနှင့် Miss Healthy Skin ဆုအပါအဝင် ဆုသုံးဆုကို ဆွတ်ခူးရရှိခဲ့သည်။ Miss body perfect ဆုကို 2nd Runner Up ရရှိခဲ့သည့် ခါးနံပါတ်(၁၆) ယွန်းမှိုမှိုကျော် ထပ်မံရရှိခဲ့ပြီး Miss Attractive ဆုကို ခါးနံပါတ်(၁၃) အလှမယ်ပိုးကြာဖြူနှင့် Miss Congeniality ဆုကို ခါးနံပါတ်(၂) ရွှေစင်ကိုကိုက ထပ်မံရရှိခဲ့သည်။

"ကျွန်မ ဒီဆုကို ရရှိခဲ့တဲ့အတွက် အလွန်ပျော်ပါတယ်။ အတိုင်းမသိဝမ်းသာပါတယ်။ ကိုယ့်နိုင်ငံအတွက် ကိုယ်စားပြုသွားရောက်ပြီး ယှဉ်ပြိုင်ရတော့မယ်ဆိုတော့ ဒီထက်ပိုပြီးဂရုစိုက်နေထိုင်ရပါတယ်။ အတတ်နိုင်ဆုံးလည်း အောင်မြင်မှုရရှိအောင် ကြိုးစားသွားမှာပါ။ ဘယ်လိုအခက်အခဲမျိုး၊ ဘယ်အရာမျိုးမဆို ဇွဲမလျှော့ဘဲ ကြိုးစားသွားမှာပါ။ ဒီဆုရတဲ့အတွက်လည်း အားပေးတဲ့ပရိသတ်ကြီးရော၊ ကူညီထောက်ပံ့ပေးတဲ့ Miss Universe Myanmar 2014 Organization ကို အထူးကျေးဇူးတင်ပါတယ်။ အတတ်နိုင်ဆုံးနဲ့ အကောင်းဆုံးဖြစ်အောင် သူတို့နဲ့ပူးပေါင်းပြီး ကိုယ့်နိုင်ငံအတွက် ယှဉ်ပြိုင်ကြိုးစားသွားမှာပါ" ဟု Miss Universe Myanmar 2014 သရဖူဆုနှင့် Miss Myanmar -Thailand Friendship ဆုရှင် အလှမယ် သျှားထွဋ်အိန္ဒြာက ဆိုသည်။

မြန်မာနိုင်ငံတွင် ယခုလို ဒုတိယအကြိမ်ကျင်းပသည့် Miss Universe Myanmar 2014 ပြိုင်ပွဲကြီးတွင် ပြည်ပနိုင်ငံသို့ မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် သွားရောက်ယှဉ်ပြိုင်ရမည့် Miss Universe Myanmar 2014 သရဖူအလှမယ်ကို ငွေကျပ်သိန်း ၁၀၀၊ 1st Runner Up ဆုအတွက် ငွေကျပ်သိန်း ၅၀၊ 2nd Runner Up ဆုအတွက် ငွေကျပ် ၂၅ သိန်း၊ Miss HUAWEI ဆုအတွက် အမေရိကန်ဒေါ်လာ ၂၀၀၀၊ Miss Body Perfect ဆုအတွက် ငွေကျပ် ၁၀ သိန်း၊ Miss Healthy Skin ဆုအတွက် ငွေကျပ် ၁၀ သိန်း၊ Miss Congeniality ဆုအတွက် ငွေကျပ် ငါးသိန်း၊ Miss Beautiful Hair by Palmolive ဆုအတွက် အမေရိကန်ဒေါ်လာ ၁၀၀၀၊ Miss Attractive ဆုအတွက် အမေရိကန်ဒေါ်လာ ၁၀၀၀၊ Miss Myanmar Thailand Friendship ဆုအတွက် အမေရိကန်ဒေါ်လာ ၁၀၀၀ တို့ကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## မိုးရွာသည့်ကြားမှ သာကေတ(၁)ဈေး မီးလောင်

**သတင်းနှင့်ဓာတ်ပုံ**
**ကိုကြီးတင်**



**ရန်ကုန် ဇူလိုင် ၂၆**

မိုးကောင်းစွာ ရွာသွန်းနေသည့်ကြားမှပင် ဇူလိုင် ၂၆ ရက် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်က သာကေတမြို့နယ် ဇက်မလမ်းနှင့် မင်းနန္ဒာလမ်းထောင့်ရှိ အမှတ်(၁)ရပ်ကွက် (၁)ဈေးအတွင်း မီးလောင်မှုဖြစ်ပွားခဲ့သည်။

**စုံစမ်းနေ**

ဈေးအတွင်း (C)ရုံမှ ငါးပေဆိုင်ခန်းပေါင်း ၃၉ ခန်း မီးလောင်ကျွမ်းခဲ့သည်ဟု သိရသည်။ ဈေးပိတ်ထားချိန်ဖြစ်၍ မီးလောင်ရခြင်းအကြောင်းအရင်းနှင့် မည်သည့်ဆိုင်ခန်းမှ စတင်လောင်ကျွမ်းရခြင်းကို စုံစမ်းနေဆဲဖြစ်သည်။

မီးလောင်ရာသို့ မြို့နယ်အသီးသီးမှ မီးငြိမ်းသတ်ရေး ယာဉ် ၂၂ စီး၊ အုပ်ချုပ်မှုယာဉ်လေးစီး၊ အထောက်အကူပြုယာဉ် (သူနာပြုယာဉ်) ငါးစီးတို့ လာရောက်ခဲ့ကြသည်။

လောင်နေသော မီးအားကို ညနေ ၅ နာရီ မိနစ် ၂၀ ခန့်တွင် ထိန်းထားနိုင်ခဲ့ပြီး ညနေ ၅ နာရီ ၄၅ မိနစ်တွင် လုံးဝမီးငြိမ်းသွားခဲ့သည်။



ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ထင်လွှယ်မြင်လွှယ် -၃

မောင်ခင်မင်(ဓနုဖြူ)

"စကားဆက်ရရင်၊ ထင်လွှယ်မြင်လွှယ်ဖြစ်အောင် သုံးတဲ့စကားတွေထဲမှာ လူမှုကိစ္စအမျိုးမျိုးကိုအခြေခံပြီး တင်စားသုံးတဲ့စကားတွေလည်း ရှိသေးတယ်ကွဲ့။ စကားပြောရာမှာရော၊ စာရေးရာမှာရော တွင်တွင်ကျယ်ကျယ် သုံးတဲ့စကားတွေပဲ"

"ဘယ်လိုစကားမျိုးတွေပါလဲ ဆရာ"

"ဒါဆိုရင် သမီးကို တစ်ခုမေးမယ်။ သမီးဘတ်စ်ကားစီးပြီး ဂျာနယ်တိုက်ကို အလုပ်သွားတဲ့အခါ ဘတ်စ်ကားပေါ်မှာ ခရီးသည်တွေပြည့်ကျပ်နေလို့ မလှုပ်နိုင် မလှည့်နိုင်ဖြစ်ပြီး စိတ်မသက်မသာ စီးလာရတယ်ဆိုပါတော့။ အဲဒီအဖြစ်ကို သမီးက ညည်းပြီးပြောမယ်ဆိုရင် ဘယ်လိုညည်းမလဲကွယ်"

"သမီးစဉ်းစားမိပြီ။ ဟာ-ဘတ်စ်ကားကလည်းကျပ်လိုက်တာ ငါးပိသိပ်ငါးချဉ်သိပ်ပဲလို့ ညည်းမှာပေါ့ ဆရာ"

"အဲ. . ဟုတ်ပြီ။ ဘတ်စ်ကားပေါ်မှာ လူသိပ်ကျပ်တယ်လို့ ပြောရုံနဲ့ ထင်လွှယ်မြင်လွှယ်မဖြစ်ဘူးလေ။ 'ငါးပိငါးချဉ်သိပ်'လို့ ပြောလိုက်တော့ အိုးထဲမှာ ငါးပိငါးချဉ်တွေသိပ်ပြီး ထည့်ထားတာ မြင်ယောင်လာနိုင်တဲ့အတွက် ထင်လွှယ်မြင်လွှယ်ဖြစ်လာတာပေါ့ကွယ်။ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်ဆရာ။ ဒီလိုစကားမျိုးတွေ အများကြီးရှိမယ်ထင်တယ်နော်"

"ရှိတာပေါ့ကွယ်။ ကဲ. . . သားက အဲဒီလိုစကားမျိုးတစ်လုံးစဉ်းစားပြီး ပြောပါဦး"

"ဟုတ်ကဲ့။ စကားပြောတာ 'အစီအစဉ်မကျဘဲ ပရမ်းပတာဖြစ်နေရင်၊ သူစကားပြောတာ အိုးနင်းခွက်နင်းဖြစ်နေတယ်' လို့ ပြောတာမျိုးလား ဆရာ"

"ဟုတ်ပါတယ်ကွဲ့။ မီးဖိုခန်းထဲမှာ အိုးတွေခွက်တွေတက်နင်းမိပြီး ပရမ်းပတာဖြစ်သွားတာကို မြင်ယောင်လာနိုင်တဲ့စကားပဲလေ"

"ဒီစကားတွေက လူမှုကိစ္စအမျိုးမျိုးကို အခြေခံပြီး တင်စားသုံးတဲ့ စကားတွေလို့ ခုနဆရာပြောတာ ကျယ်ကျယ်ပြန့်ပြန့်ကလေး သိပါရစေဆရာ"

"ဩော်. . . ဒီစကားမျိုးတွေက သားတို့သမီးတို့ နေ့တိုင်းပြောနေ ရေးနေတဲ့စကားမျိုးတွေပါ။ အခု ဆရာအစဖော်ပေးလိုက်ရင် အများကြီး ထွက်လာမှာပါ။ ပထမဆုံး လူတွေရဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းတွေကို အခြေခံတဲ့စကားတွေ စဉ်းစားကြည့်ပါလား။ အများကြီးရှိတယ်"

"ကျွန်တော်ပြောကြည့်ပါ့မယ်။ လူကြီးဆီက အခွင့်အရေးရအောင် လုပ်တာကို 'မျက်နှာလုပ်တယ်'လို့ ပြောပါတယ်"

"သမီးလည်း ပြောပါ့မယ်။ အရှုံးပေးတာကို 'လက်မြှောက်တယ်'လို့ ပြောပါတယ်"

"ဟုတ်တာပေါ့ကွယ်။ လူ့ကိုယ်ခန္ဓာကိုယ်မှာ မျက်နှာဟာ အတင့်တယ်ဆုံး အရေးကြီးဆုံးအစိတ်အပိုင်းတစ်ခုပဲလေ။ ဒါကြောင့် မျက်နှာကိုအခြေခံပြီး အမျိုးမျိုးတင်စားသုံးတယ်။ မျက်နှာကို အခွင့်အရေးအဖြစ်တင်စားပြီး 'မျက်နှာလုပ်တယ်၊ မျက်နှာရတယ်၊ မျက်နှာလိုက်တယ်'ဆိုတာမျိုး သုံးတယ်။ မျက်နှာကိုဂုဏ်အဖြစ်တင်စားပြီး 'မျက်နှာကြီးတယ်၊ မျက်နှာငယ်တယ်'လို့ သုံးတယ်။ မျက်နှာကိုပေါင်းသင်းဆက်ဆံမှုအဖြစ် တင်စားပြီး မျက်နှာပွင့်တယ်၊ မျက်နှာနာတယ်၊ မျက်နှာပျက်တယ် ဆိုတာမျိုးသုံးတယ်။ 'မျက်နှာပြောင်တယ်၊ မျက်နှာလုပ်တယ်' ဆိုတာတွေက မျက်နှာရဲ့အခြေအနေကို အခြေခံတာပေါ့။ အဲ. . 'မျက်နှာလွှဲတယ်' ဆိုတာက မျက်နှာရဲ့ အမူအရာပေါ့ကွယ်။ အများကြီးရှိပါတယ်"

"နားလည်ပါပြီဆရာ"

"သမီးပြောတဲ့ 'လက်မြှောက်တယ်' ဆိုတဲ့စကားက အရှုံးပေးအညံ့ခံတဲ့ အမူအရာမဟုတ်လား။ ဒါကြောင့် အရှုံးပေးတာကို 'လက်မြှောက်တယ်' လို့ တင်စားတာပေါ့။ အဲဒီလိုပဲ၊ အကြောင်းအရာတစ်ခုခုကို ထင်မြင်ချက်မပေးဘဲ၊ ဘာမှမပြောဘဲနေရင် 'ရေငုံနေတယ်'၊ ကဲ့ရဲ့ရင် 'မေးငေါ့တယ်'၊ 'နှာခေါင်းရှုံ့တယ်'၊ စိတ်ကြီးဝင်နေရင် 'ခြေဖျားထောက်တယ်'၊ အလုပ်အကိုင်မြန်ဆန်ရင် 'လက်သွက်တယ်' စသည်ဖြင့် အမျိုးမျိုး တင်စားကြတယ်လေ"

"ဆရာဒါဆိုရင် 'ဝမ်းသာတယ်'၊ 'ရင်နာတယ်'၊ 'အသည်းစွဲတယ်'၊ 'နှလုံးသွင်းတယ်'ဆိုတဲ့ စကားမျိုးတွေက စိတ်ခံစားမှုတွေကို ဝမ်းတို့ ရင်တို့ အသည်းတို့ နှလုံးတို့နဲ့ တင်စားတာပေါ့နော်"

"ဟုတ်ပ့ါ၊ ဟုတ်ပ့ါ၊ သားက ကောင်းကောင်းသဘောပေါက်သွားပြီပဲ။ ကိုယ်ခန္ဓာအစိတ်အပိုင်းအားလုံးမှာ အဲဒီလိုတင်စားသုံးတဲ့ စကားတွေရှိတယ်လေ။ လျှောက်ပြောရင် ဆုံးမှာမဟုတ်တော့ဘူး။ ကိုယ့်ဘာသာ စဉ်းစားကြည့်ကြပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"ဒါက ကိုယ်ခန္ဓာအစိတ်အပိုင်းနဲ့ဆိုင်တဲ့ စကားတစ်မျိုးပဲရှိသေးတယ်။ တခြားလူမှုကိစ္စတွေကို အခြေခံပြီးတော့လည်း အဲဒီလိုတင်စားတဲ့ စကားတွေအများကြီးရှိသေးတယ်။ ကဲ. . တိရစ္ဆာန်တွေရဲ့ အမူအရာတို့၊ အကျင့်တို့ကို အခြေခံတဲ့စကားမျိုးတွေ စဉ်းစားကြည့်ကြစမ်း"

"ဟုတ်ကဲ့။ ထိတ်ထိတ်လန့်လန့်အမူအရာကို 'ကျီးလန့်စာစား' 'ကျီးကန်းတောင်းမှောက်' ဆိုတာမျိုး ပြောပါတယ်"

"သိပ်ဆော့လွန်းတဲ့ကလေးကို 'မျောက်ရှုံး'တို့ 'မျောက်မူးလဲ'တို့ ပြောပါတယ်"

"ရှေ့တိုးရအခက် နောက်ဆုတ်ရအခက်ဖြစ်နေရင် 'ကျားမြီးဆွဲမိပြီ'လို့ ပြောပါတယ်"

"တစ်ခုခု တိတ်တိတ်ကြံစည်နေရင် 'ဆင်ကြံကြံတယ်' လို့ ပြောပါတယ်။"

"လျို့ဝှက်ပြီးလုပ်ရင် 'ကြောင်လက်သည်းဝှက်'လို့ ပြောပါတယ်။"

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ သားနဲ့သမီး သိပ်တော်တာပဲကွယ်။ ဆရာလည်း တစ်လှည့်ပြောပါ့မယ်။ ကိုယ်ကျိုးအတွက် တခြားလူကိုအသုံးချရင် 'ခုတုံးလုပ်တယ်'လို့ သုံးတယ်မဟုတ်လား။ အသုံးအဆောင်ပစ္စည်းကို အခြေခံပြီး တင်စားတာပေါ့။ 'ဂယက်'တို့၊ 'ချောက်တွန်းတယ်'တို့၊ 'မိုးမမြင် လေမမြင်'တို့၊ 'တောင်တောင် မြောက်မြောက်'တို့ ဆိုတာတွေက မြေ၊ ရေ၊ လေ အရပ်မျက်နှာတွေကို အခြေပြုတင်စားတာတွေပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"ကဲ. . . လုပ်ငန်းအမျိုးမျိုးကို အခြေခံပြီး တင်စားတဲ့စကားတွေလည်း ရှိတယ်ကွဲ့။ အလုပ်တစ်ခုကို ညီညီညွတ်ညွတ်လုပ်ဖို့ တိုက်တွန်းရင် တက်ညီလက်ညီကြိုးစားကြလို့ ပြောတယ်မဟုတ်လား။ ဒီစကားက လှေပြိုင်ပွဲကလာတဲ့ စကားပေါ့ကွယ်။ တက်ညီလက်ညီလှော်တာက မူလအဓိပ္ပာယ်ပေါ့။ အဲဒီလိုပဲ တရားခံကို 'ပိုက်စိပ်တိုက်' ပြီးရှာနေတယ်ဆိုတာက ငါးဖမ်းတဲ့လုပ်ငန်းကလာတဲ့ စကားပေါ့။ 'အလုပ်တစ်ခုကို တာထွက်ကောင်းအောင်လုပ်ရင် ချောချောမောမော ပန်းတိုင်ရောက်မယ်' ဆိုတာက အပြေးပြိုင်ပွဲလို အားကစားပွဲကလာတာပါ။ 'ပြောပြပါဆိုမှ မင်းကစျေးကိုင်နေပြန်ပြီ'ဆိုတာက အရောင်းအဝယ်စကားကို တခြားကိစ္စမှာ တင်စားသုံးတာပေါ့"

"ဆရာ၊ ဒါဆိုရင် အလုပ်တစ်ခုကို ပရမ်းပတာလုပ်ရင် 'စည်းလွတ်ဝါးလွတ် လုပ်တယ်' လို့ပြောတာဟာ ဂီတပညာကို အခြေခံတဲ့စကားပေါ့နော်"

> **အဲဒီတော့ အခုပြောခဲ့တဲ့စကားတွေဟာ မူလက လူမှုကိစ္စတစ်ခုခုနဲ့ဆိုင်တဲ့ စကားတွေဖြစ်ပေမယ့် သုံးတဲ့အခါကျတော့ အဲ့ဒီကိစ္စနဲ့ မဆိုင်တဲ့တခြားကိစ္စတွေမှာ သုံးတယ်မဟုတ်လား။ အဓိပ္ပာယ်သဘောချင်းတူတဲ့ ကိစ္စတွေပေါ့။ အဲဒီလိုသုံးတာကို တင်စားသုံးတယ်လို့ ခေါ်တာပါ။**

"သမီးလည်း တစ်ခုစဉ်းစားမိလို့ပါ။ အိမ်ကိုဧည့်သည်တွေ ရုတ်တရက်ရောက်လာရင် ဆိုင်းမဆင့်ဘုံမဆင့်ရောက်လာတယ်လို့ပြောတာ ဇာတ်သဘင်စကားဖြစ်မှာပေါ့နော်"

"ဟုတ်ပါတယ်။ ဂီတမှာစည်းဝါးကိုက်အောင်တီးရဆိုရတာ၊ စည်းလွတ်ဝါးလွတ်ဆိုတော့ အထိန်းအသိမ်းမရှိတဲ့သဘောပေါ့။ ရှေးကပြဇာတ်တွေမှာ ဇာတ်ဆောင်တစ်ယောက်ယောက်က နောက်ကိုပြန်ဝင်ခါနီးမှာ ဆိုင်းဆရာကို ဆိုင်းဆင်းခိုင်းတယ်မဟုတ်လား။ အဲဒီလို ကြိုတင်မလုပ်ဘဲ ရုတ်တရက်ထလုပ်ရင် ဆိုင်းမဆင့်ဘုံမဆင့်တဲ့ သဘောပေါ့ကွယ်"

"စိတ်ဝင်စားစရာကောင်းတယ်နော် ဆရာ"

" 'ဒီလူကြီးကို သူ့မိန်းမက ကြိုးဆွဲနေတာ' ဆိုတဲ့ စကားကို ကြားဖူးတယ်မဟုတ်လား။ အဲဒီစကားက ရုပ်သေးစင်ကလာတာလေ။ ရုပ်သေးရုပ်ကို ခြေတွေ လက်တွေလှုပ်ရှားပြီးကအောင် နောက်ကကြိုးတွေကို ဆွဲရတယ်မဟုတ်လား။ အဲဒီသဘောမျိုး နောက်ကွယ်ကနေပြီး ဩဇာပေးတာ၊ ခိုင်းတာကို 'ကြိုးဆွဲနေတယ်'လို့ တင်စားတာပါ"

"ဟုတ်ကဲ့"

"တချို့စကားတွေကျတော့ မူလအဓိပ္ပာယ်ကို အလွယ်တကူမသိနိုင်ဘူး။ လေ့လာမှသိနိုင်တာတွေရှိတယ်။ ဆရာ နမူနာပြောမယ်။ တစ်ခုခုမပြောခင် နိဒါန်းချီတာကို 'စကားပလ္လင်ခံတယ်' လို့ သုံးတယ်။ ကြားဖူးတယ် မဟုတ်လား"

"ကြားဖူးပါတယ်ဆရာ"

"အဲ့ဒီစကားက ရှေးကပေစာရေးတဲ့လုပ်ငန်းကလာတာ။ ပေရွက်ငယ်မှာ ကညစ်နဲ့စာရေးရတယ်။ အပေါ်ဆုံးက ပေချပ်က စာအုပ်အဖုံးလို သုံးလေးရွက်ထပ်ပြီး ချုပ်ထားတာ၊ ပလ္လင်ချပ်လို့ခေါ်တယ်။ ပေထုပ်ကိုထိန်းဖို့ တစ်ဖက်တစ်ချက်အပေါက်ဖောက်ပြီး လျှိုထားတဲ့ တိုင်ကလေးနှစ်တိုင်ကို ပလ္လင်တိုင်လို့ခေါ်တယ်။ အဲ့ဒီပလ္လင်တိုင်နှစ်ခုကြား၊ ပလ္လင်ချပ်မှာစာရေးတာကို ပလ္လင်ခံတယ်လို့သုံးတယ်။ အဲဒီသဘောနဲ့ ဆက်ပြီး စကားကိုအစပျိုးတာ နိဒါန်းချီတာကို 'စကားပလ္လင်ခံတယ်'လို့ သုံးတာပဲကွဲ့"

"ဟုတ်ကဲ့ မှတ်ထားပါ့မယ် ဆရာ"

"နောက်တစ်လုံး ပြောရဦးမယ်။ ဒီနေ့ တွင်တွင်ကျယ်ကျယ်သုံးနေတဲ့ 'ဖူလုံတယ်' ဆိုတဲ့စကား။ 'လူမှုဖူလုံရေးတို့ ဘာတို့ပေါ့။ အဲဒါသုံးပုံဖဲလို့ခေါ်တဲ့ ဖဲကစားတဲ့အလုပ်ကလာတဲ့ စကားပဲ။ ဖဲချပ်တွေက လေးထောင့်သစ်သားပြားကလေးတွေပဲ။ ဖဲသုံးချပ်ကို တစ်ဖူလို့ခေါ်တယ်. . . တဲ့။ ဖဲ ၁၂ ချပ်၊ လေးဖူရရင်ဖူလုံတယ်' လို့ခေါ်တယ်။ ဖူလုံရင် ကိုယ်ရှုံးပေမယ့် အလျော် မပေးရဘူးတဲ့။ အဲဒီသဘောကို အခြေခံပြီး 'ပြည့်စုံလုံလောက်တာ' ကို ဖူလုံတယ်လို့ ခေါ်တာပဲကွဲ့"

"မှတ်သားစရာတွေပါပဲ ဆရာ"

"အဲဒီတော့ အခုပြောခဲ့တဲ့စကားတွေဟာ မူလက လူမှုကိစ္စတစ်ခုခုနဲ့ဆိုင်တဲ့ စကားတွေဖြစ်ပေမယ့် သုံးတဲ့အခါကျတော့ အဲ့ဒီကိစ္စနဲ့မဆိုင်တဲ့ တခြားကိစ္စတွေမှာ သုံးတယ်မဟုတ်လား။ အဓိပ္ပာယ်သဘောချင်းတူတဲ့ ကိစ္စတွေပေါ့။ အဲဒီလိုသုံးတာကို တင်စားသုံးတယ်လို့ခေါ်တာပါ။ ခုနပြောတဲ့ 'ဖူလုံ'ဆိုရင် သုံးပုံဖဲနဲ့ မဆိုင်တော့ဘူးလေ။ ဒီသဘောပါပဲ။ သုံးတဲ့နေရာမှာတော့ အဲဒီစကားတွေ ဘယ်ကလာတယ်ဆိုတာ သိသိမသိသိ ကိစ္စမရှိဘူးလေ။ ခုသုံးနေတဲ့အဓိပ္ပာယ်နဲ့ တွင်တွင်ကျယ်ကျယ်သုံးနေတာပဲ မဟုတ်လား။ အဲဒီစကားအားလုံးဟာ အကောင်အထည်မြင်သာတဲ့အတွက် ထင်လွှယ်မြင်လွှယ် ဖြစ်နေတာပေါ့ကွယ်"

"မှန်ပါတယ် ဆရာ"

"ကဲ နောက်ဆုံး အလေးအနက်ပြောရရင် ထင်လွှယ်မြင်လွှယ်ဖြစ်အောင် အကောင်အထည်နဲ့ပြတဲ့စကားမျိုးကို တို့ရဲ့ဘုရားရှင်ကိုယ်တော်တိုင် မိန့်ကြားခဲ့တဲ့ အစဉ်အလာရှိတယ်ဆိုတာပါပဲ။ ဘုရားဖြစ်ခါစ ဥဒါန်းကျူးတော်မူတဲ့ စကားကိုကြည့်လေ။ 'တဏှာယောက်ျား အသင်လက်သမား၊ အသင်သည် ငါ၏ခန္ဓာအိမ်ကို နောက်ထပ်တစ်ဖန် တည်ဆောက်ခွင့်မရှိပြီ' ဆိုတဲ့ စကားပေါ့။ အကောင်အထည်မရှိတဲ့တဏှာကို လက်သမားအဖြစ်၊ ခန္ဓာကိုအိမ်အဖြစ်တင်စားတာပဲ မဟုတ်လား။ ဒီအစဉ်အလာကြီးကို အစဉ်အဆက်သုံးလာကြတာ အထင်အရှားပဲ မဟုတ်လားကွယ်။ ကဲ. . . . 'ထင်လွှယ်မြင်လွှယ်' အကြောင်း ဒီလောက်နဲ့ အဆုံးသတ်ကြရအောင်နော်"။ ။

# တန်ပိုတင်ယာဉ်ကြောင့် တံတားပျက်စီးမှု ပြန်လည်ပြုပြင်ပြီး

**ဂန့်ဂေါ ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ်ခွဲအတွင်း ပခုက္ကူ-ပေါက်-ကျောက်ထု-ကံကြီး-မင်းတပ်လမ်းပေါ်ရှိ ဂုံဘိုဘေလီတံတားပေါ်တွင် တန်ပိုတင်ဆောင်ထားသော ၁၀ ဘီးယာဉ်တစ်စီး ဖြတ်သန်းမောင်းနှင်သောကြောင့် တံတားကျိုးကျပျက်စီးခဲ့မှုကို သက်ဆိုင်ရာရဲစခန်းက အမှုဖွင့်အရေးယူသောဖြစ်ရပ်တစ်ခု ဇူလိုင် ၂၀ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။



အဆိုပါ တံတားအမှတ် ၆/၇၈ ဂုံဘိုဘေလီတံတားသည် ပခုက္ကူ-ပေါက်- ကျောက်ထု-ကံကြီး-မင်းတပ်လမ်း မိုင် ၇၇/၅ နှင့် ၇၇/၆ ကြားတွင်တည်ရှိပြီး ပေ ၆၉၀ ရှည်လျားကာ တံတားခံနိုင်ဝန်မှာ ယာဉ်နှင့်ကုန် စုစုပေါင်း အလေးချိန် ၁၃ တန်ဖြစ်ကြောင်း သိရသည်။ ယင်းတံတားပေါ်တွင် ယာဉ်ငယ်များ ဖြတ်သန်းမောင်းနှင်နိုင်ပြီး ယာဉ်ကြီးများသွားလာရန် ချောင်းအတွင်း၌ လမ်းလွှဲပြုလုပ်ပေးထားသည့်အပြင် တံတားခံနိုင်ဝန်ကို သတိပေးဆိုင်းဘုတ်တပ်ဆင်ထားသော်လည်း အဆိုပါယာဉ်မှာ တန်ပိုတင်ဆောင်လျက် မဆင်မခြင်တံတားပေါ်မှ ဖြတ်သန်းမောင်းနှင်သောကြောင့် တံတားကျိုးကျ ပျက်စီးခဲ့သည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အဆိုပါ တံတားကျိုးကျပျက်စီးမှုကို ပြန်လည်ပြုပြင်ပြီးစီးခဲ့သဖြင့် ယာဉ်များပုံမှန်အတိုင်း ဖြတ်သန်းမောင်းနှင်လျက်ရှိနေပြီ ဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# နတ်တလင်း၌ စိန်ဖူးတော်နှင့် ဌာပနာကြုတ်ပျောက်ဆုံး

**နတ်တလင်း ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ မြို့မရဲစခန်းတွင် တာဝန်မှူး ရဲအုပ်ကျော်မိုး တာဝန်ထမ်းဆောင်နေစဉ် ဇူလိုင် ၂၄ ရက် ည ၇နာရီခန့်က နတ်တလင်းမြို့နယ် ထိန်သေးအုပ်စု ညောင်ကုန်း ကလေးရွာထိပ် မြို့မရပ်ကွက် ခေမာ ၂လမ်း၊ ၃လမ်းထိပ်၊ ဇီးကုန်းကလေးရပ်ကွက် အနောက်ပိုင်းထိပ်ရှိ မင်းကျောင်း ပရိယတ္တိ စာသင်တိုက်ဝင်းရှေ့ရှိ တည်ထားကိုးကွယ်သော ဆုတောင်းပြည့်အောင်ချမ်းသာ စေတီတော် ညဏ်တော် (ကိုးတောင်)ရှိ စိန်ဖူးတော်ပျောက်ဆုံးကြောင်း လာရောက်သတင်းပေး၍ သတင်းရရ ချင်း မြို့မရဲစခန်းစခန်းမှူး ဒုရဲမှူးမျိုးညွန့် ရဲအုပ်ကျော်မိုးနှင့်တပ်ဖွဲ့ဝင်များ စုံစမ်းစစ်ဆေးရာ မင်းကျောင်းစာသင်တိုက်ကျောင်း ဆရာတော် ဦးခေမာသီရိ သက်တော် (၅၆ နှစ်) ဝါတော် ၃၆ ဝါက ဇူလိုင် ၂၀ ရက် ညနေ ၄နာရီ၌ ရန်ကုန်မြို့သို့ ဆေးကုသရန် သွားရောက်ခဲ့ပြီး ဇူလိုင် ၂၄ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က ပြန်လည်ရောက်ရှိလာစဉ် ကျောင်းဝင်းရှေ့ရှိ ဆုတောင်းပြည့် အောင်ချမ်းသာ စေတီတော်မှစိန်ဖူးတော်မြတ်၊ ဌာပနာကြုတ်ပျောက်ဆုံးကြောင်း သိရသည်။ ဆရာတော် ဦးခေမာသီရိ၏ပြောပြချက်အရ ငွေနှင့်ကြေးစပ်၍ ပြုလုပ်ထားသောစိန်ဖူးဖြစ်ပြီး ဌာပနာကြုတ်တွင် ကာလတန်ဖိုး ၁၅ သိန်းခန့် ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။ ပြစ်မှုကျူးလွန်သူများကို အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# ဆက်သွယ်ရေးနည်းပညာတိုးတက်မြင့်မားလာခြင်းကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်လူမှုရေးကဏ္ဍအပေါ် အကျိုးကျေးဇူးများစွာသက်ရောက်နိုင်

**ရန်ကုန် ဇူလိုင် ၂၆**

၂၀၁၆ ခုနှစ်တွင် စမတ်ဖုန်းများ သုံးစွဲမှုသည် လက်ရှိအခြေခံဖုန်းများ သုံးစွဲမှုထက် ကျော်လွန်လာမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် သုံးစွဲမည့်လူဦးရေသည် ၅ ဒသမ ၆ ဘီလီယံသို့ ရောက်ရှိလိမ့်မည်ဖြစ်ကြောင်း၊ ဥရောပတိုက်တွင် စမတ်ဖုန်းသုံးစွဲသူပေါင်း ၇၆၅ သန်းသို့ ရောက်ရှိမည်ဖြစ်ပြီး ၎င်း၏လူဦးရေထက် များပြားလာမည်ဟုခန့်မှန်းရကြောင်း မကြာသေးမီက ပြုလုပ်သော Ericsson Myanmar ၏သတင်းစာရှင်းလင်းပွဲမှ သိရှိရသည်။

Ericsson ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက ၂၀၁၄ ခုနှစ် ပထမသုံးလပိုင်းအတွင်း ဖုန်းများအားလုံးရောင်းချမှု၏ ၆၅ ရာခိုင်နှုန်းမှာ စမတ်ဖုန်းများဖြစ်ကြောင်း၊ လက်ရှိအခြေအနေနှင့်နှိုင်းယှဉ်လျှင် စမတ်ဖုန်းဒေတာသုံးစွဲမှုသည် ၂၀၁၉ ခုနှစ်တွင် တစ်လအတွင်းသုံးစွဲမှုလေးဆခန့်ထက်ပို၍ များပြားလာနိုင်သဖြင့် ၂၀၁၃ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် ကာလအတွင်း မိုဘိုင်းဒေတာဆက်သွယ်ရေးသိပ်သည်းဆကျပ်တည်းလာမှုသည် ဆယ်ဆခန့်မြင့်မားလာနိုင်ကြောင်း ဆိုသည်။

MZM တိုးတက်ပြောင်းလဲလာမှုနှင့်အတူ မိုဘိုင်းဆက်သွယ်ရေးကျပ်တည်းမှုသည် ၁၀ ဆမျှမြင့်တက်လာမည်ဖြစ်ကြောင်း၊ ကွန်ရက်၏ကြံ့ခိုင်မှုစွမ်းရည်သည် အလွန်အရေးကြီးကာ ပိုမိုရှုပ်ထွေးသောစနစ်များကို ထိန်းထားနိုင်ပြီး အသုံးပြုသူများ၏အတွေ့အကြုံလိုအပ်ချက်များမှာလည်း မြင့်သထက်မြင့်မားလာမည်ဖြစ်၍ ယင်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မည်။ ကွန်ရက်များ၊ လုပ်ဆောင်ချက်များနှင့်စီးပွားရေးကို ထောက်ပံ့ပေးသောစနစ်ဖြစ်လာမည်။ အနာဂတ်စနစ်များပါဝင်လာမည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ပြောကြားသည်။

Ericsson Myanmar အနေဖြင့် ဆက်သွယ်ရေးနည်းပညာတိုးတက်မြင့်မားလာခြင်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများအပေါ် အကျိုးကျေးဇူး များစွာသက်ရောက်နိုင်မည်ဟုယုံကြည်ပါကြောင်း ဆိုသည်။ **ကြယ်စင်ဟန်**

✳ *ကျောဖုံးမှ*

ဇွဲကပင်အသင်းက ဒုတိယပိုင်းသွင်းဂိုးများဖြင့် အနိုင်ရရှိသွားသည်။ ပုံစံကောင်းရနေသည့် ချင်းယူနိုက်တက်အသင်းမှာ ယခုပွဲတွင် ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

**သွင်းယူ**

ဇွဲကပင်အသင်းမှာ ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များလည်း ဖန်တီးနိုင်ခဲ့သည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နှစ်သင်းစလုံး ခက်ခက်ခဲခဲကစားရပြီး ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် ဇွဲကပင်အသင်းက ပိုဖိကစားလာနိုင်ပြီး ၆၄ မိနစ်တွင် နိုင်နိုင်ကျော်က ဂိုးစတင်သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ဇွဲကပင် ကစားပုံပိုကောင်းလာပြီး ၇၈ မိနစ်တွင် တင်ဝင်းအောင်က ဒုတိယဂိုး သွင်းယူပေးခဲ့သည်။ ချင်းအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၉ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် မာတူနာက သွင်းယူခဲ့သည်။

သုဝဏ္ဏကွင်း၌ မနောမြေနှင့် ဇေယျာရွှေမြေအသင်း တို့ တစ်ဖက်လေးဂိုးစီသရေကျခဲ့သည်။ ယနေ့ပွဲတွင် YUSC ကွင်း၌ ရန်ကုန်နှင့် ရတနာပုံ၊ အောင်ဆန်းကွင်း၌ GFAနှင့် နေပြည်တော်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။



ဇွဲကပင်ယူနိုက်တက်အသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြစဉ်။

# ဆရာဝန်အသင်း သင်တန်းပို့ချမည်

**ရန်ကုန် ဇူလိုင် ၂၆**

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ်(CME) မှ အထွေထွေရောဂါကုဆရာဝန်များအတွက် Diagnostic Medical / Surgical Procedure Course for GPs (2014) သင်တန်းကို ဩဂုတ် ၁၆ ရက်မှ နိုဝင်ဘာ ၈ ရက်အထိ စနေ၊တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ သင်တန်းပို့ချမည်ဖြစ်သည်။

သင်တန်းတွင် ပါဝင်ကူညီမည့် ဆေးကုမ္ပဏီများ တွေ့ဆုံဆွေးနွေးလိုပါသဖြင့် ဩဂုတ် ၈ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)သို့ ကြွရောက်ကြပါရန်နှင့် သင်တန်းတက်ရောက်လိုသော အသင်းဝင်ဆရာဝန်များသည် ဩဂုတ် ၆၊ ၇ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ တက်ရောက်မည့်သူကိုယ်တိုင် အသင်းဝင်ကတ်၊ လိုင်စင်ဓာတ်ပုံသုံးပုံဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)တွင် စာရင်းသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# လုယက်မှုမှ ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်ဖမ်းဆီးပြီး စစ်ဆေးရာမှ အခြားခိုးမှုများပေါ်ပေါက်

**ရန်ကုန် ဇူလိုင် ၂၆**

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်နေ ကိုထွန်းထွန်းနိုင်သည် ဇူလိုင် ၁ ရက် နံနက် ၂ နာရီတွင် နေအိမ်အိမ်ရှေ့ခန်း၌ သူငယ်ချင်းဖြစ်သူကိုဇော်မျိုးနှင့်အတူ အိပ်နေစဉ် လူစိမ်းအမျိုးသားလေးဦး ရောက်ရှိလာပြီး ၎င်းတို့နှစ်ဦးကို ခြင်ထောင်စ၊ ပုဆိုးစများဖြင့် ပါးစပ်နှင့်လက်တို့ကို ချည်နှောင်၍ ဓားဖြင့်ထောက်ကာ ရွှေဆွဲကြိုးနှစ်ကုံး၊ ရွှေဆွဲပြား တစ်ခု၊နားကွင်းတစ်ခု၊ နားကပ်နှစ်ဖက်နှင့်ဆင်းကတ်ပါ လက်ကိုင်ဖုန်းနှစ်လုံး စုစုပေါင်း တန်ဖိုးငွေကျပ် ၁၀၈၀၀၀၀ တို့ကို ယူဆောင်သွားကြောင်း သိရသည်။

သို့ဖြစ်ရာ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့မရဲစခန်းက အမှုဖွင့်စုံစမ်းဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေ အငယ်ကောင်(ခ) ထွန်းထွန်း (၂၈နှစ်)(ဘ)ဦးမောင်သိန်းကိုဖမ်းဆီးရမိပြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ မဲကြီး(ခ)သူရထွန်း (ခ) သန်းလင်းထွန်း (၂၉နှစ်)(ဘ) ဦးစံသိန်း၊ ကျန်အမျိုးသားနှစ်ဦးတို့နှင့်အတူ ကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

ဖမ်းဆီးရမိသူ အငယ်ကောင်(ခ) ထွန်းထွန်းအား အခြားခိုးမှုများကျူးလွန်ထားခြင်းရှိ/မရှိ စစ်ဆေးရာ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် ၎င်းတစ်ဦးတည်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ ဘုန်းကြီးကျောင်း၌ အမျိုးသားတစ်ဦးထံမှ ငွေကျပ် ငါးသိန်း၊ ရွှေဆွဲကြိုးတစ်ကုံး၊ လက်စွပ်ငါးကွင်းတို့ကို ခိုးယူခဲ့မှု၊ ၂၀၁၄ ခုနှစ် ဧပြီ ၁၃ ရက်တွင် ဘိန်းမုန့်(ခ) ကျော်သူရနှင့်အတူ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်ရှိ နေအိမ်တစ်အိမ်အတွင်းမှ လက်ကိုင်ဖုန်းမျိုးစုံခြောက်လုံး၊ ဆွဲသီးပါရွှေဆွဲကြိုးတစ်ကုံး၊ လက်ကောက်တစ်ကွင်းတို့ကို ခိုးယူခဲ့မှု၊ ၂၀၁၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်(၁၂)ရပ်ကွက်နေ ဒေါ်တင်တင်မိုးသည် နေအိမ်၌ မိသားစုနှင့်အတူ အိပ်နေစဉ် လူစိမ်းအမျိုးသားများရောက်ရှိလာပြီး တုတ်၊ ဓားများဖြင့် ရိုက်နှက်ထိုးခုတ်ခဲ့ကြရာ မိသားစုဝင်လေးဦးတွင် ဒဏ်ရာများရရှိခဲ့မှု၊ အငယ်ကောင် (ခ)ထွန်းထွန်းသည် ကျော်ကြီး (ခ)အောင်သူ၊ တရုတ်လေး (ခ) သူရအောင်၊ မဲကြီး (ခ) သူရထွန်း (ခ) သန်းလင်းထွန်း၊ ဖိုးတုတ်၊ အခြားအမျိုးသားနှစ်ဦးနှင့်အတူ ကျူးလွန်ခဲ့မှု၊ ၂၀၁၄ ခုနှစ် ဧပြီလအတွင်းက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အထက(၁) ကျောင်းဝင်းရှိ နေအိမ်အတွင်းမှ ၎င်းတစ်ဦးတည်း ငွေကျပ် ၁၀ သိန်းခန့်နှင့် လက်ပတ်နာရီတစ်လုံးတို့ကို ခိုးယူခဲ့မှု၊ ၂၀၁၄ ခုနှစ် မေလအတွင်းက ဘိန်းမုန့် (ခ) ကျော်သူရနှင့်အတူ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ နေအိမ်တစ်အိမ်အတွင်းမှ ၃၂ လက်မ တီဗွီတစ်လုံးနှင့်ရီမုတစ်ခုတို့ ခိုးယူခဲ့မှု၊ ၂၀၁၄ ခုနှစ် ဇွန်လအတွင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏရှိ နေအိမ်တစ်အိမ်အတွင်းမှ ၎င်းတစ်ဦးတည်းဝင်ရောက်၍ ဆွဲသီးပါ ရွှေဆွဲကြိုးနှစ်ကုံး၊ ဟန်းချိန်းတစ်ခု၊ လက်စွပ်သုံးကွင်းတို့ကို ခိုးယူခဲ့မှုများ စစ်ဆေးပေါ်ပေါက်သဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။



အငယ်ကောင်(ခ) ထွန်းထွန်း၊ ဘိန်းမုန့်(ခ) ကျော်သူရ၊ကျော်ကြီး(ခ) အောင်သူ၊ တရုတ်လေး(ခ) သူရအောင်နှင့် အမှုများမှ သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများ။

အမှုများမှ ပြစ်မှုကျူးလွန်သူများအနက် အငယ်ကောင်(ခ) ထွန်းထွန်း၊ ကျော်ကြီး(ခ)အောင်သူ (ဘ) ဦးကျော်ဝင်းနိုင်နှင့် တရုတ်လေး (ခ)သူရအောင် (ဘ) ဦးလှမျိုးအောင်တို့အား ဖမ်းဆီးရမိခဲ့ပြီး ကျန်ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် အမှုများမှ သက်သေခံပစ္စည်းအချို့ ပြန်လည်သိမ်းဆည်း ရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် သပြေချောင်းအုပ်စု စိန်ရောင်ခြည်ကားဂိတ်၌ ဇူလိုင် ၂၆ ရက် နံနက်က တတိယအကြိမ်မြောက် ဝါတွင်းကာလ သံဃာ့ဒါနစုပေါင်းဆွမ်းလောင်းလှူပွဲ ကျင်းပရာ ဂေါပကအဖွဲ့ဝင်ဦးမြင့်သိန်း၏စီစဉ်မှုဖြင့် အလှူရှင် ဒါယကာ ဒါယိကာမများက သံဃာတော်များအား ဆွမ်းလောင်းလှူကြစဉ်။မောင်လွင်(တပ်ကုန်း)

# ဘောဂသိဒ္ဓိရပ်ကွက်ရှိ လူပျိုဆောင် အပျိုဆောင်များမှ ဝန်ထမ်းများအား တန်ဖိုးနည်းဖုန်းကတ်များဖြန့်ဝေ

**နေပြည်တော် ဇူလိုင် ၂၆**

နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်သည် ယနေ့နံနက် ၈ နာရီတွင် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်ရှိ လူပျိုဆောင်/အပျိုဆောင်များမှ အရာထမ်း၊ အမှုထမ်းများအား ဖုန်းကတ်များကို မဲနှိုက်စနစ်ဖြင့် ဖြန့်ဝေပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ဝန်ထမ်းအဆောင်များ၏ ရေ၊ မီး၊ မိလ္လာပိုင်းဆိုင်ရာများကို စစ်ဆေးသည်။

ဘောဂသိဒ္ဓိရပ်ကွက်မှ လူပျိုဆောင်/အပျိုဆောင် ၁၃၄ ဆောင်ရှိ ဝန်ကြီးဌာန အသီးသီးမှ ဝန်ထမ်း ၆၉၇၉ ဦးအား ပထမအကြိမ် တန်ဖိုးနည်းဖုန်းကတ် ၁၅၀၀ ကို မဲနှိုက်ဖြန့်ဝေပေးခဲ့သည်။ **(အောက်ပုံ)**

ဇမ္ဗူသီရိမြို့နယ် သိဒ္ဓိ(၉) ရပ်ကွက်ရှိ ဝန်ထမ်းများနှင့် မိသားစုဝင်များအား (၁၅)ကြိမ်အထိ တန်ဖိုးနည်းဖုန်း ၁၄၄၃၄ ကတ်ဖြန့်ဝေပေးခဲ့ပြီး (၁၆) ကြိမ်မြောက်တွင် ၄၄၁၄ ကတ်ကို ထပ်မံဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# အောင်ပန်းမြို့၌ ထရန်စဖော်မာပြိုလဲရာမှ ပေါက်ကွဲမှုဖြစ်

**ကလော ဇူလိုင် ၂၆**

ကလောမြို့နယ် အောင်ပန်းမြို့၌ ဇူလိုင် ၂၅ ရက် ည ၁၁ နာရီခန့်က ညောင်ပင်ထောင်ရပ်ကွက် ပြည်သာယာဈေးသွားလမ်း ပြည်သာယာဈေးအရှေ့ဘက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (စာတိုက်) အတွင်းရှိ ၂၀၀ ကေဗွီအေ အထွက် ၁၁ ကေဗွီ ထရန်စဖော်မာကို ထားရှိသော အောက်ခြေအမြင့် ခုနစ်ပေခန့်ရှိ အောက်ခံအုတ်ခုံမှာ ပတ်ဝန်းကျင်ရှိ ရေမြောင်းအတွင်း ရေဝပ်နေမှုကြောင့် အောက်ခြေမြေသား အစိုဓာတ်ရှိနေသဖြင့် မြေသားအိ၍ အုတ်ခုံပြိုကျရာမှ ထရန်စဖော်မာသည် အနောက်ဘက်သို့ လဲကျစဉ် ထရန်စဖော်မာတွင် တပ်ဆင်ထားသည့် ၁၁ ကေဗွီဓာတ်အားလိုင်းကြိုးသုံးချောင်းမှာ ဓာတ်တိုင်နှင့် ထိမိရာမှ ဓာတ်အားပြတ်တောက်မှုဖြစ်ကာ လေထုပေါက်ကွဲမှုကြောင့် အသံမြည်ဟိန်း၍ တုန်ခါမှုဖြစ်ကာ ထရန်စဖော်မာအနီး ၁၅ ပေခန့်အကွာရှိ အလျား ၄၅ ပေ၊ အနံ ပေ ၃၀ ခန့်ရှိ စာတိုက်၊ ကြေးနန်းရုံးအဆောက်အအုံရှိ ပြတင်းပေါက်မှန်များကွဲကြေသွားပြီး အဆောက်အအုံအဝင်တံခါး ကြိုးပဲ့ပျက်စီး၍ အဆောက်အအုံရှေ့ခြမ်း အမိုး ၁၂ ချပ် အနားများ တွန့်လိမ်သွားခဲ့သည်။အဆိုပါလေထုပေါက်ကွဲ၍ တုန်ခါမှုကြောင့် အောက်ခံအုတ်ခုံပြိုကျပျက်စီးပြီး စာတိုက်ကြေးနန်းပြတင်းပေါက်မှန်တံခါးများ ပျက်စီးခဲ့သည်။ ထရန်စဖော်မာအတွင်းရှိ ဗို့ ၄၀၀ Vushing Connection ပျက်စီးသည်ဟု ယူဆရကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လူ၊ တိရစ္ဆာန် သေဆုံးမှု တစ်စုံတစ်ရာမရှိဘဲ မီးခေတ္တပျက်တောက်မှုသာဖြစ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

ပြည်တွင်းသတင်း

# နိုင်ငံပိုင်သတင်းစာကို ကော်ပိုရေးရှင်းပုံစံပြောင်းလဲမှုသည် ပထမဆုံးဖြစ်ပြီး ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလတွင် အနှစ်သာရအရ လေးနက်သည့်လုပ်ဆောင်မှုဖြစ်

**နေပြည်တော် ဇူလိုင် ၂၆**

The Global New Light of Myanmar သတင်းစာ စက်ရုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ အဆိုပါ သတင်းစာတိုက်၌ ကျင်းပသည်။

သတင်းစာစက်ရုံသစ် ဖွင့်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Tateshi Higuchi၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဂျပန်နိုင်ငံ ကျိုဒိုသတင်းဌာန ဥက္ကဋ္ဌ မစ္စတာမာဆာကီဖူကူယာမနှင့် အဖွဲ့ဝင်များ၊ Global Direct Link ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Tateshi Higuchi နှင့် ဂျပန်နိုင်ငံ ကျိုဒိုသတင်းဌာန ဥက္ကဋ္ဌ မစ္စတာမာဆာကီဖူကူယာမတို့က သတင်းစာစက်ရုံသစ် ဖွင့်လှစ်နိုင်ခြင်းအတွက် ဝမ်းမြောက်စကားများ ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စက်တပ်ဆင်ရေး ဆောင်ရွက်ခဲ့သည့် ပြည်ပပညာရှင်များကို လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဂျပန်နိုင်ငံ သံအမတ်ကြီး၊ ကျိုဒိုသတင်းဌာန ဥက္ကဋ္ဌ မစ္စတာမာဆာကီဖူကူယာမနှင့် Global Direct Link ကုမ္ပဏီလီမိတက် အမှုဆောင်ဒါရိုက်တာ ဦးတင်ညွန့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သတင်းစာစက်ရုံသစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးနှင့် ကျိုဒိုသတင်းဌာနဥက္ကဋ္ဌတို့က စက်စတင်လည်ပတ်ရန် စက်ခလုတ်နှိပ်၍လည်းကောင်း ဖွင့်လှစ်ပေး ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သတင်းစာစက်ရုံသစ်အတွင်း သတင်းစာပုံနှိပ်နေမှုများကို လှည့်လည်ကြည့်ရှုကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ သတင်းစာစက်ရုံသစ်အတွင်း သတင်းစာ ပုံနှိပ်ရာမှ ထွက်ရှိလာသည့် သတင်းစာများကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

သတင်းစာစက်ရုံသစ်ကို ၂၀၁၃ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် ပန္နက်ချစတင်တည်ဆောက်ခဲ့ပြီး ယနေ့တွင် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါစက်ရုံ၌ ဂျပန်နိုင်ငံထုတ် Mitsubishi Lithopia 4 Hi Tower 3 Unit Offset အမျိုးအစားပုံနှိပ်စက်ကို တပ်ဆင်ထားပြီး စက်စွမ်းအားအနေဖြင့် Tabloid Size ၄၈ မျက်နှာ၊ Broadsheet Size ၂၄ မျက်နှာ ပုံနှိပ်ထုတ်ဝေနိုင်သည်။ ယင်းပုံနှိပ်စက်သည် တစ်နာရီလျှင် စောင်ရေ ၇၀၀၀၀ ရိုက်နှိပ်ထုတ်ဝေနိုင်ပြီး စက်ကို ဇန်နဝါရီ ၉ ရက်တွင် စတင်တပ်ဆင်၍ ဇွန် ၂၂ ရက်မှစပြီး စမ်းသပ်လည်ပတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ ထုတ်ဝေလျက်ရှိသည့် နိုင်ငံပိုင် The New Light of Myanmar သတင်းစာကို ယခုအတိုင်း ဩဂုတ် ၃၁ ရက်အထိ ဆက်လက် ထုတ်ဝေဖြန့်ချိသွားမည်ဖြစ်ပြီး ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စတင်၍ The Global New Light of Myanmar သတင်းစာအမည်ဖြင့် ဈေးကွက်ဝင် ယှဉ်ပြိုင်နိုင်သော သတင်းစာအဖြစ် ပြည်တွင်း၊ ပြည်ပ ထုတ်ဝေဖြန့်ချိ သွားမည်ဖြစ်ကြောင်း သိရသည်။

ယမန်နေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ဂျပန်နိုင်ငံ ကျိုဒိုသတင်းဌာနဥက္ကဋ္ဌ မစ္စတာမာဆာကီဖူကူယာမအား နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ လက်ခံတွေ့ဆုံခဲ့ပြီး မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ The Strand ဟိုတယ်၌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကျိုဒိုသတင်းဌာနတို့၏ ကူညီပံ့ပိုးမှုဖြင့် နိုင်ငံသားပိုင် Global Direct Link ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဆောင်ရွက်သော The Global New Light of Myanmar သတင်းစာစက်ရုံသစ် ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် ညစာစားပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က နိုင်ငံပိုင်သတင်းစာကို ယခုကဲ့သို့ ကော်ပိုရေးရှင်းပုံစံပြောင်းလဲမှုသည် မိမိတို့အတွက် ပထမဦးဆုံးသော အတွေ့အကြုံတစ်ခု ဖြစ်ပါကြောင်း၊ ယင်းပြောင်းလဲမှုသည် ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကာလတွင် အနှစ်သာရအရလေးနက်သည့် လုပ်ဆောင်မှုတစ်ခုဖြစ်ပြီး မီဒီယာဗဟုဝါဒအတွက် အလွန်အရေးကြီးသည့် တိုးတက်မှုတစ်ခုလည်း ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ကျိုဒိုသတင်းဌာန၏ အတွေ့အကြုံနှင့် ပံ့ပိုးမှုကိုအခြေခံကာ အတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများကိုလည်း မြှင့်တင်လုပ်ဆောင်ရန် လိုအပ်သကဲ့သို့ Global Direct Link ကုမ္ပဏီလီမိတက်နှင့် ပူးပေါင်းလုပ်ဆောင်ရာတွင် စိတ်အားထက်သန်စွာ လုပ်ဆောင်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

သတင်းအချက်အလက်ရရှိနိုင်မှု၊ မီဒီယာပိုင်ဆိုင်မှု၊ ပုံစံအမျိုးအစားစုံလင်မှု၊ သတင်းအချက်အလက်အမျိုးအစားစုံလင်မှု၊ စီးပွားရေးအရယှဉ်ပြိုင်နိုင်သော အခြေအနေရှိမှု၊ ခေတ်မီနည်းပညာများ ရရှိနိုင်မှုနှင့် အတတ်ပညာဆိုင်ရာ အရည်အသွေးရှိမှု၊ ကျင့်ဝတ်နှင့် တာဝန်သိမှုများသည် မိမိတို့နိုင်ငံ၏ မီဒီယာဖွံ့ဖြိုးမှုအတွက် မရှိမဖြစ်လိုအပ်သည့် အချက်များပင် ဖြစ်ပါကြောင်း၊ Global Direct Link ကုမ္ပဏီနှင့် ကျိုဒိုသတင်းဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် မိမိတို့၏ မီဒီယာရည်မှန်းချက်များကို တစ်ဖက်တစ်လမ်းမှ အကောင်အထည်ဖော် ဖြည့်ဆည်းပေးခြင်းပင် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ဂျပန်နိုင်ငံ ကျိုဒိုသတင်းဌာန ဥက္ကဋ္ဌ မစ္စတာ မာဆာကီဖူကူယာမနှင့် ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Tateshi Higuchi တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး Global Direct Link ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာဦးမောင်မောင်သန်းက သတင်းစာစက်ရုံသစ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ ညစာစားပွဲအခမ်းအနားသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျိုဒိုသတင်းဌာနနှင့် Global Direct Link ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ၊ စာနယ်ဇင်းဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

**ပုံနှိပ်စက်သည် တစ်နာရီလျှင် စောင်ရေ ၇၀၀၀၀ ရိုက်နှိပ်ထုတ်ဝေနိုင်ပြီး စက်ကို ဇန်နဝါရီ ၉ ရက်တွင် စတင်တပ်ဆင်၍ ဇွန် ၂၂ ရက်မှစပြီး စမ်းသပ်လည်ပတ်ခဲ့။**

**နိုင်ငံပိုင် The New Light of Myanmar သတင်းစာကို ယခုအတိုင်း ဩဂုတ် ၃၁ ရက်အထိ ဆက်လက်ထုတ်ဝေဖြန့်ချိသွားမည်ဖြစ်ပြီး ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စတင်၍ The Global New Light of Myanmar သတင်းစာအမည်ဖြင့် ဈေးကွက်ဝင် ယှဉ်ပြိုင်နိုင်သော သတင်းစာအဖြစ် ပြည်တွင်း၊ ပြည်ပ ထုတ်ဝေဖြန့်ချိသွားမည်။**

## တိုင်းရင်းသားများ၏ ပြည်လုံးကျွတ်အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ခေါင်းဆောင်များအစည်းအဝေး ဆက်လက်ကျင်းပ



**လိုင်ဇာ ဇူလိုင် ၂၆**

တိုင်းရင်းသားများ၏ပြည်လုံးကျွတ်အပစ်အခတ် ရပ်စဲရေး ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (NCCT) ခေါင်းဆောင်များအစည်းအဝေးကို ယနေ့တွင် ကချင်လွတ်မြောက်ရေးတပ်မတော် (ကေအိုင်အို) ဌာနချုပ် လိုင်ဇာ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ **(ဖဲပုံ)** KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးက အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။

KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌက အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်ပြီး အကြံပြုချက်များကိုလည်း ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား နိုင်ငံရေးဆွေးနွေးပွဲများ အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေးအတွက် ပထမအဆင့်အဖြစ် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးရန် နှစ်ဖက်တာဝန်ရှိသူများက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **စိုင်းထွန်းအောင်လွင်**

*✻ ကျောဖုံးမှ*

မကွေးတိုင်းဒေသကြီးတွင် နည်းပညာတက္ကသိုလ် (မကွေး)၊ မန္တလေးတိုင်းဒေသကြီးတွင် မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (ကျောက်ဆည်)၊ နည်းပညာတက္ကသိုလ်(မိတ္ထီလာ)၊ မွန်ပြည်နယ်တွင် နည်းပညာတက္ကသိုလ် (မော်လမြိုင်)၊ ရခိုင်ပြည်နယ်တွင် နည်းပညာတက္ကသိုလ်(စစ်တွေ)၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် နည်းပညာတက္ကသိုလ် (မုံရွာ)၊ နည်းပညာတက္ကသိုလ် (ပခုက္ကူ)၊ ရှမ်းပြည်နယ်တွင် နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)၊ နည်းပညာတက္ကသိုလ်(လားရှိုး)၊ နည်းပညာတက္ကသိုလ်(တောင်ကြီး)၊ နည်းပညာတက္ကသိုလ်(ပင်လုံ)၊ တနင်္သာရီတိုင်းဒေသကြီးတွင် နည်းပညာတက္ကသိုလ် (ထားဝယ်)၊ နည်းပညာတက္ကသိုလ် (မြိတ်)၊ ရန်ကုန်တိုင်းဒေသကြီးတွင် နည်းပညာတက္ကသိုလ် (သန်လျင်)၊ အနောက်ပိုင်းနည်းပညာတက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်စသည့် နည်းပညာတက္ကသိုလ်များ ရှိနေသည်။ **(မြန်မာ့အလင်း)**

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးသင်တန်းများဆင်း

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ဇူလိုင် ၂၅ ရက် နံနက် ၈ နာရီက ဝန်ထမ်းများ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၅၇)၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၈၇)သင်တန်းများဆင်းပွဲကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်က အမှာစကားပြောကြားခဲ့သည်။ ဖွင့်လှစ်ခဲ့သည် သင်တန်းများတွင် သင်တန်းသူ စုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မိုးလေဝသ အခြေအနေ**

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေမည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

ပြည်တွင်းသတင်း

# တက္ကသိုလ်တွေဆိုတာက ပညာရပ်ဆိုင်ရာအဝန်းအဝိုင်းကြီးကို အခိုင်အမာတည်ဆောက်တယ်

အင်တာဗျူး-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ-ဖိုးထောင်

## ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအောင်သူနှင့်တွေ့ဆုံခြင်း

၁၉၂၀ ပြည့်နှစ်က စတင်တည်ထောင်ခဲ့သော်လည်း ပထမနှစ်ဘွဲ့ကြိုတန်းများကို ဆယ်စုနှစ် နှစ်ခုကြာ ဖွင့်လှစ်ခြင်းမရှိခဲ့သည့် ရန်ကုန်တက္ကသိုလ်ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်ကို အဆင့်မြင့်တက္ကသိုလ် (Center of Excellence) ဖြစ်လာစေရန် ရည်ရွယ်ပြီး ဝိဇ္ဇာ-သိပ္ပံထူးချွန် ကျောင်းသား ၇၀၃ ဦးကို ပထမနှစ် ဘွဲ့ကြိုတန်းများတွင် တက်ရောက်ပညာသင်ခွင့်ပြုခဲ့သည်။ စတင်ဖွင့်လှစ်သည့်နှစ်မှာပင် နိုင်ငံတကာ ပညာရေးအသိုင်းအဝိုင်း၏ စိတ်ဝင်စားမှုကိုရရှိခဲ့ပြီး ကမ္ဘာ့ထိပ်တန်းစာရင်းဝင် အောက်စဖို့ဒ်တက္ကသိုလ်အပါအဝင် နိုင်ငံတကာတက္ကသိုလ်နှင့် ပညာရေးအဖွဲ့အစည်းပေါင်း ၁၃ ခုနှင့် ပညာရေးကိစ္စများ ပူးပေါင်းဆောင်ရွက်ရန် ရန်ကုန်တက္ကသိုလ်နှင့် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးပြီးဖြစ်သည်။ အဆင့်မြင့်တက္ကသိုလ်တစ်ခုဖြစ်လာစေရန် လိုအပ်သည့် ပြင်ဆင်မှုများ၊ တက္ကသိုလ်များ၏ အခန်းကဏ္ဍနှင့် ရန်ကုန်တက္ကသိုလ်၏ လက်ရှိဆောင်ရွက်နေမှုများအပေါ် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး။ ။ တက္ကသိုလ်တွေရဲ့ အဓိကတာဝန်ရှိမှုက ဘာလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ တက္ကသိုလ်တွေဆိုတာက ပညာရပ်ဆိုင်ရာ အဝန်းအဝိုင်းကြီးကို အခိုင်အမာတည်ဆောက်ပါတယ်။ ပညာရပ်တွေကိုပဲ တက္ကသိုလ်မှာ အဓိက လေ့လာပါတယ်။ နိုင်ငံတိုင်းမှာ သတ်သတ်မှတ်မှတ်သုတေသနတွေပြုလုပ်တဲ့နေရာဆိုလို့ တက္ကသိုလ်မှာပဲ ရှိပါတယ်။ နိုင်ငံတော်ရဲ့လိုအပ်ချက် (နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး) တွေကိုတွေ့ခဲ့ရင် တက္ကသိုလ်က ပညာရှင်တွေက သုတေသနလုပ်ပြီး လိုအပ်တာတွေကို ထောက်ပြပါတယ်။ ဘယ်လိုပြုပြင်ပေးသင့်တယ်ဆိုတာ အကြံပေးပါတယ်။ အသစ်ပြုပြင်တည်ဆောက်ဖို့ လိုအပ်ရင်လည်း တက္ကသိုလ်က ပြောပါတယ်။ နိုင်ငံ့အကျိုး အများအကျိုးကို သယ်ပိုးဖို့လုပ်နေတဲ့ နေရာကတော့ တက္ကသိုလ်ပဲဖြစ်ပါတယ်။ ဒီလိုလုပ်နိုင်ဖို့အတွက် တက္ကသိုလ်တွေမှာ academic autonomy (ပညာရေးဆိုင်ရာ ကိုယ်ပိုင်စီမံခန့်ခွဲခွင့်) ရှိဖို့လိုအပ်ပါတယ်။

**မေး။ ။ အခုလာမယ့် တက္ကသိုလ်ပညာသင်မှာ တက္ကသိုလ်ဝင်ခွင့်အတွက် ဝင်ခွင့်စာမေးပွဲဖြေရမယ်လို့ကြားနေရပါတယ်။ အဲ့ဒါရောဟုတ်ပါသလား။**

ဖြေ။ ။ ဒီနှစ် တက္ကသိုလ်ဝင်ခွင့်မှာတော့ အချက် (၄)ချက်ကို အဓိကထားပြီး ဆွေးနွေးတယ်။ (၁)ဒီနှစ်ကို ဝင်ခွင့်မလုပ်ဘူး။ (၂) ရှေ့နှစ်မှာ လုပ်မယ်။ (၃)ဦးစီးဌာနနဲ့ သက်ဆိုင်ရာတက္ကသိုလ်က ပါမောက္ခချုပ်တွေနဲ့ တာဝန်ရှိသူတွေက ဝင်ခွင့်စနစ်ကို တာဝန်ယူပြီးလုပ်ရမယ်။ (၄)အချက်ကတော့ ဝင်ခွင့်ပြင်မယ့်ကိစ္စကို မီဒီယာကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးပြီးလုပ်ဖို့ပေါ့။ ဒါတွေက တက္ကသိုလ်ဝင်ခွင့်အတွက် အစည်းအဝေးမှာ ဆုံးဖြတ်တဲ့ဆုံးဖြတ်ချက်ပါပဲ။ ဒီနှစ်မှာတော့ အရင်နှစ်တွေအတိုင်းပဲ ဝင်ခွင့်ကိုသတ်မှတ်ပါမယ်။

**မေး။ ။ ရန်ကုန်တက္ကသိုလ်ကို ဘယ်လိုအချက်တွေကြောင့် အဆင့်မြင့်တက္ကသိုလ် (COE-Center of Excellence) လို့ သတ်မှတ်ထားတာလဲဆိုတာ သိလိုပါတယ်။**

ဖြေ။ ။ COE လို့အမည်တပ်လိုက်တာနဲ့ ချက်ချင်း COE ဖြစ်တာမဟုတ်ပါဘူး။ လက်ရှိက ရန်ကုန်တက္ကသိုလ်ကို COE ဖြစ်အောင် ကြိုးစားနေတယ်ဆိုတဲ့ ပုံသဏ္ဌာန်ပဲရှိပါသေးတယ်။ ဘာသာရပ်အသီးသီးကို စွမ်းစွမ်းတမံဆောင်ရွက်ဖို့ ကြိုးစားဆဲကာလပဲလို့ ပြောချင်ပါတယ်။ နိုင်ငံတော်ကလည်း ပံ့ပိုးပေးနေပါတယ်။ မျှော်မှန်းတာက COE ထူထောင်လိုက်တဲ့အတွက် ထူးချွန်တဲ့ ပညာရှင်တွေ ပေါ်ထွက်လာနိုင်ပါမယ်။

ခုချိန်မှာ တွေ့နိုင်တာကတော့ သင်ကြားရေးစနစ်တွေပြောင်းနေပြီဆိုတာပါပဲ။ ကျောင်းသား ကျောင်းသူတွေမှာ ဝေဖန်ပိုင်းခြားနိုင်စွမ်း (Critical thinking)၊ ပြဿနာဖြေရှင်းနိုင်စွမ်း (Problem solving) တွေတိုးတက်လာနေပြီဆိုရင် ဒါသင်ကြားရေးစနစ် တိုးတက်ပြီ။ ဒီလထဲမှာပဲ သင်ရိုးညွှန်းတမ်းအဆင့်မြှင့်ဖို့ ကမ္ဘာ့အဆင့်ရှိတဲ့ နိုင်ငံခုနစ်နိုင်ငံ တက္ကသိုလ်ကြီးတွေနဲ့ ဆွေးနွေးနေပါတယ်။ ဒါဟာတကယ့်ကို ကြီးမားတဲ့ ပြောင်းလဲမှုပါပဲ။ အထိုက်အလျောက်ရင့်ကျက်လာပြီဆိုရင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုပိုများလာမှာ ဖြစ်ပါတယ်။ ရန်ပုံငွေဒီထက်ပိုရပြီဆိုတာနဲ့ နိုင်ငံတကာ တက္ကသိုလ်ကြီးတွေဆီ နိုင်ငံခြားပညာတော်သင်တွေ စေလွှတ်နိုင်မယ်။ အဲဒီကျောင်းသားတွေပြန်ရောက်လာရင် ကမ္ဘာ့အဆင့်မီတဲ့ ပညာရှင်တွေ ကိုယ့်ပြည်တွင်းမှာထွက်ပေါ်လာမယ်။

**မေး။ ။ COE တစ်ခုဖြစ်လာဖို့ ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေက ဘာတွေပါလဲ။**

ဖြေ။ ။ COE တစ်ခုဖြစ်လာဖို့ဆိုတာ သင်ရိုးညွှန်းတမ်းတွေ အဆင့်မြှင့်ဖို့လိုပါမယ်။ သုတေသနအားကောင်းအောင် လုပ်ဖို့လိုပါမယ်။ ဘာသာရပ်တစ်ခုခုမှာ တကယ့်ကို စွမ်းစွမ်းတမံထူးချွန်နေဖို့ လိုပါမယ်။ နိုင်ငံတကာပညာရှင်တွေရဲ့ နှီးနှောဖလှယ်ပွဲတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ ကိုယ့်ပြည်တွင်းမှာ ကျင်းပပေးဖို့ လိုပါတယ်။

နိုင်ငံတကာမှာရှိတဲ့ တက္ကသိုလ်တွေမှာ **autonomous** (ကိုယ်ပိုင်စီမံခန့်ခွဲခွင့်) ဆိုတာရှိပါတယ်။ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ လုပ်မယ့်ပုဂ္ဂိုလ်ကို သုတေသနစာတမ်းမရရင်မခန့်ဘူး။ ခန့်ရင်လည်း သက်တမ်းတစ်ခုနဲ့ပဲခန့်ပါတယ်။ ဒီတော့ ဆရာတွေကြားမှာလည်း ယှဉ်ပြိုင်မှုက အမြဲတမ်းရှိနေပါတယ်။ စာကိုမပြတ်လုပ်နေ၊ လေ့လာနေရတယ်။ ဒီလိုမပြတ် လေ့လာတဲ့အတွက် သုတေသနရလဒ်ကောင်းတွေ ထွက်လာပါတယ်။ နိုင်ငံတကာအဆင့် သုတေသန စာတမ်းတွေပေါ်လာအောင် ဆရာတို့မှာရှိတဲ့ ပစ္စည်းကိရိယာတွေ မပြည့်စုံပေမယ့် ပြည့်စုံပြီးသား ပြည်ပတက္ကသိုလ်တွေနဲ့ ပူးပေါင်းသုတေသနတွေ လုပ်နေရပါတယ်။ ပြဿနာရှိရင် ဖြေရှင်းဖို့ ကြိုးစားရမှာကအဓိကပဲ။ ဒါကြောင့် တက္ကသိုလ်ရဲ့ ကိုယ်ပိုင်စီမံခန့်ခွဲခွင့်က အဓိကလို့ ပြောချင်ပါတယ်။



ဒေါက်တာအောင်သူ
(ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်)

**မေး။ ။ ဒါဆို တက္ကသိုလ်တွေမှာ သုတေသနက အရေးကြီးတယ်ပေါ့။**

ဖြေ။ ။ ကျွန်တော့်အနေနဲ့ ပြောရမယ်ဆိုရင် တချို့တက္ကသိုလ်တွေက teaching oriented (သင်ကြားရေးကို အဓိကပြု)ပြီး တချို့တက္ကသိုလ်တွေက research oriented ဖြစ်ပါတယ်။ သိပ္ပံရော၊ ဝိဇ္ဇာပါ အကုန်လုံးက သုတေသနရှိတာပဲ။ သုတေသနနဲ့တော့ ကင်းလို့မရပါဘူး။ ကမ္ဘာ့အဆင့်မီတက္ကသိုလ်အဖြစ် တိုင်းတာမယ်ဆိုရင်တော့ သုတေသနစာတမ်းပေါင်း ဘယ်လောက်ရှိသလဲဆိုတာနဲ့ တိုင်းတာကြပါတယ်။ ကမ္ဘာ့အဆင့် တက္ကသိုလ်တွေက သုတေသန အဓိကပြုတဲ့ တက္ကသိုလ်တွေပဲ။

**မေး။ ။ အပြင်ပိုင်း အဆောက်အအုံပြင်ဆင်မှုတွေသာမကဘဲ ပညာရေးမြှင့်တင်မှုအပိုင်းမှာရော ဘယ်လိုဆောင်ရွက်နေပါသလဲခင်ဗျာ။**

ဖြေ။ ။ ပညာရေးမြှင့်တင်မှု ဘာတွေလုပ်ထားသလဲဆိုတာက တစ်ခုချင်းစီပြောမှ ဖြစ်မှာပါ။ ပညာရေးမြှင့်တင်မှုရဲ့ အဓိက ကဏ္ဍမှာ တစ်ခုတည်းပြီးတာမဟုတ်ပါဘူး။ အခုမြင်ရတဲ့မီးတွေ၊ လမ်းတွေဆိုတာတောင် လက်ရှိအနေအထားမှာ ပြီးပြည့်စုံသေးတာ မဟုတ်ပါဘူး။ နိုင်ငံတော်ကတော့ အခြေခံအဆောက်အအုံ (Infrastructure) တွေအတွက် ငွေကြေးရန်ပုံငွေ အမြောက်အမြားသုံးပြီး ပညာရေးပြုပြင်ပြောင်းလဲဖို့ လုပ်နေပါတယ်။ COE ရှိတဲ့ တက္ကသိုလ်တွေအတွက် ဘတ်ဂျက်ရန်ပုံငွေတွေ အမြောက်အမြားသုံးလာပါတယ်။

တက္ကသိုလ်ဝင်တန်းမှာ အမှတ်ကောင်းပြီး ထူးချွန်တဲ့ကျောင်းသားတွေကို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာစပြီး ခေါ်လိုက်ပါတယ်။ အမှတ် ၄၉၀၊ ၅၀၀ ရတဲ့သူတွေများတော့ ဘာသာတိုင်းကို ထူးချွန်ကြပါတယ်။ အင်္ဂလိပ်လိုလည်း ပြောနိုင်ဆိုနိုင်တဲ့အတိုင်းအတာထိ ရှိကြပါတယ်။ ခွဲခြားတယ်လို့မြင်ချင်လည်း မြင်မှာပေါ့လေ။ ကျောင်းဘက်က ဘာပြန်လုပ်ပေးဖို့လိုလဲဆိုတော့ ဝန်ထမ်းတွေတိုးတက်အောင် လုပ်ပေးရပါမယ်။ နိုင်ငံတကာနဲ့ MoU ထိုးလို့ရလာတဲ့ အကျိုးကျေးဇူးတွေကတော့ ဌာနအသီးသီးက နိုင်ငံတကာကို ဥဒဟိုသွားလို့ရပါတယ်။ ဒါတွေက ရန်ကုန်တက္ကသိုလ်မှာရှိတဲ့ ဆရာတွေကို upgrade လုပ်တာပဲ။ အချိန်တစ်ခုတော့ စောင့်ရလိမ့်မယ်။ staff developing ကတော့ ဆရာထင်ပါတယ်။ လေး၊ ငါးနှစ်လောက်ကြာရင်တော့ တောင့်တင်းလာပါမယ်။ ထူးချွန်ကျောင်းသားကတော့ ဆယ်နှစ်လောက်ကြာလိမ့်မယ်။

**မေး။ ။ နိုင်ငံခြား ပညာရှင်တွေ ရန်ကုန်တက္ကသိုလ်မှာ ဟောပြောပွဲတွေ၊ သင်ခန်းစာပို့ချချက်တွေ လာလုပ်ပေးနေတာ တွေ့ရတယ်။ ပထမနှစ် COE တွေကို သူတို့အမြင်က ဘယ်လိုရှိပါသလဲ။**

ဖြေ။ ။ ဘယ်လိုမှတ်ချက်မျိုး ပေးသလဲဆိုတော့ ထူးချွန်ကျောင်းသားတွေ အလွန်တော်တယ်ပြောကြပါတယ်။ သူတို့မှာသိချင်၊ တတ်ချင်တဲ့စိတ်ရှိတယ်။ နိုင်ငံခြားပညာရှင်တွေလာတိုင်းသူတို့ သိချင်တာ မေးမြန်းတယ်။ ပြန်ဖြေတာတွေကို ထောက်ပြဆွေးနွေးပါတယ်။ ဒါကြောင့် နိုင်ငံခြားသားတွေက မြန်မာပြည်အနာဂါတ်အတွက် ထူးချွန်ကျောင်းသားတွေကို အားရတယ်။ ပထမနှစ် ထူးချွန်ကလေးတွေကို မဟာတန်းကလေးတွေထက် ပိုအားရတယ်လို့ ပြောကြပါတယ်။ အောက်စဖို့ဒ်တက္ကသိုလ်က မိုးလေဝသပညာရှင်လာပြီး ဟောပြောတုန်းကဆိုရင် IR က ကလေးတွေမေးတာကို ဟောပြောတဲ့ဆရာကိုယ်တိုင်ကချီးကျူးပြီး သူ့ရဲ့ Literature တွေ သွားပေးတာမျိုးဖြစ်ခဲ့ပါတယ်။ ကလေးတွေကပြောရဲ၊ ဆိုရဲ သိချင်တာမှန်သမျှကို မေးမြန်းရဲပါတယ်။ ဒီတော့ကျွန်တော်တို့ရဲ့ ကြီးမားတဲ့တာဝန်က အဲဒီထူးချွန်ကျောင်းသားတွေကို မြေတောင်မြှောက်မယ်ဆိုတဲ့ အရှိန်ကို ဆက်ထိန်းပြီးတော့ မြင့်မြင့်မားမားနဲ့ မြေတောင်မြှောက်ဖို့လိုပါမယ်။

**မေး။ ။ ရန်ကုန်တက္ကသိုလ်ကို အဆင့်မြင့်တက္ကသိုလ်တစ်ခုဖြစ်လာဖို့ ဆောင်ရွက်နေချိန်မှာ ပြင်ပနိုင်ငံက အဆင့်မြင့်တက္ကသိုလ်၊ ဒါမှမဟုတ် ပြင်ပပညာရှင်တွေက အကြံပြုချက်တွေ၊ ဝေဖန်မှုတွေရော ရှိပါသလား။**

ဖြေ။ ။ ရန်ကုန်တက္ကသိုလ်နဲ့ ပတ်သက်ပြီး ဘာတွေလိုအပ်တယ်ဆိုတာကို ဩစတြေးလျက ပညာရှင်တွေလာရောက်လေ့လာပြီး သူတို့ရဲ့ သုံးသပ်ချက်တွေပါတဲ့ စာအုပ်တစ်အုပ် ရေးသားခဲ့ပါတယ်။ ဝန်ကြီးဌာနကလည်း ဒါကိုကြည့်ရမယ်။ သူများတွေကပြောရင် ကိုယ့်မှာဘာလိုသလဲဆိုတာကို သိရမယ်။ သိပြီးရင် ပြုပြင်ရမယ်။ ဒါနဲ့ပတ်သက်ပြီး ထောက်ပြထားတာ (၂၆)ချက်ရှိပါတယ်။ ဒီအချက်တွေထဲက တော်တော်များများက အဆင့်မြင့်ပညာရေးဥပဒေကြမ်း ထွက်လာရင်တော့ ပြင်ဆင်နိုင်မှာတွေ အများကြီးပါလာမှာပါ။

**မေး။ ။ ဒါဆိုရင် ဆရာကြီးက ဒီအစီရင်ခံစာထဲက အချက်တွေကို အကောင်အထည်ဖော်သွားဖို့ ရှိတယ်ပေါ့။**

ဖြေ။ ။ ကျွန်တော့်ဘက်ကတော့ စာတွေအကုန်ဖတ်ပြီး ရန်ကုန်တက္ကသိုလ်ကြီးအတွက် လုပ်သင့်တာနဲ့ လုပ်လို့ရတာမှန်သမျှ အားလုံးကို လုပ်သွားမှာပါ။

**မေး။ ။ နိုင်ငံတကာက ရန်ကုန်တက္ကသိုလ်နဲ့ ဘယ်ပညာရပ်တွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ စိတ်ဝင်စားပါသလဲ။**

ဖြေ။ ။ နိုင်ငံတကာတက္ကသိုလ်နဲ့ ပညာရေးအဖွဲ့အစည်းတော်တော်များများကတော့ Social Science လူမှုသိပ္ပံဘာသာရပ်တွေနဲ့ ပတ်သက်လို့ ပိုပြီးပူးပေါင်းလိုပါတယ်။ ပိုပြီးစိတ်ဝင်စားတယ်ပေါ့။ အရင်ကတော့ ပူးပေါင်းဆောင်ရွက်မှုသိပ်မရှိဘူး။ လူမှုဗေဒဘာသာရပ်ကြီးက ကမ္ဘာ့ရှေ့တန်းကို မထင်မှတ်ဘဲနဲ့ရောက်လာပြီး ကျွန်တော်တို့နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးမှာလည်း လူမှုဗေဒပညာရပ်က လိုလားပါတယ်။ ဥပမာပြောရရင် ဥပဒေပညာရှင်တွေ အများကြီးလိုလာပါတယ်။ IR (နိုင်ငံတကာ ဆက်ဆံရေး) သမားတွေ လိုလာပါတယ်။

**မေး။ ။ အခု ပထမနှစ်တက်နေတဲ့ COE ကျောင်းသားတွေဘက်ကတော့ လူမှုသိပ္ပံနယ်ပယ်က ဘာသာရပ်တွေကို အထူးပြုလျှောက်ကြသလား။**

ဖြေ။ ။ မနှစ်ကတော့ လျှောက်တာများတယ်လို့ထင်ပါတယ်။ ပိုပြီးတော့ လူကြိုက်များနေတာကတော့ ဥပဒေပညာရပ်ရယ်၊ နိုင်ငံတကာဆက်ဆံရေးနဲ့ နိုင်ငံရေးသိပ္ပံဘာသာရပ်တွေကို ပိုပြီးတော့ စိတ်ဝင်စားမှုများကြတယ်။ ဒီဘာသာရပ်တွေက ခေတ်ကာလအခြေအနေအရပေါ့။ လူမှုသိပ္ပံမှာက မနုဿဗေဒအပါအဝင် အခြားဘာသာရပ်တွေလည်း ရှိသေးတယ်။ ဘာသာရပ်တိုင်းကတော့ အကုန်လုံး အရေးကြီးတာပေါ့။

**မေး။ ။ မနှစ်ကတော့ နိုင်ငံရေးသိပ္ပံကို ဘာသာရပ်အသစ်အဖြစ် ပြဌာန်းတယ်ဆိုတော့ ဒီနှစ်မှာရော အရင်နှစ်က အထူးပြုဘာသာရပ် ၂၀အပြင် ဘာသာရပ်အသစ်တွေ တိုးချဲ့ဖွင့်လှစ်ဖို့ရှိပါသလား။**

ဖြေ။ ။ အမှန်က ပွင့်ပွင့်လင်းလင်း ပြောကြေးဆိုရင် ကျွန်တော်ကတော့ Sociology (လူမှုဗေဒ) ဘာသာရပ်ကို ထည့်ဖို့လိုအပ်တယ်လို့ထင်ပါတယ်။ ဒါက နိုင်ငံတကာမှာ အလွန်ခေတ်စားနေပါတယ်။ အခု နိုင်ငံတကာက လာဆွေးနွေးကြတဲ့အထဲမှာ အဲဒီဘာသာရပ်သင်ရိုးက ပါတယ်။ ဒါပေမယ့် ကိုယ့်ဆီမှာ ဘာသာရပ်အသစ်ကို သင်ကြားဖို့လိုအပ်တဲ့ အရင်းအမြစ်တွေ မရှိဘဲဖွင့်လိုက်လို့ရှိရင် ပထမနှစ်အတွက် မခက်ခဲပေမယ့် ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်တွေအတွက် ဖွင့်ဖို့ ခက်ခဲနိုင်ပါတယ်။

ရန်ကုန်တက္ကသိုလ်တွင် ဝိဇ္ဇာအထူးပြုဘာသာရပ် ၁၂ ခု၊ သိပ္ပံအထူးပြုဘာသာရပ်ရှစ်ခုကို သင်ကြားပေးလျက်ရှိသည့်အပြင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ လူမှုသိပ္ပံ၊ ဘူမိဗေဒ၊ နိုင်ငံတကာ ဆက်ဆံရေး၊ ဥပဒေ၊ အရှေ့တိုင်းပညာ၊ ပထဝီဘာသာရပ်များနှင့် သက်ဆိုင်သည့် မဟာတန်းနှင့် ဒီပလိုမာသင်တန်းများဖွင့်လှစ်သင်ကြားပေးနေသည်။

**ပါမောက္ခချုပ် ဒေါက်တာအောင်သူ၏ ကိုယ်ရေးအကျဉ်း**

ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ အောင်သူအား ၁၉၅၅ ခုနှစ်တွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်၌ မွေးဖွားခဲ့သည်။ ၁၉၇၂ တွင် ရေစကြိုအထကမှ အထက်တန်း အောင်မြင်ခဲ့သည်။ ယင်းနှစ်တွင်ပင် နိုင်ငံလုံးဆိုင်ရာ သင်္ချာလူရည်ချွန်ဆုပြိုင်ပွဲတွင် သင်္ချာလူရည်ချွန်ဆုကို ရရှိခဲ့ပြီး ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တွင် အခြေခံသိပ္ပံပညာရည်ချွန်ဆု (သင်္ချာ) ဖြင့် တက်ရောက်ပညာသင်ကြားခွင့်ရရှိခဲ့သည်။ သိပ္ပံဘွဲ့ကို ၁၉၇၇ ခုနှစ်၌ လည်းကောင်း၊ မဟာသိပ္ပံဘွဲ့ကို ၁၉၈၂ ခုနှစ်နှင့် ပါရဂူဘွဲ့ကို ၂၀၀၁ ခုနှစ်၌ ရန်ကုန်တက္ကသိုလ်မှရရှိခဲ့သည်။

ဒေါက်တာ အောင်သူသည် ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၅ ခုနှစ်အထိ နိုင်ငံတွင်းတက္ကသိုလ်များရှိ သင်္ချာဌာနများတွင် ပညာရပ်ဆိုင်ရာဆရာအဖြစ် နည်းပြမှပါမောက္ခအထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းကာလများတွင် ပါရဂူကျမ်း ၂၀ ကျော်ကို ကျမ်းကြီးကြပ်သူအဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၀၅ ခုနှစ် နိုဝင်ဘာလတွင် ကျောက်ဆည်တက္ကသိုလ်၌ ဒုတိယပါမောက္ခချုပ်အဖြစ် ပြောင်းလဲခန့်အပ်ခံရသည်။ ယင်းနောက် အဆင့်မြင့်ပညာဦးစီးဌာန အောက်မြန်မာပြည်တွင် ဒုတိယ ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း၊ တောင်ငူတက္ကသိုလ်တွင် ၂၀၀၈ ခုနှစ်မှစတင်၍ ပါမောက္ခချုပ် အဖြစ်လည်းကောင်း တာဝန် ထမ်းဆောင်ခဲ့သည်။ ဒေါက်တာအောင်သူသည် ပြည်သူ့လွှတ်တော် အမျိုးသားပညာရေးဥပဒေရေးဆွဲရေး ကော်မတီနှင့် အဆင့်မြင့်ပညာရေးဥပဒေ ရေးဆွဲရေး ကော်မတီများတွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

---

❒ *ကျောဖုံးမှ*

ကုန်သွယ်ရေးစခန်းသစ် ထပ်မံတည်ဆောက်ရန် မူလကစီစဉ်ထားခြင်းမရှိသော်လည်း ကုလားတန်ဖြစ်ကြောင်း စီမံကိန်းရှိ ကုန်ပစ္စည်းသယ်ဆောင်စစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်မှုနှင့်အတူ ယခုလို စခန်းသစ်များ ထပ်မံဖွင့်လှစ်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်း၏အဓိက ကုန်သွယ်ရေး လမ်းမကြီးဖြစ်မည့် ပလက်ဝ-ကလက်ဝ(မြိတ်ဝ) ကားလမ်း တည်ဆောက်ရေးကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံ မက်စ်မြန်မာ ကုမ္ပဏီလီမိတက်နှင့် အိန္ဒိယနိုင်ငံ IRCON ကုမ္ပဏီ (Indian Railway Construction Company Limited) တို့ပူးပေါင်း၍ အကြိုအင်ဂျင်နီယာလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

၂၀၀၉ ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အဆိုပါစီမံကိန်း၏လုပ်ငန်းအားလုံးပြီးဆုံးပါက စီမံခန့်ခွဲ၊ ထိန်းသိမ်းအုပ်ချုပ်ရေးပိုင်းကို မြန်မာနိုင်ငံအစိုးရက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး အိန္ဒိယအစိုးရက ကုန်စည်ဖြတ်သန်း ပို့ဆောင်ခကို ပို့ကုန်တန်ဖိုး၏ ၂ ဒသမ ၅ ရာခိုင်နှုန်းပေးဆောင်ရန် သတ်မှတ်လျက်ရှိကြောင်း ပြည်တွင်းသတင်းဌာနတစ်ခုက ဖော်ပြထားသည်။

**စီစဉ်ဆောင်ရွက်**

မြန်မာနိုင်ငံ ဘက်ခြမ်းတွင် စခန်းများတည်ဆောက်ရန် စီစဉ်ထားခြင်းအပေါ် အိန္ဒိယနိုင်ငံမီဇိုရမ်းပြည်နယ် အစိုးရမှကြိုဆိုကြောင်း၊ ထို့အတူ ချင်းပြည်နယ် မြိတ်ဝနှင့် ထိစပ်နေသော ဇိုးကြာချာဒေသတွင် ဇော်ရင်ပူရ်ကုန်းမြေအကောက်ခွန်စခန်း (Zorinpui Land Custom Station) တည်ဆောက်ရန် စီစဉ် ဆောင်ရွက်နေပြီဖြစ်ကြောင်း ၎င်းပြည်နယ်အစိုးရ ဝန်ကြီးချုပ်က ယခုနှစ်ဆန်းပိုင်းတွင် ပြောဆိုခဲ့သည်။

အဆိုပါစခန်းကို အိန္ဒိယရူပီး ကုဋေပေါင်း ၅၇ ကုဋေ ကုန်ကျခံတည်ဆောက်မည်ဖြစ်ပြီး ယင်းအတွက် မြေယာစတုရန်း ကီလိုမီတာ တစ်သိန်းခန့်လျာထားကြောင်း ၎င်းပြည်နယ် ဝန်ကြီးတစ်ဦးက ပြောဆိုသည်။ လက်ရှိ ချင်းပြည်နယ်နှင့် မီဇိုရမ်းပြည်နယ်နယ်စပ်တွင် ကုန်သွယ်ရေးစခန်းနှစ်ခု ဖွင့်လှစ်ထားရာ ရိဒ်ကုန်သွယ်ရေးစခန်းကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင်လည်းကောင်း၊ ထန်တလန်ယာဃီ နယ်စပ်ကုန်သွယ်ရေး စခန်းကို ၂၀၁၄ ခုနှစ် မေ ၁ ရက်တွင်လည်းကောင်း ဖွင့်လှစ်ထားပြီဖြစ်ကြောင်း သိရသည်။

**အထောက်အကူပြု**

ယခုထပ်မံဖွင့်လှစ်မည့် ပလက်ဝ၊ မြိတ်ဝစခန်းများကို အကောင်အထည်ဖော်နိုင်ပါက ချင်းပြည်နယ်အတွင်း ထွက်ရှိသော စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များသည် ပလက်ဝမှတစ်ဆင့် အိန္ဒိယနိုင်ငံနှင့် အခြားဈေးကွက်များကို တင်ပို့ဆောင်ရွက်နိုင်မည့်အပြင် နှစ်နိုင်ငံပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံရေးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်မှုတစ်ခုလုံး၏ လက်ရှိပမာဏသည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၈၂ သန်း၊ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ဒေါ်လာ ၁၅ ဒသမ ၄ သန်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ဒေါ်လာ ၃၈၊ ဒသမ ၆၃ သန်းဖြစ်သောကြောင့် ဘဏ္ဍာနှစ်အလိုက် တိုးတက်မှုများကို တွေ့ရှိရကြောင်း၊ သို့သော် ယင်းပမာဏသည် အိမ်နီးချင်းနှင့် နယ်စပ်ကုန်သွယ်မှုအားလုံး၏ ၁ ဒသမ ၀၄ ရာခိုင်နှုန်းသာရှိပြီး နိုင်ငံတော်၏ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုအပါအဝင် ကုန်သွယ်မှုကဏ္ဍတစ်ရပ်လုံး၏ ၀၁ ဒသမ ၂ ရာခိုင်နှုန်းသာရှိသေးကြောင်း သိရသည်။

ပြည်တွင်းသတင်း

# ကျောင်းပြင်ပမူလတန်းပညာရေး (NFPE) လုပ်ငန်း မြောင်းမြတွင် အရှိန်အဟုန်မြှင့်

**မြောင်းမြ ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၏ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE) လုပ်ငန်းဖွင့်ပွဲကို မြောင်းမြမြို့အထက(၁) အနော်ရထာခန်းမဆောင်၌ ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းကိုကိုက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာန၊ သင်တန်းကြီးကြပ်ရေးမှူး ဆရာကြီးဦးသန်းဌေးက ကျောင်းပြင်ပမူလတန်းပညာရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ခရိုင်ပညာရေးမှူးဒေါ်မြင့်မြင့်သန်းက သင်တန်းဖွင့်လှစ်ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခြေစိုက်စခန်းများမှ ကလေးများအတွက် အလှူရှင်များလှူဒါန်းသော ထီး၊ မိုးကာအင်္ကျီ၊ ကျောင်းဝတ်စုံ၊ လွယ်အိတ်နှင့်အလှူငွေများ ပေးအပ်ပြီး အခြေစိုက်စခန်းများမှ စခန်းတာဝန်ခံများကို ခန့်အပ်လွှာများ ပေးအပ်ခဲ့သည်။

"ဆရာတို့ ယခုဆောင်ရွက်နေတာ အဓိကစာမတတ်သူ ပပျောက်ရေး ရည်ရွယ်ချက်ဖြစ်ပါတယ်။ အသက် ၁၀ နှစ်မှ ၁၄ နှစ်အတွင်း ကျောင်းလုံးဝမနေခဲ့ရသူများနှင့် မူလတန်းအဆင့်မပြီးဆုံးသေးသောကလေးငယ်များကို ဒုတိယအကြိမ်ပညာသင်ခွင့်ရရှိစေနိုင်ဖို့ ကျောင်းပြင်ပမူလတန်းပညာရေး (NFPE) လုပ်ငန်းကို ဆောင်ရွက်ရတာပါ။ သူတို့လေးတွေ နှစ်နှစ်သင်ယူပြီးတဲ့အခါ ပညာရေးဌာနကအသိအမှတ်ပြု စတုတ္ထတန်းအောင်လက်မှတ်ရရှိပြီး အလယ်တန်းအဆင့်(ပဉ္စမတန်း)ကို ဆက်လက်သင်ယူဖို့ အခွင့်အလမ်းရရှိမှာ ဖြစ်ပါတယ်" ဟု (NFPE) မှ မြို့နယ်ကြီးကြပ်ရေးမှူး ဆရာကြီးဦးစိုးမောင် (လက်ထောက်မြို့နယ်ပညာရေးမှူး-အငြိမ်းစား)က ပြောပြသည်။

ကျောင်းသင်ပညာရေးကို မတက်ရောက်နိုင်သော ကလေးငယ်များအတွက် ရည်ရွယ်၍ဖွင့်လှစ်သည့် အဆိုပါ (NFPE) လုပ်ငန်းကို မြို့နယ်အတွင်း၌ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် စခန်းခြောက်ခုဖွင့်လှစ်ခဲ့ကာ ယခု ပညာသင်နှစ်အတွက် စခန်းခုနစ်ခုတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ကလေးငယ် ၁၅၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ ယခုကျင်းပသော လှူဒါန်းပွဲတွင် ကလေးငယ်များအတွက် အလှူရှင်စေတနာရှင်များက လှူဒါန်းသော အလှူငွေနှင့် ထီး၊ ဖိနပ်၊ လွယ်အိတ်၊ မိုးကာ၊ ကျောင်း ဝတ်စုံ၊ ကျောပိုးအိတ်၊ စာအုပ်၊ စာရေး ကိရိယာများမှ တန်ဖိုးငွေကျပ် ၁၈ သိန်းကျော် လှူဒါန်းခဲ့ကြောင်း သိရ သည်။

**အောင်မင်း(iprd)**

# ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေး ချင်းပြည်နယ်သို့ ကွင်းဆင်း

**နေပြည်တော် ဇူလိုင် ၂၆**

နိုင်ငံတော် ပြုပြင်ပြောင်းလဲမှုများ တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များဆိုင်ရာ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အမှာစကားပြောကြားသည်။ ယင်းနောက် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)ဒေါက်တာ စိုးလွင်ငြိမ်းက ချင်းပြည်နယ်အတွင်း ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)ဦးဆောင်သော ကွင်းဆင်းအဖွဲ့သည် ဇူလိုင် ၁၈ ရက်မှ ၂၄ ရက်အထိ မင်းတပ်၊ ဟားခါးနှင့် မတူပီမြို့နယ်များရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူများနှင့်တွေ့ဆုံ၍ ကျန်းမာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သွားနှင့်ခံတွင်းဝေဒနာခံစားရသူများအား အခမဲ့ကုသပေး



**နေပြည်တော် ဇူလိုင် ၂၆**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်တွင် ဖွင့်လှစ်ထားရှိသော မြတ်ပါရမီလူမှုကူညီရေးအသင်းမှ မြို့နယ်အတွင်းရှိ လူကြီး၊ လူငယ် လူမျိုးဘာသာမရွေး သွားနှင့်ခံတွင်း ဝေဒနာခံစားရသူများအား အခမဲ့ဆေးဝါးကုသမှုကို ဝဏ္ဏသိဒ္ဓိရပ်ကွက်အသင်းရုံးခန်း၌ ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီနယ်မြေ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်လှလှကြည်၊ ကျန်းမာရေးအရာရှိဒေါက်တာလှိုင်လှိုင်ဌေးတို့ကြီးကြပ်၍ နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံကြီးမှ သွားနှင့်ခံတွင်းအထူးကုဆရာဝန်ဒေါက်တာခင်မောင်၊ လက်ထောက်ဆရာဝန် ဒေါက်တာသိန်းသန်းထွန်းနှင့်လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများက ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ သွားနှင့်ခံတွင်း ဝေဒနာခံစားရသူ ၁၅၀ ကို အခမဲ့စစ်ဆေးခြင်း၊ ဆေးဝါးကုသခြင်း၊ လိုအပ်သော ဆေးဝါးများ ပေးခြင်းစသည့် ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ပေးခဲ့ကြောင်းနှင့် " မြတ်ပါရမီလူမှုကူညီရေးအသင်းအနေနဲ့ ရပ်ကွက်များမှ သွားခံတွင်းနဲ့ ရောဂါဝေဒနာခံစားနေရသူများကို အသင်းပိုင်မော်တော်ယာဉ်များဖြင့် သွားရောက်ခေါ်ဆောင်၍ အခမဲ့ဆေးဝါးကုသပေးခြင်း၊ ဆေးကုသပြီးရင်လည်း ပြန်လည်၍ မိမိအိမ်အရောက်ပို့ဆောင်ပေးခြင်းဆောင်ရွက်ပေးခဲ့ပါတယ်။ လာမည့် စနေ၊ တနင်္ဂနွေအပတ်စဉ်တွေမှာလည်း မြို့နယ်အတွင်းမှာရှိတဲ့ လူကြီး၊ လူငယ် မျက်စိဝေဒနာရှင်တွေကို မျက်စိအထူးကု ဆရာဝန်ကြီးတွေနှင့် ကုသပေးသွားမှာဖြစ်ပါတယ်" ဟု မြတ်ပါရမီလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ရှင်းပြသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်

**စစ်တွေ ဇူလိုင် ၂၆**

ရခိုင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၀၁၄-၂၀၁၅ စိုက်ပျိုးရေးနည်းပညာသင်တန်း အမှတ်စဉ်(၂/ ၂၀၁၄)ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက် ၈ နာရီကကျင်းပရာ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဦးသာလူချေ၊ ပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီးဦးကျော်သိန်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ ဆန်စပါးကုမ္ပဏီများ၊ သင်တန်းသား သင်တန်းသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးသာလူချေက လုပ်ငန်းလမ်းညွှန်အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းဝင်းက စိုက်ပျိုးရေးနည်းပညာပေး သင်တန်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ အဆိုပါသင်တန်းသို့ စစ်တွေခရိုင်အတွင်း မြို့နယ်များမှ စိုက်ပျိုးရေးဝန်ထမ်းနှင့် တောင်သူ ၁၂၀ တက်ရောက်ကြပြီး အဆိုပါအဖွဲ့သည် မြောက်ဦးမြို့တွင် ဇူလိုင် ၂၇ ရက်မှ ၂၈ ရက်အထိ နှစ်ရက်ကြာသင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း သိရ သည်။

**(ပြည်နယ် ပြန်/ဆက်)**

# မြန်မာနိုင်ငံလျှပ်စစ်အသိပညာဖွံ့ဖြိုးတိုးတက်ရေး ဂျပန်နိုင်ငံကကူညီဆောင်ရွက်ပေးမည်

**မောင်စိန်လွင်၊ ဓာတ်ပုံ-မင်းထက်**



**ရန်ကုန် ဇူလိုင် ၂၆**

မြန်မာနိုင်ငံ လျှပ်စစ်အသိပညာဖွံ့ဖြိုးတိုးတက်ရေးကို ဂျပန်နိုင်ငံက မြန်မာနိုင်ငံအတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ နည်းပညာများ၊ လျှပ်စစ်ပိုင်းဆိုင်ရာနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ အတတ်ပညာသင်တန်းပို့ချပေးသည့် လုပ်ငန်းများကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဂျီတီအိုင် ကျောင်းသားများအသင်းမှ သိရသည်။

"ကျွန်တော်တို့နိုင်ငံက လူငယ်တွေလျှပ်စစ်ပိုင်းဆိုင်ရာ အသိပညာဖွံ့ဖြိုးတိုးတက်ဖို့ကို အသက်မွေးဝမ်းကျောင်းဆိုင်ရာ ရပ်တည်ဖို့အထိ ဂျပန်နိုင်ငံက လျှပ်စစ်ပိုင်းဆိုင်ရာ ကျွမ်းကျင်တဲ့ Kinden Corporation နဲ့ Sumitomo Corporation တို့က နည်းပညာရော၊ နည်းပညာသင်ကြားမှုအတွက် အထောက်အကူပြုပစ္စည်းတွေရော၊ သင်ကြားမှုပိုင်းဆိုင်ရာ ဆရာတွေပါ လာရောက်ပြီး ရှစ်လကြာသင်ကြားပေးမှာ ဖြစ်ပါတယ်။ အတတ်ပညာပိုင်းဆိုင်ရာရော၊ ရန်ပုံငွေအရပါ သူတို့ကကူညီပေးပါတယ်။ သင်ကြားမှုပိုင်းဆိုင်ရာအနေနဲ့ကတော့ Building Commercial wiring နဲ့ Hightension and Electrical Distribution တို့ကို သင်ကြားပေးမှာ ဖြစ်ပါတယ်။ သင်တန်းပြီးရင် ကျွန်တော်တို့နိုင်ငံအနေနဲ့ လျှပ်စစ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုအားနည်းနေတဲ့အတွက် နိုင်ငံတော်ရဲ့လိုအပ်ချက်ဖြစ်တဲ့ လျှပ်စစ်ကျွမ်းကျင်မှုပိုင်းဆိုင်ရာ အတတ်ပညာကို အထောက်အကူပြုမှာအမှန်ပါပဲ။ သင်တန်းတစ်ခုစီမှာ သင်တန်းသား ၂၀ ပဲလက်ခံတာ ဖြစ်ပါတယ်။ အားလုံးပေါင်းမှ သင်တန်းသား ၄၀ ကို သင်ကြားပို့ချပေးမှာပါ။ မြန်မာနိုင်ငံအနေနဲ့ကတော့ အခုနောက်ပိုင်း ပွင့်လင်းမြင်သာမှုရှိလာတာနဲ့အမျှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကလည်း တစ်နေ့တခြားပိုတိုးလာတော့ သင်တန်းကျောင်းဆင်းတွေအနေနဲ့အခွင့်အလမ်းအများကြီးရှိလာမှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံဂျီတီအိုင်ကျောင်းသားဟောင်းများအသင်းမှအဖွဲ့ဝင် ဦးနေဝင်းက ပြောသည်။

ဂျပန်နိုင်ငံမှ ယခုလာရောက်ဖွင့်လှစ်သင်ကြားပေးမည့် လျှပ်စစ်ပိုင်းဆိုင်ရာ အသိပညာဖွံ့ဖြိုးမှုသင်တန်းကို ယခုလ ၂၈ ရက်မှ စတင်သင်ကြားပို့ချပေးမည်ဖြစ်ပြီး မြန်မာနိုင်ငံလျှပ်စစ်ပိုင်းဆိုင်ရာဝါသနာပါသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ကိုးတန်းအောင်၊ ဆယ်တန်းဖြေဆိုဖူးထားသည့်လူငယ်များကို အဓိကထားသင်ကြားပို့ချပေးမည်ဖြစ်ကာ အသက်အားဖြင့် ၁၈ နှစ်မှ ၂၅ နှစ်အတွင်း ကန့်သတ်ထားကြောင်း သိရသည်။


အခန်းကျယ်ရောင်းမည်။

(17'x60')

PVC

(PVC+

A/C(1)

Pressur Pump

(710) Ph:09-5053076



ဦးကျော်ကျော်နိုင်(၁၂/စခန(နိုင်)၀၅၆၀၇၅)

Kyaw Kyaw Naing Family Technical Services Co.,Ltd

ကျော်ကျော်နိုင်ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ

လိုင်စင်အမှတ် (၅၈/၂၀၁၃) သိရှိစေရန်

လူကြီးမင်း၏ Kyaw Kyaw Naing Family Technical Services Co.,Ltd မှ ဂျပန်နိုင်ငံသို့ စေလွှတ်ရန်အတွက် ကြိုတင်ငွေယူထားသော အလုပ်သမားများနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ရန် ယနေ့မှစ၍ (၇)ရက်အတွင်း မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်ရုံးခန်းသို့ မပျက်မကွက်လာရောက်တွေ့ဆုံပါရန် သိစေအပ်ပါသည်။

အတွင်းရေးမှူး
မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု
လုပ်ငန်းရှင်များအဖွဲ့ချုပ်


## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများဆောက်လုပ်ခြင်းအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - | ၃၀-၇-၂၀၁၄ ရက် |
| ၃။ | **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** | - | ၇-၈-၂၀၁၄ ရက် |
| ၄။ | **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** | - | ၁၃-၈-၂၀၁၄ ရက် |
| ၅။ | **တင်ဒါဖွင့်မည့်ရက်** | - | ၁၉-၈-၂၀၁၄ ရက် |

၆။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၃၀-၇-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများစိစစ်ရွေးချယ်ရေးအဖွဲ့**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အဆောက်အအုံဦးစီး၊ ရုံးအမှတ် ၁၁၊**
**နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၀၇၄၄၉၊ ၀၆၇-၄၀၇၄၂၅**

# မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ကုန်သွယ်မှုနှင့် လုပ်ငန်းစိန်ခေါ်မှုဆိုင်ရာများ တွေ့ဆုံညှိနှိုင်း

**မန္တလေး ဇူလိုင် ၂၆**

မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်ဒေသကုန်သွယ်မှုလုပ်ငန်း အခွင့်အလမ်းနှင့် စိန်ခေါ်မှုများဆိုင်ရာနှင့်ပတ်သက်သော ဆွေးနွေးပွဲ (Seminar on India- Myanmar Trade through Land border: Opportunities and Challenges) ကို ဇူလိုင် ၂၄ ရက်က ချမ်းအေးသာစံမြို့နယ်ရှိ ဆီဒိုးနားဟိုတယ် အမရပူရခန်းမတွင် ကျင်းပသည်။



အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရေး ဆောင်ရွက်လျက်ရှိရာ အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေးအပြင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ကူးသန်းသွားလာမှု၊ ကုန်သွယ်မှုများကို ပိုမိုတိုးတက်အောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့ပြင် ဝန်ကြီးချုပ်က နှစ်နိုင်ငံအစိုးရများက စိုက်ပျိုးရေး၊ စက်မှုနှင့်ကုန်ထုတ်ကဏ္ဍ၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်၊ နည်းပညာ၊ သံနှင့်သံမဏိ၊ ရေနံကဏ္ဍများအားလုံးတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

အိန္ဒိယနိုင်ငံဆိုင်ရာ ကုန်သွယ်ရေးတာဝန်ရှိသူ Siddhanth Kaul မှ မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးမြှင့်တင်မှု လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Gautam Mukhopadhaya က နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်တိုးချဲ့ ဆောင်ရွက်သွားမည့် လုပ်ငန်းကဏ္ဍများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် နှစ်နိုင်ငံ တာဝန်ရှိသူများက အရှေ့မြောက် အိန္ဒိယကုန်သွယ်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် အခွင့်အလမ်းသစ် အခြေအနေများ၊ မြန်မာ့ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းသစ်များရရှိနိုင်မည့် အခြေအနေများ၊ ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အကောက်အခွန်ဆိုင်ရာလုပ်ငန်းများကို တင်ပြဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များက နှစ်နိုင်ငံကုန်သွယ်မှုတိုးချဲ့ဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်မည့် အခွင့်အလမ်းကောင်းများ၊ ပုဂ္ဂလိကကဏ္ဍဆိုင်ရာ လုပ်ငန်းများ၊ ဘဏ်လုပ်ငန်းဆိုင်ရာများ၊ အဆင့်မြင့်ပညာရေးဆိုင်ရာလုပ်ငန်းများ၊ မန္တလေးစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများဖြစ်ကြသည့် ဦးအောင်မောင်း၊ ဦးအောင်ဇံ၊ ဦးကျော်မြင့်၊ ဒေါက်တာမြင့်ကြူနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အာသံပြည်နယ်အတွင်းရေးမှူးချုပ်၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာဌာနများမှ ဖိတ်ကြားထားသူများ၊ အိန္ဒိယကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူများနှင့် စီးပွားရေးပညာရှင်များ တက်ရောက်ခဲ့ကြသည်။

**တင်မောင်(မန္တလေး)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# မိုင်းပန်ကျေးရွာများမီးလင်းပြီ

**မိုင်းပန် ဇူလိုင် ၂၆**

မိုင်းပန်မြို့နယ်အတွင်းမှ ကျေးရွာငါးရွာတို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လျှပ်စစ်မီးလင်းရေးအတွက် ရည်ရွယ်ကာ တင်မြင့်ရီကုမ္ပဏီမှ လှူဒါန်းတပ်ဆင်ပေးခဲ့သည့် ထရန်စဖော်မာ ၅၀ ကေဗွီအေများ တပ်ဆင်ဖွင့်လှစ်ခြင်းနှင့် လင်းခေးမြို့နယ် သထုံ(မူလ) မင်းကွန်းဇေတဝန် သာသနမာရ်အောင် ကမ္မဋ္ဌာန်း တိုက်သို့ ထရန်စဖော် ၅၀ ကေဗွီအေတစ်လုံး လှူဒါန်းခြင်းကို ဇူလိုင် ၂၄ ရက်နှင့် ၂၅ ရက်များက ကမ္မဋ္ဌာန်းတိုက်နှင့် ကျေးရွာများအတွင်း ကျင်းပခဲ့သည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်နှင့် တင်မြင့်ရီကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးအောင်မြင့်ဦးနှင့် လင်းခေးခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်တို့က ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှ ထရန်စဖော်မာကို ဇူလိုင် ၂၄ ရက်တွင် ဖွင့်လှစ်ပေးခဲ့ပြီး ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီးက တက်ရောက်ကြသော ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် လျှပ်စစ်မီးလင်းရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ဆွေးနွေးတင်ပြသည်။

ထရန်စဖော်မာ တပ်ဆင်ခြင်းကို ကမ္မဋ္ဌာန်းတိုက်ဆရာတော် ဥူးဝိစိတ္တ၊ ပြည်နယ်ဝန်ကြီးနှင့်ကုမ္ပဏီတို့မှ ကြီးမှူးကာ ဒေသခံစေတနာရှင်များက စုပေါင်းလှူဒါန်းငွေ ကျပ် ၁၈၈ သိန်းကျော် အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၂၅ ရက်နံနက်ကလည်း ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီးဦးဆောင်သည့် တာဝန်ရှိသူများအဖွဲ့သည် မိုင်းပန်မြို့မစည်ပင်သာယာဈေးအတွင်း လျှပ်စစ်မီး ရရှိသုံးစွဲနေသည့် အခြေအနေများကို ကြည့်ရှုပေးခဲ့သည်။ ထို့နောက် မိုင်းပန်မြို့နယ် ဟိုဖိုင်လုံကျေးရွာ၊နားလောကျေးရွာ၊ နယ်ဆုပ်ဟွေကျေးရွာ၊ မိုင်းဟောင်းကျေးရွာနှင့် ကုန်းကျိုင်းကျေးရွာတို့ရှိ ထရန်စဖော်မာ ၅၀ ကေဗွီအေများကို ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် မိုင်းပန်မြို့ စဝ်ကောလီခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**



## ကျေးလက်ကျောင်းများအတွက် ဗလာစာအုပ်များ လှူဒါန်း

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် တရနာကျေးရွာနှင့် ဝန်းကျင်ကျေးရွာများမှ လိုအပ်လျက်ရှိသော ကျောင်းသားကျောင်းသူများအတွက် ဦးအောင်ခိုင်ဖောင်ဒေးရှင်းမှ ဇူလိုင် ၂၆ ရက်တွင် တရနာကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်း၌ ဗလာစာအုပ်များ လှူဒါန်းခဲ့သည်။ သီရိမင်္ဂလာအုပ်စုကုမ္ပဏီသည် ကျိုက်မရောမြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် ထိုင်းနိုင်ငံ၊ SCG ဆင်တံဆိပ်ဘိလပ်မြေစက်ရုံတည်ဆောက်ရေးကုမ္ပဏီများအနက် တစ်ခုဖြစ်ပြီး ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ် ၄၈၅ ဒါဇင်ကို လှူဒါန်းပေးခြင်းဖြစ်သည်။ **သိန်းလှိုင်(မော်လမြိုင်)**


## နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု(ဘွဲ့လွန်တန်း) လျှောက်လွှာခေါ်ယူခြင်း

၁။ နိုင်ငံတော်၏ဖွံ့ဖြိုးရေးနှင့်တည်ဆောက်ရေးတွင် ကဏ္ဍပေါင်းစုံမှပူးပေါင်းပါဝင်နိုင်သည့် နိုင်ငံတကာစံချိန်မီသော ပညာတတ်လူငယ်များမွေးထုတ်ပေးရန် ထူးချွန်ထက်မြက်သော မြန်မာနိုင်ငံသားလူငယ်များအတွက် ရေရှည်အကျိုးရှိမည့် လက်တွေ့ကျသော ပညာရေးအခွင့်အလမ်းများရရှိစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောပညာရပ်များကို နိုင်ငံတကာ တက္ကသိုလ်များတွင် လူငယ်များလေ့လာသင်ကြားခွင့်ရရှိစေရန်ရည်ရွယ်ပြီး နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု(ဘွဲ့လွန်တန်း)အတွက် အောက်ဖော်ပြပါသတ်မှတ်ချက်နှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) မြန်မာနိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားသည့် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) မဟာတန်းပညာတော်သင်ဆုအတွက် တက္ကသိုလ်ဂုဏ်ထူးတန်း/ မဟာအရည်အချင်းစစ်သင်တန်း/ ဘွဲ့လွန်ဒီပလိုမာတန်းအောင်မြင်ပြီး မဟာတန်းတက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။

(ဂ) ပါရဂူတန်းပညာတော်သင်ဆုအတွက် မဟာတန်းအောင်မြင်ပြီးသူ(သို့မဟုတ်)မဟာသုတေသနဘွဲ့ရရှိပြီးသူဖြစ်ရမည်။
**မှတ်ချက်**-ဘွဲ့လက်မှတ်ရရှိခဲ့သောစာမေးပွဲရမှတ်များနှင့် သင်ယူခဲ့သော ဘာသာရပ်များကို ပူးတွဲတင်ပြရမည်။ အခြားသောစာမေးပွဲ(ဥပမာ-TOFEL/IELTS/SAT အစရှိသည်)တို့ကို ဖြေဆိုထားပါကလည်း ဖြည့်စွက်တင်ပြနိုင်သည်။

(ဃ) ကျန်းမာရေးပြည့်စုံကောင်းမွန်သူဖြစ်ရမည်။

(င) ပြစ်မှုကင်းရှင်းပြီး အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(စ) အိမ်ထောင်မရှိသူ(လူပျို/အပျို)ဖြစ်ရမည်။

(ဆ) ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

(ဇ) နိုင်ငံခြားမှ ဘွဲ့ရရှိပြီး ပြန်လာသောအခါ နိုင်ငံတော်မှပေးအပ်သော အလုပ်တာဝန်ကို ပညာတော်သင်ကာလ၏(၂)ဆတိုင်အောင် တာဝန်ထမ်းဆောင်မည်ဟု စာချုပ်ချုပ်ဆိုနိုင်သူဖြစ်ရမည်။ ထိုသို့ ထမ်းဆောင်ခြင်းမပြုနိုင်ပါက ပညာတော်သင်ကုန်ကျစရိတ်၏ (၃)ဆ ပြန်လည်ပေးလျော်ရမည်။

၃။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များရှိ ကျောင်းသားရေးရာဌာနတွင် အခမဲ့ရယူပြီး ပြည့်စုံအောင်ဖြည့်စွက်၍ လျှောက်လွှာရယူခဲ့သည့်တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်သို့ ၃၁-၈-၂၀၁၆ရက် နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်။

၄။ လျှောက်ထားသူများအနက် ပဏာမအဆင့် ရွေးချယ်ခံရသူများစာရင်းကို နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပြီး လိုအပ်သည့်ပွင့်လင်းမြင်သာသော အကဲဖြတ်စစ်ဆေးမှုများအဆင့်ဆင့်ဆောင်ရွက်၍ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုကို ပြင်ပပညာရှင်များပါဝင်ဖွဲ့စည်းထားသောကော်မတီက အပြီးသတ်စိစစ်ရွေးချယ် ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၅။ စုံစမ်းမေးမြန်းလိုပါက ပညာရေးဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၇၁၁၃၊ ၀၆၇-၄၀၇၅၁၈၊ ၀၆၇-၄၀၇၅၃၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု(ဘွဲ့ကြိုတန်း) လျှောက်လွှာခေါ်ယူခြင်း

၁။ နိုင်ငံတော်၏ဖွံ့ဖြိုးရေးနှင့်တည်ဆောက်ရေးတွင် ကဏ္ဍပေါင်းစုံမှ ပူးပေါင်းပါဝင်နိုင်သည့် နိုင်ငံတကာစံချိန်မီသော ပညာတတ်လူငယ်များ မွေးထုတ်ပေးရန် ထူးချွန်ထက်မြက်သော မြန်မာနိုင်ငံသားလူငယ်များအတွက် ရေရှည်အကျိုးရှိမည့် လက်တွေ့ကျသော ပညာရေးအခွင့်အလမ်းများရရှိစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ပညာရပ်များကို နိုင်ငံတကာတက္ကသိုလ်များတွင် လူငယ်များလေ့လာသင်ကြားခွင့်ရရှိစေရန် ရည်ရွယ်ပြီး နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု (ဘွဲ့ကြိုတန်း)အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်နှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) မြန်မာနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသည့် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ပညာသင်ဆု လျှောက်လွှာပိတ်ရက်တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၂၀ နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲရမှတ် ၅၀၀ မှတ်နှင့် အထက်ရရှိသူဖြစ်ရမည်။ (သို့မဟုတ်) GCE "A" Level အောင်မြင်ပြီးသူဖြစ်ရမည်။ (သို့မဟုတ်) နိုင်ငံတကာတက္ကသိုလ်ဝင်ခွင့်စာမေးပွဲတစ်ခုခုအောင်မြင်ပြီးသူဖြစ်ရမည်။
**မှတ်ချက်**-အထက်ပါစာမေးပွဲအောင်လက်မှတ်ရရှိခဲ့သော စာမေးပွဲရမှတ်များနှင့် သင်ယူခဲ့သော ဘာသာရပ်များကို ပူးတွဲတင်ပြရမည်။ အခြားသောစာမေးပွဲ (ဥပမာ-TOFEL/IELTS/SAT အစရှိသည်)တို့ကို ဖြေဆိုထားပါကလည်း ဖြည့်စွက်တင်ပြနိုင်သည်။

(ဃ) ကျန်းမာရေးပြည့်စုံကောင်းမွန်သူဖြစ်ရမည်။

(င) ပြစ်မှုကင်းရှင်းပြီး အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(စ) အိမ်ထောင်မရှိသူ (လူပျို၊ အပျို)ဖြစ်ရမည်။

(ဆ) နိုင်ငံခြားမှ ဘွဲ့ရရှိပြီး ပြန်လာသောအခါ နိုင်ငံတော်မှ ပေးအပ်သော အလုပ်တာဝန်ကို ပညာတော်သင်ကာလ၏(၂)ဆတိုင်အောင် တာဝန်ထမ်းဆောင်မည်ဟု စာချုပ်ချုပ်ဆိုနိုင်သူဖြစ်ရမည်။ ထိုသို့ ထမ်းဆောင်ခြင်းမပြုနိုင်ပါက ပညာတော်သင် ကုန်ကျစရိတ်၏ (၃)ဆပြန်လည် ပေးလျော်ရမည်။

၃။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များရှိ ကျောင်းသားရေးရာဌာနတွင် အခမဲ့ရယူပြီး ပြည့်စုံအောင်ဖြည့်စွက်၍ လျှောက်လွှာရယူခဲ့သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်သို့ ၃၁-၈-၂၀၁၆ ရက် နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်။

၄။ လျှောက်ထားသူများအနက် ပဏာမအဆင့် ရွေးချယ်ခံရသူများစာရင်းကို နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပြီး လိုအပ်သည့် ပွင့်လင်းမြင်သာသော အကဲဖြတ်စစ်ဆေးမှုများ အဆင့်ဆင့်ဆောင်ရွက်၍ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုကို ပြင်ပပညာရှင်များ ပါဝင်ဖွဲ့စည်းထားသော ကော်မတီက အပြီးသတ်စိစစ်ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၅။ စုံစမ်းမေးမြန်းလိုပါက ပညာရေးဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၇၁၁၃၊ ၀၆၇-၄၀၇၅၁၈၊ ၀၆၇-၄၀၇၅၃၄တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

နိုင်ငံတကာအားကစားနှင့် ကြော်ငြာ

# မန်ယူနဲ့ ရီးရဲမက်ဒရစ်တို့ ခက်ခဲမယ့် နိုင်ငံတကာချန်ပီယံများဖလားပြိုင်ပွဲ

**၂၀၁၄ နိုင်ငံတကာ ချန်ပီယံများဖလားပြိုင်ပွဲကို စတင်ကျင်းပနေပြီး ဇူလိုင် ၂၆ ရက်မှာ မန်ယူနဲ့ ရိုးမားတို့ စတင်ကစားခဲ့ပြီဖြစ်ပါတယ်။ ဇူလိုင် ၂၉ ရက်မှာ မန်ယူနဲ့ အင်တာမီလန်၊ ရီးရဲမက်ဒရစ်နဲ့ ရိုးမားအသင်းတွေ ဆက်လက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။**

### မန်ယူနှင့် အင်တာမီလန်

မန်ယူအသင်းဟာ နည်းပြသစ် ဗန်ဟားလ်နဲ့ ခရီးစဉ်စတင်နေပြီး ပထမဆုံးပွဲမှာတော့ အောင်ပွဲရယူနိုင်ခဲ့ပြီဖြစ်ပါတယ်။ မန်ယူဟာ ရွှန်းနေ၊ ဗန်ပါစီတို့ကို အားပြုပြီး ပြိုင်ပွဲတွေကို ဖြတ်သန်းနေပေမယ့် အထိုင်ကျအောင် ရုန်းကန်နေရဆဲဖြစ်ပါတယ်။ မန်ယူဟာ ကစားသမားအသစ်တွေနဲ့အတူ နိုင်ငံတကာ ချန်ပီယံများဖလားပြိုင်ပွဲမှာ ဘယ်လောက်အထိ စွမ်းဆောင်ပြနိုင်မလဲဆိုတာ ကြည့်ရမှာဖြစ်ပါတယ်။ အင်တာမီလန်တို့ကတော့ မန်ယူကို ခြေရည်တူကစားနိုင်ပေမယ့် နိုင်ပွဲရလဒ် ရရှိအောင် ကြိုးစားဖို့ ခက်ခဲပါလိမ့်မယ်။ မန်ယူနဲ့ အင်တာမီလန်တို့ နောက်ဆုံး တွေ့ဆုံခဲ့တဲ့ ၂၀၀၉ ခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲမှာတော့ မန်ယူက အဝေးကွင်းမှာ ဂိုးမရှိ သရေကစားခဲ့ပြီး ဒုတိယအကျော့ အိမ်ကွင်းမှာတော့ မန်ယူက နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

ဒါကြောင့် အခုပွဲမှာ နည်းပြသစ်၊ ကစားသမားသစ်တွေနဲ့ တည်ဆောက်ထားတဲ့ မန်ယူနဲ့ ပြုပြင်ပြောင်းလဲမှုတွေပြုလုပ်ထားတဲ့ အင်တာမီလန်တို့ပွဲဟာ သရေရလဒ်လည်း ဖြစ်သွားနိုင်ပါတယ်။

### ရီးရဲမက်ဒရစ်နှင့် ရိုးမား

နိုင်ငံတကာ ချန်ပီယံများဖလားရဲ့ လက်ရှိ ချန်ပီယံ ရီးရဲမက်ဒရစ်ဟာ အီတလီစီးရီးအေမှာ ခြေစွမ်းပြနေတဲ့ ရိုးမားနဲ့ ဆုံတွေ့ရမှာမို့ လွယ်ကူမှာတော့ မဟုတ်ပါဘူး။ ရီးရဲမက်ဒရစ်မှာ လူသစ်တွေဖြစ်တဲ့ ရိုဒရီဂွက်ဇ်တို့ ပါဝင်နိုင်မလား ကြည့်ရမှာဖြစ်ပြီး လျင်မြန်ပြီး စွမ်းရည်မြင့်မားတဲ့ ရီးရဲမက်ဒရစ်တိုက်စစ်ကို ရိုးမားတို့ ကြိုးစား ဟန့်တားရမှာဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်နဲ့ ရိုးမားတို့ရဲ့ ထိပ်တိုက်ဆုံတွေ့မှု ရှစ်ကြိမ်မှာ ရီးရဲမက်ဒရစ်က လေးကြိမ်နိုင်ပြီး ရိုးမားက သုံးကြိမ်နိုင်ထားသလို သရေပွဲတစ်ပွဲဖြစ်ထားပါတယ်။

ပြီးခဲ့တဲ့ နောက်ဆုံးတွေ့ဆုံမှုအဖြစ် ၂၀၀၈ ခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲမှာတော့ ပထမအကျော့ ရိုးမားကွင်းမှာ ရိုးမားက နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့ပြီး ဒုတိယအကျော့ ရီးရဲမက်ဒရစ်ကွင်းမှာလည်း ရိုးမားကပဲ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိခဲ့တဲ့ မှတ်တမ်းရှိနေပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာ ရီးရဲမက်ဒရစ်ဟာ ရိုးမားကို လျှော့တွက်လို့မရတာ အမှန်ပါပဲ။

မိုးမြင့်လင်းလက်

## ခြေစမ်းပွဲစဉ်များ

သီဟ

| နိုင်ငံတကာ ကလပ်ခြေစမ်းပွဲ | | | ဇူလိုင် ၂၇/၂၈ |
|---|---|---|---|
| ချီကာကိုဖိုင်းယား | - | စပါး | နံနက် ၆း၃၀ |
| ဟော့စ်တန်ဒိုင်နမို | - | အက်စ်တွန်ဗီလာ | နံနက် ၇း၃၀ |
| ဂလိုရီ | - | မာလာဂါ | မွန်းလွဲ ၁း၃၀ |
| လက်စတာ | - | အဲဗာတန် | ညနေ ၅း၃၀ |
| ကာဆာဟီ | - | ဟာသာဘာလင် | ည ၆း၃၀ |
| ဘာလင် | - | ဆီဗီလာ | ည ၈း၀၀ |
| အမ်ကေဒွန်း | - | နော့်တင်ဟမ် | ည ၈း၃၀ |
| ဝါဒါဘရီမင် | - | ဘီလ်ဘာအို | ည ၈း၃၀ |
| ဒွန်ကတ်စတာ | - | ရှက်ဖီးဝမ်းနက်စ်ဒေး | ည ၈း၃၀ |
| ယီအိုဗွီး | - | ကာဒစ်ဖ် | ည ၈း၃၀ |
| ဖရန့်ဖတ် | - | ဆန်ဟူဆန် | ည ၉း၃၀ |
| အက်စ်ဆန် | - | ဒေါ့မွန် | ည ၉း၃၀ |
| အယ်ဂျပ်ဂျနာ | - | ချယ်လ်ဆီး | ည ၉း၄၅ |
| မာဆေး | - | ဝီလီယံ | ည ၁၀း၃၀ |
| ပလိုင်းမောင့် | - | ဆွမ်ဆီး | ည ၁၀း၃၀ |
| အေးချန် | - | လေဗာကူဆင် | ည ၁၀း၃၀ |
| ဟွန်မတ် | - | ဂါလာတာစာရေး | ည ၁၀း၃၀ |
| ဗီရီနာ | - | ရှူဘင်ကာဇန် | ည ၁၁း၀၀ |
| ပေါ်တို | - | စိန့်အက်တီယန် | ည ၁၁း၃၀ |
| မာစီယာ | - | ဗယ်လက်ကာနို | နံနက် ၀၀း၃၀ |

## ဒရော့ဘာ ချယ်လ်ဆီးသို့ ပြန်လာပြီ

တိုက်စစ်မှူး ဒရော့ဘာအား ချယ်လ်ဆီးက တစ်နှစ်စာချုပ်ဖြင့် ပြန်လည်ခေါ်ယူစာချုပ်လိုက်သည်။ အသက် ၃၆ နှစ်ရှိ အိုင်ဗရီကို့စ်ကစားသမား ဒရော့ဘာသည် ၂၀၀၄ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ချယ်လ်ဆီးနှင့်အတူဖလား ၁၀ လုံး ဆွတ်ခူးပေးနိုင်ခဲ့သည်။ ၎င်းသည် ဂါလာတာစာရေးမှ အလွတ်ပြောင်းရွှေ့ခဲ့ပြီးနောက် ချယ်လ်ဆီးက ပြန်လည်စာချုပ်ခဲ့ခြင်းဖြစ်သည်။ "တိုက်စစ်မှူး ဒရော့ဘာဟာ စတမ်းဖို့ဘရစ်ရဲ့ တိုက်စစ်ကို ပိုင်ဆိုင်ထားသူဖြစ်ပါတယ်"ဟု နည်းပြ မော်ရင်ဟိုက အစောပိုင်းတွင် ပြောကြားလိုက်သည်။ "ကျွန်တော့်ရဲ့ဆန္ဒကတော့ ချယ်လ်ဆီးကို အနိုင်ပွဲတွေများများ လုပ်ပေးဖို့ပါပဲ" ဟု ဒရော့ဘာက ဆိုသည်။

## ချန်းဘားစ်အား အာဆင်နယ်ခေါ်ယူမည်

အာဆင်နယ်က ဆောက်သမ်တန်အသင်းမှ နောက်တန်းကစားသမား ကာလွန်ချန်းဘားစ်အား ပေါင် ၁၆ သန်းဖြင့် ခေါ်ယူစာချုပ်ရန် နီးစပ်နေသည်။ အသက် ၁၉ နှစ်အောက် အင်္ဂလန်ကစားသမား ချန်းဘားစ်အား သောကြာနေ့က ဆေးစစ်မှုပြုလုပ်ခဲ့သည်။ အသက် ၁၉ နှစ်ရှိချန်းဘားစ်သည် ဆောက်သမ်တန်အသင်းတွင် အဓိကပြိုင်ပွဲ ၂၅ ပွဲ ပါဝင်ကစားပေးထားသည်။ ၎င်းသည် အာဆင်နယ်တွင် ညာနောက်တန်းနှင့် ဗဟိုခံစစ်မှူးနေရာတွင် ကစားရန်မျှော်လင့်ထားသည်။ ချန်းဘားစ်သည် အာဆင်နယ်က ယခုနှစ်နွေရာသီ ခေါ်ယူခဲ့သည့် တတိယမြောက်ကစားသမား ဖြစ်လာမည်ဖြစ်သည်။ ၎င်းမတိုင်မီက ဘာစီလိုနာတိုက်စစ်မှူး ဆန်ချက်ဇ်နှင့် နယူးကာဆယ် နောက်တန်းကစားသမား မက်သီရူးဒေဘူချီတို့ကို ခေါ်ယူခဲ့သည်။

## ဆောက်သမ်တန်နောက်တန်းလူ လီဗာပူးခေါ်ယူမည်

ဆောက်သမ်တန် နောက်တန်းကစားသမား ဒေဂျန်လော့ဗရင်အား လီဗာပူးက ပေါင်သန်း ၂၀ ဖြင့်ခေါ်ယူရန် သဘောတူလိုက်သည် ကလပ်နှစ်ခုသဘောတူခဲ့ပြီးနောက် လာမည့်သီတင်းပတ်တွင် ဆေးစစ်မှုပြုလုပ်သွားဖွယ်ရှိသည်။ အသက် ၂၅ နှစ်ရှိ ခရိုအေးရှား နောက်တန်းကစားသမား လော့ဗရင်သည် ကမ္ဘာ့ဖလားတွင် အဓိကကစားသမားအဖြစ် ပါဝင်ကစားခဲ့သူဖြစ်သည်။ လော့ဗရင်သည် ဆောက်သမ်တန်အသင်း၏ အဓိကကစားသမားတစ်ဦးဖြစ်သည်။

အာကာကျော်






# မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေကြမ်း

**မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီဥပဒေကြမ်း**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)**

**၁၃၇၆ ခုနှစ်၊ လ ရက်**

**( ၂၀၁၄ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင် အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေသည် **မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့်နေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **သူနာပြုအတတ်ပညာဆိုသည်မှာ-** မကျန်းမာသူတစ်ဦးအား ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာပြုစုမှုကိုလည်းကောင်း၊ ယင်းမကျန်းမာသူ၏ မိသားစုများသာမက မကျန်းမာသူနှင့် ဆက်နွယ်သူများ၏ ကျန်းမာရေးဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်များကိုလည်းကောင်း ဖြည့်ဆည်းဆောင်ရွက်နိုင်စွမ်းရှိသည့် အတတ်ပညာကို ဆိုသည်။ ယင်းစကားရပ်တွင် မကျန်းမာသူများအား ကျန်းမာရေးပိုမိုကောင်းမွန်စေရေးနှင့် ရောဂါကြိုတင်ကာကွယ်ရေးစသည်တို့ကို ဆောင်ရွက်ပေးသည့်လုပ်ငန်းများလည်း ပါဝင်သည်။

(ခ) **သားဖွားအတတ်ပညာဆိုသည်မှာ-** ကိုယ်ဝန်ဆောင်အမျိုးသမီးများအား မမွေးဖွားမီ ပြုစုစောင့်ရှောက်ခြင်းနှင့် မွေးဖွားစဉ်အချိန်၌ အန္တရာယ်ကင်းစွာ မွေးဖွားပေးခြင်းတို့အပြင် သားဖွားပြီးသော မိခင်နှင့် မွေးကင်းစကလေးတို့အား ပြုစုစောင့်ရှောက်ခြင်းတို့ကို ဆိုသည်။

(ဂ) **သူနာပြုဆိုသည်မှာ-** သတ်မှတ်ထားသည့် အခြေခံသူနာပြုအတတ်ပညာကို လေ့ကျင့်သင်ကြားတတ်မြောက်အောင်မြင်ပြီးသည့်အပြင် ကောင်စီက အရည်အချင်းစစ်ဆေး အကဲဖြတ်၍ ဤဥပဒေအရမှတ်ပုံတင်လက်မှတ်နှင့်လိုင်စင်ရရှိပြီး သူနာပြုအတတ်ပညာဖြင့် သူနာပြုလုပ်ငန်း လုပ်ကိုင်သူကိုဆိုသည်။

(ဃ) **သားဖွားဆိုသည်မှာ-** သတ်မှတ်ထားသည့် အခြေခံသားဖွားအတတ်ပညာကို လေ့ကျင့်သင်ကြားတတ်မြောက်အောင်မြင်ပြီးသည့်အပြင် ကောင်စီက အရည်အချင်းစစ်ဆေးအကဲဖြတ်၍ ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်နှင့်လိုင်စင်ရရှိပြီး သားဖွားအတတ်ပညာဖြင့် သားဖွားလုပ်ငန်း လုပ်ကိုင်သူကိုဆိုသည်။

(င) **သူနာပြု-သားဖွားဆိုသည်မှာ-** သတ်မှတ်ထားသည့်အခြေခံသူနာပြုအတတ်ပညာနှင့် သားဖွားအတတ်ပညာကို လေ့ကျင့်သင်ကြားတတ်မြောက်အောင်မြင်ပြီးသည့်အပြင် ကောင်စီက အရည်အချင်းစစ်ဆေးအကဲဖြတ်၍ ဤဥပဒေအရမှတ်ပုံတင်လက်မှတ်နှင့် လိုင်စင်ရရှိပြီး သူနာပြုနှင့် သားဖွားအတတ်ပညာဖြင့်သူနာပြုသားဖွားလုပ်ငန်း လုပ်ကိုင်သူကိုဆိုသည်။

(စ) **မှတ်ပုံတင်ခြင်းဆိုသည်မှာ-** ဤဥပဒေအရထားရှိသော သူနာပြုနှင့်သားဖွားဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် အမည်စာရင်းရေးသွင်းခြင်းကို ဆိုသည်။

(ဆ) **မှတ်ပုံတင်အရာရှိဆိုသည်မှာ-** ဤဥပဒေအရ ခန့်ထားသော သူနာပြုနှင့် သားဖွားကောင်စီ၏မှတ်ပုံတင်အရာရှိကို ဆိုသည်။

(ဇ) **လိုင်စင်ဆိုသည်မှာ-** မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီက ဤဥပဒေအရ ထုတ်ပေးသော သူနာပြုလိုင်စင်၊ သားဖွားလိုင်စင်နှင့် သူနာပြု-သားဖွားလိုင်စင်တို့ကိုဆိုသည်။

(ဈ) **သူနာပြုလိုင်စင်ဆိုသည်မှာ-** သူနာပြုအတတ်ပညာဖြင့် သူနာပြုလုပ်ငန်းကို လုပ်ကိုင်နိုင်ရန် အရည်အချင်းပြည့်မီသူအား ကောင်စီကထုတ်ပေးသော ခွင့်ပြုမိန့်ကိုဆိုသည်။

(ည) **သူနာပြု-သားဖွားလိုင်စင်ဆိုသည်မှာ-** သူနာပြုအတတ်ပညာနှင့် သားဖွားအတတ်ပညာတို့ဖြင့် သူနာပြုနှင့် သားဖွားလုပ်ငန်းနှစ်ရပ်လုံးကို လုပ်ကိုင်နိုင်ရန် အရည်အချင်းပြည့်မီသူအား ကောင်စီကထုတ်ပေးသော ခွင့်ပြုမိန့်ကိုဆိုသည်။

(ဋ) **ကန့်သတ်လိုင်စင်ဆိုသည်မှာ-** ပြည်ပနိုင်ငံတစ်ခုခုမှ သူနာပြုနှင့် သားဖွားအတတ်ပညာကို အောင်မြင်လာသောနိုင်ငံသား သို့မဟုတ် နိုင်ငံခြားသား သူနာပြု သို့မဟုတ် သားဖွားတစ်ဦးဦးအား သူနာပြု သို့မဟုတ် သားဖွားလုပ်ငန်းကိုဖြစ်စေ၊ ယင်းလုပ်ငန်းနှစ်ရပ်လုံးကိုဖြစ်စေ၊ လုပ်ကိုင်နိုင်ရန်ကောင်စီကလုပ်ငန်း၊ နေရာဒေသနှင့် အချိန်ကာလတို့ကိုကန့်သတ်၍ ထုတ်ပေးသော သူနာပြုကန့်သတ်လိုင်စင်၊ သားဖွားကန့်သတ်လိုင်စင်နှင့် သူနာပြုသားဖွားကန့်သတ်လိုင်စင်တစ်မျိုးမျိုးကို ဆိုသည်။

(ဌ) **သူနာပြု-သားဖွားအတတ်ပညာသင်ကျောင်းဆိုသည်မှာ-** သူနာပြုအတတ်ပညာကိုဖြစ်စေ သားဖွားအတတ်ပညာကို ဖြစ်စေ၊ ယင်းအတတ်ပညာနှစ်ရပ်လုံးကိုဖြစ်စေ သင်ကြားပေးသည့် အောက်ပါတစ်ခုခုကို ဆိုသည်။

(၁) ကျန်းမာရေးဝန်ကြီးဌာနက ဖြစ်စေ၊ ကျန်းမာရေးဝန်ကြီးဌာနက ခွင့်ပြုသောအဖွဲ့အစည်းကဖြစ်စေ ဖွင့်လှစ်သင်ကြားပြီး ကောင်စီက အသိအမှတ်ပြုထားသည့် အရည်အချင်းပြည့်မီသောကျောင်း၊ သင်တန်းကျောင်း၊ သိပ္ပံ၊ ကောလိပ်၊ ဒီဂရီကောလိပ် သို့မဟုတ် တက္ကသိုလ်။

(၂) ပုဂ္ဂလိက သူနာပြု-သားဖွား အတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် လုပ်ငန်းလိုင်စင်လျှောက်ထားချက်အပေါ် ကောင်စီကစိစစ်၍ အသိအမှတ်ပြုထားပြီး ကျန်းမာရေးဝန်ကြီးဌာနက လုပ်ငန်းလိုင်စင်ထုတ်ပေးထားသော ပုဂ္ဂလိကကျောင်း၊ သင်တန်းကျောင်း၊ သိပ္ပံ၊ ကောလိပ်၊ ဒီဂရီကောလိပ် သို့မဟုတ် တက္ကသိုလ်။

(ဎ) **ကျန်းမာရေးဝန်ကြီးဌာနဆိုသည်မှာ-** ပြည်ထောင်စုအစိုးရအဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဏ) **ကောင်စီဆိုသည်မှာ-** ဤဥပဒေအရဖွဲ့စည်းသော မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီကို ဆိုသည်။

(တ) **ကောင်စီဝင်ဆိုသည်မှာ-** မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၏ အဖွဲ့ဝင်တစ်ဦးဦးကိုဆိုသည်။

(ထ) **ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဆိုသည်မှာ-** ဤဥပဒေအရ ဖွဲ့စည်းသောကောင်စီ၏ ဗဟိုအလုပ်မှု ဆောင်အဖွဲ့ကိုဆိုသည်။

(ဒ) **ကြီးကြပ်ရေးအဖွဲ့ဆိုသည်မှာ-** သူနာပြုနှင့် သားဖွားလုပ်ငန်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်းရှိ မရှိ ကြီးကြပ်ကွပ်ကဲနိုင်ရန် ဤဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်နှင့် မြို့နယ်ကြီးကြပ်ရေးအဖွဲ့အသီးသီးကို ဆိုသည်။

(ဓ) **ကောင်စီဖြစ်မြောက်ရေးကော်မတီဆိုသည်မှာ-** ဤဥပဒေအရ ကောင်စီဖွဲ့စည်းရာတွင် လိုအပ်သောကိစ္စများ ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနကဖွဲ့စည်း၍ တာဝန်ပေးအပ်သော မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဖြစ်မြောက်ရေးကော်မတီကို ဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏ကျန်းမာရေးမူဝါဒနှင့်အညီ အရည်အသွေးပြည့်မီပြီး ထိရောက်သော သူနာပြုစုစောင့်ရှောက်မှုလုပ်ငန်းများကို အများပြည်သူတို့ ခံစားခွင့်ရရှိစေရန်၊

(ခ) သူနာပြုနှင့် သားဖွားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေး၊ အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်ရန်၊

(ဂ) သူနာပြုနှင့် သားဖွားအတတ်ပညာကို တိုးတက်ပြောင်းလဲလာသော နည်းပညာများနှင့်အညီ လေ့လာသင်ယူနိုင်ရန်နှင့် အရည်အသွေးပြည့်မီစွာဝန်ဆောင်မှုပေးနိုင်စေရန်၊

(ဃ) သူနာပြုနှင့်သားဖွားအတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှုကို သူနာပြုနှင့် သားဖွားများ စဉ်ဆက်မပြတ် လေ့လာဆည်းပူးပြီး အရည်အချင်းပြည့်ဝစေရန်၊

(င) သူနာပြုနှင့်သားဖွားများ၏ ကျင့်ဝတ်သိက္ခာနှင့်အညီ လိုက်နာစောင့်ထိန်းရေးနှင့် ဂုဏ်သိက္ခာကို အစဉ်ထိန်းသိမ်းမြှင့်တင်နိုင်ရေးတို့အတွက် ကြီးကြပ်ကွပ်ကဲနိုင်ရန်၊

(စ) သူနာပြုနှင့် သားဖွားများ၏လုပ်ငန်းပိုင်းဆိုင်ရာဆောင်ရွက်ရာတွင် တရားမျှတမှုရှိစေရန်နှင့် အကာအကွယ်ပေးနိုင်ရန်၊

(ဆ) သူနာပြုနှင့် သားဖွားအတတ်ပညာ အရည်အသွေးပြည့်မီပြီး အဆင့်အတန်းမြင့်မားစွာ လေ့ကျင့်သင်ကြားရေး၊ အသက်မွေးဝမ်းကျောင်းမှုပြုရေးတို့နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပြီးပူးပေါင်းဆောင်ရွက်နိုင်ရန်။

## အခန်း(၃)

## ကောင်စီဖွဲ့စည်းခြင်း

၄။ ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီကို ဖွဲ့စည်းနိုင်ရေးအတွက် ကျန်းမာရေးနှင့်ဆိုင်သော အစိုးရဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ သူနာပြုနှင့် သားဖွားကိုယ်စားလှယ်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် ကောင်စီဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းရမည်။

၅။ ကောင်စီဖြစ်မြောက်ရေးကော်မတီသည်-

(က) အောက်ဖော်ပြပါ သူနာပြုနှင့် သားဖွားကိုယ်စားလှယ်များနှင့် အခြားသင့်လျော်သော သူနာပြုသားဖွားများ၏ အမည်စာရင်းကို တောင်းခံပြီး ပဏာမကောင်စီဝင်များအဖြစ် ရွေးချယ်လျာထားရမည်-

(၁) ကျန်းမာရေးဦးစီးဌာနမှ တာဝန်ပေးအပ်ခြင်းခံရသည့်သူနာပြုအရာရှိ .................. ................. .......... (၁)ဦး

(၂) ဆေးသိပ္ပံပညာဦးစီးဌာနမှတာဝန်ပေးအပ်ခြင်းခံရသည့်သူနာပြုအရာရှိ .................. ................. .......... (၁)ဦး

(၃) ကာကွယ်ရေးဝန်ကြီးဌာန၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ တာဝန်ပေးအပ်ခြင်း ခံရသည့် သူနာပြုအရာရှိ .................. ............ ........... (၁)ဦး

(၄) သူနာပြုတက္ကသိုလ်၊ ရန်ကုန်တိုင်းဒေသကြီးမှ တာဝန်ပေးအပ်ခြင်းခံရသည့်သူနာပြုအရာရှိ ............... ........ (၁)ဦး

(၅) သူနာပြုတက္ကသိုလ်၊ မန္တလေးတိုင်းဒေသကြီးမှ တာဝန်ပေးခြင်းခံရသည့် သူနာပြုအရာရှိ ............... ... ............. ..... (၁)ဦး

(၆) တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ တာဝန်ပေးခြင်းခံရသည့် အရာရှိ .......... ....... ..................... .. .... . (၁)ဦး

(၇) သူနာပြုအုပ်ကြီး ................ ..................... .......... ............. (၁)ဦး

(၈) သူနာပြုသင်တန်းကျောင်းမှ ကိုယ်စားလှယ် . .......... ........... .......... (၂)ဦး

(၉) သားဖွားသင်တန်းကျောင်းမှ ကိုယ်စားလှယ် .......... ........... .......... (၂)ဦး

(၁၀) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိလိုင်စင်ရသူနာပြုနှင့် သားဖွားများက မိမိတို့အနက်မှ ရွေးချယ်တင်မြှောက်ခြင်းခံရသော သူနာပြုသားဖွားကိုယ်စားလှယ်တစ်ဦးစီ ............. ...........(၁၇)ဦး

(၁၁) မြန်မာနိုင်ငံနိုင်ငံသူနာပြုနှင့်သားဖွားအသင်းဥက္ကဋ္ဌ ............. ........... (၁)ဦး

(၁၂) ပုဂ္ဂလိက ဆေးရုံဆေးခန်းများမှ သူနာပြုနှင့် သားဖွားကိုယ်စားလှယ် ..................... ........... ........... (၃)ဦး

(၁၃) အငြိမ်းစား သူနာပြုဆရာနှင့် ဆရာမကြီးများက မိမိတို့အနက်မှ ရွေးချယ်တင်မြှောက်ခြင်းခံရသော အငြိမ်းစား သူနာပြု ဆရာနှင့် ဆရာမကြီးများ ............... ......... (၁၅)ဦး

(ခ) ပုဒ်မခွဲ (က)အရ ရွေးချယ်လျာထားသော ကောင်စီဝင်များအား ၎င်းတို့အနက်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို ရွေးချယ်တင်မြှောက်စေရမည်။

(ဂ) ပုဒ်မခွဲ (က)နှင့် (ခ)တို့အရ ကောင်စီဝင်များအဖြစ် ရွေးချယ်လျာထားသော ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီအဖွဲ့ဝင်များ ပါဝင်သည့်မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီကို ဖွဲ့စည်းနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

၆။ ကျန်းမာရေးဝန်ကြီးဌာနသည် ကောင်စီဖြစ်မြောက်ရေးကော်မတီက ရွေးချယ်လျာထား၍ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ) အရ တင်ပြသော ကောင်စီဝင်များအား စိစစ်ပြီး ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီအဖွဲ့ဝင်များပါဝင်သည့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းရမည်။

၇။ ကောင်စီသည်-

(က) ကောင်စီဝင်တစ်ဦးဦးအား ဘဏ္ဍာရေးမှူးအဖြစ် တာဝန်ပေးအပ်နိုင်သည်။ ယင်းသို့ တာဝန်ပေးအပ်ခြင်းမရှိလျှင် ကောင်စီအတွင်းရေးမှူးသည် ဘဏ္ဍာရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

(ခ) ကောင်စီဝင်တစ်ဦးဦးအား စာရင်းစစ်အဖြစ် တာဝန်ပေးအပ်နိုင်သည်။

(ဂ) လိုအပ်ပါက ကောင်စီဝင်များအနက်မှ တွဲဖက်ဘဏ္ဍာရေးမှူးနှင့် တွဲဖက်စာရင်းစစ်တို့အဖြစ် တာဝန်ပေးအပ် နိုင်သည်။

၈။ ကောင်စီသည် ကောင်စီအတွင်းရေးမှူးအား မှတ်ပုံတင်အရာရှိအဖြစ် တာဝန်ပေးအပ်ပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

၉။ ကောင်စီသက်တမ်းနှင့် ကောင်စီဝင်များ၏ ရာထူးသက်တမ်းတို့နှင့် စပ်လျဉ်း၍-

(က) ကောင်စီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်ကြိမ်လျှင် ၄ နှစ်ဖြစ်သည်။

(ခ) ကောင်စီဝင်များ၏ ရာထူးသက်တမ်းသည် ကောင်စီ၏သက်တမ်းနှင့်အညီ ဖြစ်သည်။

(ဂ) ကောင်စီဝင်တစ်ဦးဦးသည် ကောင်စီဝင်ရာထူးသက်တမ်းတစ်ဆက်တည်း ၃ ကြိမ်အထိ ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဃ) ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီအသစ်ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်လွှဲပြောင်းသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၀။ ကောင်စီဝင်တစ်ဦးဦး၏ နေရာလစ်လပ်သည့်အခါ-

(က) ကျန်းမာရေးဝန်ကြီးဌာနသို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းက တာဝန်ပေးအပ်သည့်ကောင်စီဝင်နေရာဖြစ်လျှင် ယင်းဌာနအဖွဲ့အစည်းက ထိုလစ်လပ်သည့်နေရာအတွက် အစားထိုးတာဝန်ပေးအပ်ရမည်။

(ခ) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လိုင်စင်ရ သူနာပြုသားဖွားများမိမိတို့အနက်မှ ရွေးချယ်တင်မြှောက်ခြင်းခံရသူတစ်ဦးဦး၏ နေရာဖြစ်လျှင် ယင်းတို့က ထိုသို့ရွေးချယ်

စာမျက်နှာ ၁၆ သို့

ဥပဒေကြော်ငြာ

*စာမျက်နှာ ၁၅ မှ*

တင်မြှောက်သည့်အတိုင်း အစားထိုးရွေးချယ်တင်မြှောက်ရမည်။

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ အစားထိုး တာဝန်ပေးအပ်ခြင်း သို့မဟုတ် အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော ကောင်စီဝင်၏ ရာထူးသက်တမ်းသည် လက်ရှိကောင်စီသက်တမ်းကုန်ဆုံးချိန်အထိသာဖြစ်စေရမည်။

၁၁။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လာသည့်အခါ ကောင်စီဝင်အဖြစ်မှ ရပ်စဲစေရမည်-

(က) သေဆုံးခြင်း၊ စိတ်ပေါ့သွပ်ခြင်း သို့မဟုတ် သာသနာ့ဘောင်သို့အပြီးကူးပြောင်းခြင်း၊

(ခ) နုတ်ထွက်ခြင်း၊

(ဂ) ကောင်စီသို့ခွင့်ပန်ကြားခြင်းမရှိဘဲ အစည်းအဝေးသို့ တက်ရောက်ရန် တစ်ဆက်တည်း ၃ ကြိမ်ဆက်တိုက်တမင်ပျက်ကွက်ခြင်း၊

(ဃ) ကောင်စီသို့ ခွင့်ပန်ကြားခြင်းမရှိဘဲ ပြည်ပသို့ ခြောက်လနှင့်အထက် ထွက်ခွာခြင်း၊

(င) မှတ်ပုံတင်စာရင်းနှင့် လိုင်စင်ပယ်ဖျက်ခံရခြင်း၊

(စ) ကောင်စီကသတ်မှတ်သော အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာပြစ်မှု သို့မဟုတ် နိုင်ငံတော်လုံခြုံရေးကို ထိခိုက်စေနိုင်သောပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ထောင်ဒဏ်အပြစ်ပေးခံရခြင်း၊

(ဆ) ကိုယ်ကျင့်တရား ပျက်ပြားရာရောက်သည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း၊

၁၂။ ကောင်စီဖွဲ့စည်းခြင်းနှင့် အစည်းအဝေးကျင်းပခြင်းဆိုင်ရာ ကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း (၄)**

**ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၃။ ကောင်စီသည် ဤဥပဒေတွင် သီးခြားသတ်မှတ်ပြဋ္ဌာန်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များအပြင် အောက်ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ပိုင်ခွင့်ရှိသည်။

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်မှုရှိစေရန် တာဝန်ယူဆောင်ရွက်ခြင်း၊

(ခ) သူနာပြုနှင့်သားဖွားလုပ်ငန်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်းရှိ မရှိ ကြီးကြပ်ကွပ်ကဲနိုင်ရန် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်၊ မြို့နယ်သူနာပြု၊ သားဖွားလုပ်ငန်းကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊

(ဂ) ပြည်တွင်း ပြည်ပရှိ သူနာပြု-သားဖွား အတတ်ပညာသင်ကျောင်း တစ်ခုခုက အပ်နှင်းသည့် ဘွဲ့၊ဒီပလိုမာနှင့် အောင်လက်မှတ်များကို အရည်အချင်းစစ်ဆးရန် ကင်းလွတ်ခွင့်ပြုထားခြင်းမရှိပါက အရည်အချင်းစစ်ဆေးပြီး အသိအမှတ်ပြုခြင်း သို့မဟုတ် အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ဃ) ပြည်ပရှိ သူနာပြု-သားဖွား အတတ်ပညာသင်ကျောင်း တစ်ခုခုက အပ်နှင်းသည့် ဘွဲ့၊ဒီဂရီ၊ ဒီပလိုမာနှင့်အောင်လက်မှတ်များကို အသိအမှတ်ပြုရေးအတွက် အရည်အချင်းစစ်ဆေးရန် ကင်းလွတ်ခွင့်ပေးခြင်း၊

(င) ကောင်စီကအသိအမှတ်ပြုသော ပြည်တွင်း၊ ပြည်ပရှိ သူနာပြု-သားဖွား အတတ်ပညာသင်ကျောင်း တစ်ခုခုကဖြစ်စေ သူနာပြုနှင့် သားဖွားဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ အပ်နှင်းသည့် ဘွဲ့၊ဒီဂရီ၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်ရရှိသူက သူနာပြုအဖြစ်သော်လည်းကောင်း၊ သားဖွားအဖြစ်သော်လည်းကောင်း၊ သူနာပြု-သားဖွားအဖြစ်သော်လည်းကောင်း မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး လိုအပ်ပါက အရည်အချင်းစစ်ဆေးမှုပြုလုပ်၍ မှတ်ပုံတင်ရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ မှတ်ပုံတင်ရန် ခွင့်ပြုပါက မှတ်ပုံတင်ကြေးပေးသွင်းစေပြီး သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းနှင့် မှတ်ပုံတင်လက်မှတ်ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းဖြစ်ပါက စိစစ်ပြီး မှတ်ပုံတင်လက်မှတ် မူရင်းခွဲထုတ်ပေးခြင်း၊

(စ) ပုဒ်မခွဲ (င)အရ မှတ်ပုံတင်လက်မှတ်ရရှိသူက လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်တစ်မျိုးမျိုးထုတ်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်သို့မဟုတ် ကန့်သတ်လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းနှင့် လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းဖြစ်ပါက မူရင်းခွဲ မိတ္တူထုတ်ပေးခြင်း၊

(ဆ) ပုဒ်မခွဲ (စ)အရ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရန် ခွင့်ပြုခြင်းခံရသူသည် -

(၁) ပြည်တွင်းရှိသူနာပြု-သားဖွားအတတ်ပညာသင်ကျောင်း တစ်ခုခုက အပ်နှင်းသည့် ဘွဲ့၊ဒီဂရီ၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်ရရှိပြီး တရားဝင် မှတ်ပုံတင်လက်မှတ်ရရှိသူဖြစ်ပါက စည်းကမ်းချက်များ သတ်မှတ်၍ လိုင်စင်ကြေးပေးသွင်းစေပြီး သက်ဆိုင်ရာလိုင်စင်ထုတ်ပေးခြင်း၊

(၂) ပြည်ပရှိ သူနာပြုသားဖွားအတတ်ပညာသင်ကျောင်းတစ်ခုခုက အပ်နှင်းသည့် ဘွဲ့၊ဒီဂရီ၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်ရရှိပြီး တရားဝင်မှတ်ပုံတင်လက်မှတ်ရရှိသူဖြစ်ပါက စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ကြေးပေးသွင်းစေပြီး သက်ဆိုင်ရာ ကန့်သတ်လိုင်စင်ထုတ်ပေးခြင်း။

(ဇ) သက်ဆိုင်ရာလိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်တစ်မျိုးမျိုးကို သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်နှင့် အရည်အချင်းကို စိစစ်ပြီး စည်းကမ်းချက်များသတ်မှတ်၍ သက်တမ်းတိုးမြှင့်ကြေးပေးသွင်းစေပြီး သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

(ဈ) သူနာပြုကိုဖြစ်စေ၊ သားဖွားကို ဖြစ်စေ၊ မှတ်ပုံတင်ထားခြင်းနှင့် လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို သတ်မှတ်ချက်များနှင့်အညီ ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ည) မှတ်ပုံတင်ရန် ငြင်းပယ်ခြင်း၊ ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကိုသော်လည်းကောင်း၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကိုသော်လည်းကောင်း ခံရသော သူနာပြုကိုဖြစ်စေ၊ သားဖွားကိုဖြစ်စေ၊ သူနာပြု-သားဖွားကိုဖြစ်စေ သတ်မှတ်ထားသော လိုအပ်ချက်များနှင့် ညီညွတ်မှုရှိ မရှိ စိစစ်ပြီး မှတ်ပုံတင်ခွင့်ပြု၍ သက်ဆိုင်ရာလိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ပြန်လည်ထုတ်ပေးခြင်း သို့မဟုတ် မှတ်ပုံတင်ရန်နှင့် သက်ဆိုင်ရာလိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ပြန်လည်ထုတ်ပေးရန် ငြင်းပယ် ခြင်း၊

(ဋ) သူနာပြု-သားဖွားဆိုင်ရာ ကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်ပါက ကောင်စီဝင်တစ်ဦးဦးကဦးဆောင်၍ပါဝင်ပြီး အစိုးရဌာန အဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ အခြားသင့်လျော်သော ပုဂ္ဂိုလ်များ ပါဝင်သည့်စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်း၍ဖြစ်စေ၊ ကောင်စီဝင် ၃ ဦးပါဝင်သောစုံစမ်းစစ်ဆေးရေးအဖွဲ့ကိုဖွဲ့စည်း၍ဖြစ်စေ၊ စုံစမ်းစစ်ဆေးပြီး တွေ့ရှိချက်အစီရင်ခံစာတင်ပြစေခြင်း။

(ဌ) မှတ်ပုံတင်ကြေး၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကြေး၊ သက်တမ်းတိုးမြှင့်ကြေး၊ ဝန်ဆောင်ခနှင့် အခြားအခကြေးငွေများကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း၊

(ဍ) သူနာပြုနှင့် သားဖွားများ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊ ထိုစည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက သတ်မှတ်ထားသော ဒဏ်ကြေးတပ်ရိုက်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဎ) နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိက ဆေးရုံများ၊ ဆေးခန်းများ၏ သူနာပြုစုစောင့်ရှောက်မှု အဆင့်အတန်းထိန်းသိမ်းမြှင့်တင်ရေးအတွက် လိုအပ်သောအရည်အသွေး စံချိန်စံညွှန်းသတ်မှတ်ခြင်း၊

(ဏ) သူနာပြုအတတ်ပညာနှင့် သားဖွားအတတ်ပညာတို့ကို နိုင်ငံတကာအဆင့်မီစေရန်ဆောင်ရွက်ခြင်း၊ယင်းအတတ်ပညာသင်ကြားရေးနှင့်စပ်လျဉ်း၍စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ညီ မညီ အခါအားလျော်စွာ စစ်ဆေး၍လိုအပ်ပါက ကျန်းမာရေးဝန်ကြီးဌာနသို့အကြံပြုတင်ပြခြင်း၊

(တ) ပုဂ္ဂလိက သူနာပြု-သားဖွား အတတ်ပညာသင်ကျောင်းတည်ထောင်ဖွင့်လှစ်သင်ကြားရေးနှင့်စပ်လျဉ်း၍သတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိမရှိစိစစ်အကဲဖြတ်ချက်များပြုလုပ်ပြီး ခွင့်ပြုရန်သင့် မသင့် သဘောထားမှတ်ချက်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနသို့တင်ပြပြီး ခွင့်ပြုပါက အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း၊

(ထ) သူနာပြု-သားဖွား အတတ်ပညာသင်ကျောင်းတွင် လေ့ကျင့်သင်ကြားမှုများနှင့်စပ်လျဉ်း၍ အရည်အချင်းပြည့်မီခြင်း၊ စံချိန်စံညွှန်းကိုက်ညီခြင်း ရှိ မရှိ အခါအားလျော်စွာ စစ်ဆေးအကဲဖြတ်ခြင်း၊

(ဒ) နိုင်ငံတော်နှင့် ပုဂ္ဂလိကပိုင်ဆေးရုံများ၊ ဆေးခန်းများ၏သူနာပြုစုစောင့်ရှောက်မှုအရည်အသွေး စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ညီ မညီ အခါအားလျော်စွာ ဆန်းစစ်အကဲဖြတ်ခြင်း၊

(ဓ) သူနာပြုနှင့် သားဖွားဆိုင်ရာ အကျိုးပြုမည့် လုပ်ငန်းကိစ္စရပ်များကို ပြည်တွင်းပြည်ပရှိ အစိုးရဌာန၊ အဖွဲ့အစည်းများ ၊ ပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(န) အစိုးရဆေးရုံ၊ ဆေးခန်းများနှင့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော သူနာပြုနှင့် သားဖွားများအတွက်လည်းကောင်း၊ သူနာပြုသားဖွားများအတွက်လည်းကောင်း ယင်းတို့၏ ကျွမ်းကျင်မှုနှင့် ရာထူးအဆင့်အလိုက် သူနာပြုနှင့် သားဖွားတို့၏ ဝတ်စုံနှင့် အဆောင်အယောင်တို့ကို သတ်မှတ်ပေးခြင်း၊ အတည်ပြုချက်ပေးခြင်းနှင့် အသိအမှတ်ပြုခြင်း၊

(ပ) ကောင်စီရန်ပုံငွေကို ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ထူထောင်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဖ) ကောင်စီ၏ ရုံးအဖွဲ့ကိုဖွဲ့စည်း၍ သင့်လျော်သော သတ်မှတ်လစာနှုန်းထားများဖြင့် လိုအပ်သောဝန်ထမ်းများကို ကာလသတ်မှတ်ချက်ဖြင့် ခန့်အပ်တာဝန်ပေးခြင်းနှင့် ထုတ်ပယ်ခြင်း၊

(ဗ) ကောင်စီပုံမှန်အစည်းအဝေးများ၊ အထူးအစည်းအဝေးများနှင့် နှစ်ပတ်လည်အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ခေါ်ယူကျင်းပခြင်း၊

(ဘ) ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသော အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း (၅)**

**ဗဟိုအလုပ်မှုအဆောင်အဖွဲ့နှင့် လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း**

၁၄။ ကောင်စီသည်-

(က) မိမိ၏လုပ်ငန်းတာဝန်များကို ကောင်စီကိုယ်စား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အဖွဲ့ဝင်၁၅ဦးထက်မနည်းသောအောက်ပါပုဂ္ဂိုလ်များပါဝင်သည့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်-

(၁) ကောင်စီဥက္ကဋ္ဌ -- --- ဥက္ကဋ္ဌ

(၂) ကောင်စီဒုတိယဥက္ကဋ္ဌ -- --- ဒုတိယဥက္ကဋ္ဌ

(၃) ကောင်စီဝင် အနည်းဆုံး ၁၁ ဦး -- --- အဖွဲ့ဝင်များ

(၄) ကောင်စီအတွင်းရေးမှူး --- --- အတွင်းရေးမှူး

(၅) ကောင်စီတွဲဖက်အတွင်းရေးမှူး -------- --------- တွဲဖက်အတွင်းရေးမှူး

(ခ) ဤဥပဒေပါပြဋ္ဌာန်းချက်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းကော်မတီများကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်-

(၁) သူနာပြု၊ သားဖွားအတတ်ပညာနှင့် လုပ်ငန်းအဆင့်အတန်းမြှင့်တင်ရေး လုပ်ငန်းကော်မတီ၊

(၂) သူနာပြု၊ သားဖွားပညာရေးနှင့်လုပ်ငန်းအရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ၊

(၃) သူနာပြု၊ သားဖွားကျင့်ဝတ်သိက္ခာထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊

(၄) သူနာပြု၊ သားဖွားစည်းကမ်းထိန်းသိမ်းရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ၊

(၅) သူနာပြု၊ သားဖွားဆိုင်ရာ အခြားလိုအပ်သည့် လုပ်ငန်းကော်မတီများ။

**အခန်း (၆)**

**မှတ်ပုံတင်ခြင်း**

၁၅။ ကောင်စီက ပုဒ်မခွဲ ၁၃၊ ပုဒ်မခွဲ (ဂ)အရ အသိအမှတ်ပြုသော ပြည်တွင်းရှိ သူနာပြု-သားဖွားအတတ်ပညာသင်ကျောင်းတစ်ခုခုက အပ်နှင်းသည့် ဘွဲ့၊ဒီဂရီ၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်ရရှိသူသည် သူနာပြုအဖြစ်သော်လည်းကောင်း၊ သားဖွားအဖြစ်သော်လည်းကောင်း၊ သူနာပြု-သားဖွားအဖြစ်သော်လည်းကောင်း မှတ်ပုံတင်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၁၆။ ကောင်စီသည်-

(က) ပုဒ်မ ၁၅ အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုအပ်ပါက အရည်အချင်းစစ်ဆေးမှု ပြုလုပ်၍ မှတ်ပုံတင်ရန်ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ မှတ်ပုံတင်ရန် ခွင့်ပြုပါက သတ်မှတ်ထားသော မှတ်ပုံတင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအား သက်ဆိုင်ရာမှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

၁၇။ ကောင်စီက ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဂ)နှင့် (ဃ)တို့အရ အသိအမှတ်ပြုသော ပြည်ပရှိသူနာပြု-သားဖွား အတတ်ပညာသင်ကျောင်းတစ်ခုခုက အပ်နှင်းသည့် ဘွဲ့၊ဒီဂရီ၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်ရရှိသော နိုင်ငံခြားသားသည် သူနာပြုအဖြစ်သော်လည်းကောင်း၊ သားဖွားအဖြစ်သော်လည်းကောင်း၊ သူနာပြု-သားဖွားအဖြစ်သော်လည်းကောင်း ယာယီမှတ်ပုံတင်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၁၈။ ကောင်စီသည်-

(က) ပုဒ်မ ၁၇ အရ လျှောက်ထားချက်ကိုစိစစ်ပြီး ကောင်စီက အရည်အချင်းစစ်ဆေးခြင်းကို ကင်းလွတ်ခွင့်ပြုထားခြင်းမရှိပါက အရည်အချင်း စစ်ဆေးမှုပြုလုပ်၍ မှတ်ပုံတင်ရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ရန် ခွင့်ပြုပါက သတ်မှတ်ထားသော မှတ်ပုံတင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူ နိုင်ငံခြားသားအား ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

၁၉။ ပုဒ်မ ၁၅ နှင့် ၁၇ တို့အရ မှတ်ပုံတင်ရန်လျှောက်ထားသူသည်-

(က) လျှောက်လွှာပုံစံနှင့်အတူ ဘွဲ့၊ဒီဂရီ၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်မူရင်းနှင့် မိတ္တူတို့ကို ပူးတွဲ၍ လျှောက်ထားရမည်။

(ခ) သတ်မှတ်ထားသောမှတ်ပုံတင်ကြေးကို သတ်မှတ်ချက်များနှင့်အညီပေးသွင်းရမည်။

၂၀။ (က) မှတ်ပုံတင်ရန်ငြင်းပယ်ခြင်း၊ မှတ်ပုံတင်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့် အမိန့်ချမှတ်ခြင်းခံရသူသည် သတ်မှတ်ထားသော လိုအပ်ချက်များနှင့်အညီ ဆောင်ရွက်၍ ထိုအမိန့်ကို ပယ်ဖျက်ပြီး ပြန်လည်မှတ်ပုံတင်ပေးရန် ကောင်စီသို့လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ (က)အရ လျှောက်ထားချက်ကို စိစစ်ပြီး ပြန်လည်မှတ်ပုံတင်ပေးခြင်း သို့မဟုတ် မှတ်ပုံတင်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။ မှတ်ပုံတင်ရန် ခွင့်ပြုပါက သတ်မှတ်ထားသော မှတ်ပုံတင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

**အခန်း (၇)**

**လိုင်စင်နှင့် ကန့်သတ်လိုင်စင်**

၂၁။ ပုဒ်မ ၁၆ အရ မှတ်ပုံတင်လက်မှတ် ရရှိသူသည် သူနာပြုအတတ်ပညာဖြင့်ဖြစ်စေ သားဖွားအတတ်ပညာဖြင့်ဖြစ်စေ သူနာပြု-သားဖွား အတတ်ပညာဖြင့်ဖြစ်စေ လုပ်ကိုင်လိုပါက သူနာပြုလိုင်စင်၊ သားဖွားလိုင်စင် သို့မဟုတ် သူနာပြု-သားဖွားလိုင်စင်ထုတ်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီလျှောက်ထားရမည်။

၂၂။ ကောင်စီသည်-

(က) ပုဒ်မ ၂၁ အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ လိုင်စင်ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသောလိုင်စင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များသတ်မှတ်၍ သက်ဆိုင်ရာ သူနာပြုလိုင်စင်၊ သားဖွားလိုင်စင် သို့မဟုတ် သူနာပြု-သားဖွားလိုင်စင် ထုတ်ပေးရမည်။

၂၃။ ပုဒ်မ ၁၈ အရ ယာယီမှတ်ပုံတင်လက်မှတ်ရရှိသော နိုင်ငံခြားသားသည် သူနာပြုအတတ်ပညာဖြင့်ဖြစ်စေ၊ သားဖွားအတတ်ပညာဖြင့်ဖြစ်စေ၊ သူနာပြု-သားဖွား အတတ်ပညာဖြင့်ဖြစ်စေ လုပ်ကိုင်လိုပါက သူနာပြုကန့်သတ်လိုင်စင်၊ သားဖွားကန့်သတ်လိုင်စင် သို့မဟုတ် သူနာပြု-သားဖွား ကန့်သတ်လိုင်စင် ထုတ်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီလျှောက်ထားရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

**ပြည်တွင်းသတင်းနှင့် ဆောင်းပါး**

# ဖြူးမြို့နယ်အတွင်း ဇူလိုင်ဒုတိယပတ်မှစ၍ မိုးဖြိုင်ဖြိုင်ရွာသွန်း ကျေးလက်လုံမပျိုများ ကောက်စိုက်ဆင်းကြပြီ

**ဖြူး ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်တွင် ၂၀၁၃-၂၀၁၄ ခုနှစ် မိုးစပါးများစိုက်ပျိုးရန် စိုက်ဧက ၁၅၃၄၂၆ ဧက သတ်မှတ်လျာထားခဲ့သော်လည်း မိုးဦး၊ မိုးလယ် မိုးခေါင်မှုနှင့် မိုးရွာသွန်းမှု နည်းနေသဖြင့် မိုးစပါးများ စိုက်ပျိုးမှု နောက်ကျခဲ့ရသည်။

ယခု ဇူလိုင် ဒုတိယပတ်မှစတင်၍ ဖြူးမြို့နယ်တွင် မိုးရွာသွန်းမှု အနည်းငယ် ပိုများလာခဲ့ရာ ဇူလိုင် ၁၆ ရက်တွင် ၁ ဒသမ ၂၂ လက်မ၊ ဇူလိုင် ၁၇ ရက်တွင် ၀ ဒသမ ၉၁ လက်မ၊ ဇူလိုင် ၁၉ ရက်တွင် ၁ ဒသမ ၆၅ လက်မ၊ ဇူလိုင် ၂၀ ရက်တွင် ၀ ဒသမ ၇၅ လက်မ၊ ဇူလိုင် ၂၁ ရက်တွင် ၀ ဒသမ ၇၁ လက်မ၊ ဇူလိုင် ၂၂ ရက်တွင် ၁ ဒသမ ၅၄ လက်မအထိ မိုးရွာသွန်းခဲ့ကြောင်း ဖြူးမြို့နယ် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ လယ်မြေများ၌ မိုးရေများရရှိနေကြပြီဖြစ်၍ ကောက်စိုက်ရန် အသင့်ပြင်ထားသော လယ်မြေများတွင် ကျေးလက်လုံမပျိုများ ကောက်စိုက်တေးတကြော်ကြော်ဖြင့်



တပျော်တပါး ကောက်စိုက်ဆင်းနေကြပြီကို တွေ့ရသည်။

ဖြူးမြို့နယ်တွင် ၂၀၁၃-၂၀၁၄ ခုနှစ် မိုးစပါးစိုက်ပျိုးမှုမှာ ဇူလိုင် ၁၉ ရက်အထိ မိုးစပါးစိုက်ပျိုးပြီးစီးမှု ၅၂၅၈၄ ဧက၊ ၃၄ ရာခိုင်နှုန်းကိုသာ စိုက်ပျိုးပြီးစီးသေး၍ ယခုနှစ် မိုးစပါးစိုက်ပျိုးမှုမှာ ရက်ပေါင်း ၃၀ ခန့် နောက်ကျလျက်ရှိသဖြင့် "ကျွန်တော်တို့ လယ်သမားများကတော့ ဒီနှစ်အတွက် မိုးစပါး ကောက်စိုက်နောက်ကျတော့ ကံသေ၊ ကံမတွက်လို့မရဘူးပေ့ါဗျာ။ ကံကောင်းလို့ နောက်မိုးကောင်းမယ်ဆိုရင် အထွက်နှုန်းကောင်းသင့်သလောက် ကောင်းကြဦးမှာပါ။ အကယ်၍ နောက်မိုးသာ ပြတ်သွားမယ်ဆိုရင်တော့ ဝမ်းစာတောင်အနိုင်နိုင်ဆိုတဲ့ကိန်း ဆိုက်ကြဖို့များပါတယ်"ဟု ဖြူးအရှေ့ဘက် ငါးခေါင်းအင်းရွာမှ လယ်သမားတစ်ဦးက ပြောသည်။ **ဖြူး-မြင့်ဦး**

## ဓမ္မစကူးလ်သင်တန်းများ ဖွင့်လှစ်သင်ကြား

**နေပြည်တော် ဇူလိုင် ၂၆**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာအုပ်စု အထက(ခွဲ)ကျောင်းကုန်းကျောင်းတွင် ဆရာတော် ဒေါက်တာနန္ဒက ဦးဆောင်ပြီး ကျောင်းကုန်းကျောင်းဆရာတော် ဦးဓမ္မသာမိ ကြီးကြပ်ကာ ဆရာ ဆရာမ ခြောက်ဦးက ကျောင်းသား ကျောင်းသူ ၁၂၀ ကို ကျောင်းဖွင့်ရာသီတွင် တနင်္ဂနွေနေ့တိုင်း ဓမ္မစကူးလ်သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ ထို့အတူ ကျောင်း ကုန်းနယ်မြေအတွင်းရှိ သရက်ပင်၊ ကဇွန်းအင်း၊ သူဌေးကုန်း၊ ပုစွန်ဆိပ်၊ ကံသာ၊ ကျွန်းတောကျေးရွာများတွင်လည်း ဖွင့်လှစ်သင်ကြားနေသည်။

**သက်ထက်**

## စက်မှုသီးနှံဆိုင်ရာဆင့်ပွားသင်တန်းဆင်း

**ပခုက္ကူ ဇူလိုင် ၂၅**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ စက်မှုသီးနှံဆိုင်ရာ ဆင့်ပွားသင်တန်းဆင်းပွဲကို ဇူလိုင် ၁၈ ရက်က အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မာစိုးက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အဆိုပါ စက်မှုသီးနှံဆိုင်ရာ သင်တန်းတွင် ပခုက္ကူမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်ဌေးနှင့် မြိုင်မြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခင်ပြုံးတို့က သင်တန်းများပို့ချပေးကြပြီး ပခုက္ကူခရိုင်အတွင်း မြို့နယ်ငါးမြို့နယ်မှ သင်တန်းသား သင်တန်းသူ ၂၈ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

"ယခုလိုဖွင့်လှစ်တဲ့ သင်တန်းကို တက်ရောက်ရတဲ့အတွက် ကျွန်တော်တို့မှာ အကျိုးများစွာရရှိပါတယ်။ အထူးသဖြင့် ဝါစိုက်ပျိုးရေးမှာ ရောဂါများအကြောင်း၊ မျိုးစေ့အကြောင်း၊ ပိုးမွှားတွေအကြောင်း၊ ကာကွယ်ပုံ၊ ကုသပုံ၊ ပြုစုပုံ အလုံးစုံသိလိုက်ရတော့ ဝါစိုက်ပျိုးရေးမှာ ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်ခဲ့ရင် ဝါစိုက်တာင်သူတွေ အကျိုးများစွာရရှိမှာဖြစ်ပါတယ်။ အခြားသီးနှံများအတွက်လည်း ဗဟုသုတတွေအများကြီးရရှိပါတယ်"ဟု မြိုင်မြို့နယ်မှ သင်တန်းသားတစ်ဦးက ပြောပြသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

# မြောင်မြို့နယ်လုံးကျွတ် သောက်သုံးရေပေးဝေရေး မြေအောက်ရေပိုက်လိုင်းများ လှူဒါန်း

**မြောင် ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် မြောင်မြို့နယ်လုံးကျွတ် သောက်သုံးရေ ပေးဝေနိုင်ရေး တည်ဆောက်ပြီးသည့် မြေအောက်ရေပိုက်လိုင်းများ လှူဒါန်းခြင်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီထံသို့ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင် ၂၃ ရက် နံနက် ၈ နာရီက မြောင်မြို့ ထီးလှိုင်ရှင်ပန်းခြံ၌ ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးတင့်လှိုင်မြင့်၊ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ မြောင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ၊ ဦးဝင်းနိုင်နှင့် တိုင်းဒေသကြီး/ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြောင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးတင့်လှိုင်မြင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်၊ အလှူရှင် ဦးကံမြင့်-ဒေါ်ပျော့တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီးနောက် ကမ္ပည်းမော်ကွန်းကျောက်စာကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် အလှူရှင်မိသားစုတို့က အမွှေးနံ့သာများ ပက်ဖျန်းကာ မြို့တွင်း သောက်သုံးရေပေးဝေသည့် ရေဘားကို အလှူရှင်မိသားစုက ဖွင့်လှစ်ပေးပြီး မှတ်တမ်းဓာတ်ပုံများရိုက်ကူးမှတ်တမ်းတင်ခဲ့ကြသည်။

မြောင်မြို့ သောက်သုံးရေ ပေးဝေရေးအတွက် မြောင်မြို့နှင့် သုံးမိုင်လေးဖာလုံကွာဝေးသည့် ရွှေပေါက်ပင်ကျေးရွာအနီး ဧရာဝတီမြစ်ရေမှ ပွန်တွန်းဖြင့် တင်ပို့ပြီး အိမ်အရောက် ဖြန့်ဖြူးခြင်းလုပ်ငန်းကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် မြို့တွင်းသို့ အိမ်အရောက် ရေပိုက်များ၊ ရေမီတာများဖြင့် ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ပြီး ရေပေးဝေရေးလုပ်ငန်းအတွက် ရှေးဦး အလှူရှင်များဖြစ်သော ဦးတင်ထွန်းအောင်- ဒေါ်မြမြဖြိုး (Youth Force Company) မိသားစုတို့က ငွေကျပ်သိန်း ၂၆၀၀ တန်ဖိုးရှိ တည်ဆောက်ရေးလုပ်ငန်းများဖြစ်သော ပွန်တွန်း၊ ရေစက်ရုံနှစ်ခု၊ ဂါလန် ၅၀၀၀၀ ဆံ့ ရေစုကန်တစ်ကန်၊ ဂါလန် ၂၅၀၀၀ ဆံ့ အမြင့်တင် ရေစင်တစ်ခု၊ ထရန်စဖော်မာ နှစ်လုံး၊ 50 HP မော်တာနှစ်လုံး၊ 30 HP မော်တာနှစ်လုံး၊ ၆ လက်မ Ø ရေပို့ပိုက် ၁၂၈၄၅ ပေ၊ ၆ လက်မ Ø ရေဆိုးထုတ်ပိုက်ပေ ၅၀၀ သွယ်တန်းခြင်း စသည့် လုပ်ငန်းများနှင့် မြို့အရောက် ဆောင်ရွက်နိုင်ခဲ့ပြီး ယခုတစ်ဖန် မြို့တွင်း အိမ်အရောက် စနစ်တကျ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ၆ လက်မ၊ ၄ လက်မ၊ ၃ လက်မ၊ ၂ လက်မပိုက် စုစုပေါင်း အရှည် ၅၉၇၆၂ ပေနှင့် လုပ်အားခများ စုစုပေါင်း ကုန်ကျငွေကျပ်သိန်း ၅၇၀ နှင့် ထပ်မံဖြည့်စွက် လှူဒါန်းငွေကျပ် သိန်း ၁၀၀ စုစုပေါင်း ငွေကျပ်သိန်း ၆၇၀ ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အင်းလျားမြိုင်လမ်း ရွှေတောင်ကြား (၂) ရပ်ကွက်နေ ဦးကံမြင့်-ဒေါ်ပျော့ (ရွှေဗဟိုရ်စည် အီလက်ထရွန်နစ်) မိသားစုက လှူဒါန်းခဲ့ကြသည့် မြို့လုံးကျွတ် ရေလိုအပ်ချက်ကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း မြောင်မြို့နယ် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌက ပြောကြားခဲ့သည်။ **မြင့်နိုင်စိုး(iprd)**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သတ္တုတွင်းဝန်ကြီးဌာန**
**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး**
**စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

### ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် အဆိုပြုလွှာများတင်သွင်းရန်

**ကြေညာချက်(၆/၂၀၁၄)**
**နေပြည်တော် ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ရက်**
**(၂၀၁၄ ခုနှစ် ဇူလိုင် ၂၄ရက်)**

၁။ မိုးကုတ်ရတနာနယ်မြေနှင့် မိုင်းရှူးရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၄ ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများအတွင်း သက်တမ်းကုန်ဆုံးမည့်သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ (ပုဒ်မ-၁၂)၊(ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များထုတ်ပေးရေးဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ် (သို့မဟုတ်) နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement) ကို ပူးတွဲတင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နှင့်ဆက်သွယ်၍ အောက်ပါအတိုင်းဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့်အဆိုပြုလွှာထုတ်ယူခြင်း။** ၂၀၁၄ ခုနှစ် ဇူလိုင် ၂၈ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ် လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင် လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁) တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိတ်ထိုးပြီး ၂၀၁၄ ခုနှစ် ဇူလိုင် ၂၈ရက်မှ ဩဂုတ် ၂၇ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက် မျက်ရတနာပြတိုက်(နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများတင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ(Deposit)ကျပ် တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းရပါမည်။

၅။ အမည်မည်း(Black List)စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၆။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးခွဲ)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန၊ စခန်းရုံး(မန္တလေး)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုင်းရှူး)တွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး**
**စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

---

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တည်ဆောက်ရေးလုပ်ငန်း
- (၁) လေးခန်းတွဲ သုံးထပ်(RC)အဆောက်အအုံ Total Floor Area 7800 SQ.FT) — (၃) လုံး
- (၂) ခြောက်ခန်းတွဲ သုံးထပ် (Total Floor Area 12168 SQ.FT) — (၂) လုံး

(ခ) ရုံးသုံးစက်ကိရိယာ
- (၁) (E-Government)လုပ်ငန်းအတွက် အင်တာနက်လိုင်းတပ်ဆင်ခြင်းနှင့် ဆက်စပ်ပစ္စည်းများ
- (၂) ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း — (၁) လုံး
- (၃) ပရိုဂျက်တာ — (၁) လုံး

(ဂ) ရုံးသုံးမော်တော်ယာဉ်
- (၁) ရုံးသုံးမော်တော်ယာဉ်(Hilux Double Cub)အလားတူယာဉ် — (၁) စီး
- (၂) မော်တော်ဆိုင်ကယ် — (၂) စီး

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။
- (က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၈-၇-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း
- (ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၇-၈-၂၀၁၄ ရက်၊ ၁၆:၀၀ နာရီ
- (ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်** - ၁-၉-၂၀၁၄ ရက် (ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်။)

၃။ အသေးစိတ်သိရှိလိုပါက မကွေးမြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး ဖုန်း-၀၆၃-၂၈၄၄၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

---

### ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပား အထက တက္ကသိုလ်ဝင်တန်းမှ မောင်စည်သူထွန်း၏ ဖခင် ဦးမင်းဒင်၏ အမည်မှန်မှာ ဦးဗိုလ်မင်းဒင် ၉/ကပတ(နိုင်)၀၉၄၉၃၂ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ ကဖြူ အထက နဝမတန်းမှ မောင်ဝေဖြိုးဝင်း၏ ဖခင် ဦးဝင်းအောင်၏ အမည်မှန်မှာ ဦးဝင်းမောင် ၉/ကပတ(နိုင်)၀၅၅၈၂၉ ဖြစ်ပါသည်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# စက်ရေတွင်းများ တူးဖော်ထားသော်လည်း ကျွန်းလှမြို့နယ်၌ စိုက်ပျိုးရေရရှိရန် ခက်ခဲနေ

**ကျွန်းလှ ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်အတွင်း စက်ရေတွင်းများကို ဆိုလာစနစ်အသုံးပြုကာ တပ်ဆင်ပေးခဲ့သော်လည်း လက်ရှိတွင် တောင်သူများအတွက် အခက်အခဲများကြုံတွေ့နေရကြောင်း ဒေသခံများထံမှ သိရသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ရေအရင်းအမြစ်ဦးစီးဌာနမှ စိုက်ပျိုးရေရရှိရန် ရည်ရွယ်ကာ ရှမ်းစုကျေးရွာ၊ လယ်လှကျေးရွာနှင့် ကန်ပေါက်ကျေးရွာများတွင် စက်ရေတွင်းများကို ဆိုလာပြားများတပ်ဆင်ကာ တူးဖော်ပေးထားခြင်းဖြစ်ပြီး နွေရာသီတွင် နေရောင်ခြည်ပြည့်ဝသောကြောင့် ရေရရှိရန် လွယ်ကူခဲ့သော်လည်း ယခုအခါ မိုးအုံ့သည့်ရက်များပြားသဖြင့် ရေအပြည့်အဝ မရရှိကြောင်း သိရသည်။



"ကျွန်တော်တို့ ကျေးရွာအုပ်စုမှာ စိုက်ပျိုးရေးအတွက် စက်ရေတွင်း နှစ်တွင်း တူးပေးထားပါတယ်။ အမှတ်(၁) စက်ရေတွင်းကို အနက်ပေ ၄၁၀ အထိ တူးပေးထားတာပါ။ ဆိုလာစနစ်ဖြစ်တာကြောင့် နေပူချိန်မှာ တစ်မိနစ်ကို ရေဂါလန်၃၀ အထိ ထွက်ရှိပါတယ်။ သို့သော်လည်း မိုးအုံ့ချိန်တွေမှာ ရေမထွက်တဲ့အတွက် တောင်သူတွေ စိုက်ပျိုးချိန်မှာ အခက်အခဲတွေ ဖြစ်နေရတဲ့အတွက် သက်ဆိုင်ရာက ဆောင်ရွက်ပေးစေလိုပါတယ်" ဟု ရှမ်းစုကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသန်းလှိုင်က ပြောကြားသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ကသာမြို့နယ်အတွင်းရှိပြောင်းစိုက်တောင်သူများ ဝင်ငွေတိုးလာ

**ကသာ ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်း ဇူလိုင်လလယ်မှစတင်ကာ ဖူးစားပြောင်း စိုက်ပျိုးသူများ ဝင်ငွေတိုးလာကြောင်း သိရသည်။

"လယ်စိုက်ရာသီရောက်ရှိလာတော့ လယ်ကွင်းပြင်မှာ ကျွဲ၊ နွားကျောင်းလို့မရတော့ စားကျက်မြေနေရာရှားပါးလာတယ်။ ပြောင်းစိုက်တော့ အဖူးကိုချိုးပြီး မိသားစုလည်းစားလို့ရသလို ဝင်ငွေတိုးပွားအောင်ရောင်းစားလို့ရတယ်။ အပင်နဲ့ အရွက်ကိုလည်း ကျွဲ၊ နွားနဲ့ မြင်းတွေရဲ့ အစာအဖြစ် ရောင်းနေရပါတယ်။ စိုက်ပြီး ရက်ပေါင်း ၉၀ မှာ အဖူးလိုက်လာပြီး အရက် ၂၀အတွင်း အဖူးရောင်းစားလို့ရပါတယ်။ အပင်ကိုတော့ ခုတ်စည်းပြီး ရောင်းပါတယ်။ ပြောင်းဖူးတစ်ဖူးကို ငွေကျပ် ၁၅၀ ကနေ ၂၀၀ အထိရပြီး တောင်သူအများစုက ထိုင်ဝမ်မျိုးကို စိုက်ကြလို့ အပင်တစ်ပင်ကနေ အဖူးငါးဖူးလောက်ရပါတယ်။ တစ်ခါစိုက်ရင် ငွေကျပ် နှစ်သိန်းအထိ အမြတ်ကျန်ကြတယ်"ဟု တောင်သူတစ်ဦးက ပြောသည်။

ထို့ပြင် ယခုနှစ်အတွင်း ကျွဲ၊ နွား မှောင်ခိုရောင်းဝယ်မှုများအား စိုးရိမ်ကြသဖြင့် ကျွဲ၊ နွားများကို နေအိမ်တွင်ထားကာ ကျွေးမွေးကြသဖြင့် ပြောင်းစိုက်တောင်သူများအဖို့ ပိုမိုတွက်ခြေကိုက်လာရကြောင်း သိရသည်။

ယခုနှစ်အတွင်း ပြောင်းစိုက်သူများ ပိုမိုများပြားလာလျက်ရှိပြီး ပြောင်းဖူးမျိုးများသည်လည်း နိုင်ငံခြားမှ ပေါများစွာ ဝင်ရောက်လျက်ရှိသည်။ သို့ရာတွင် အများဆုံး အသုံးပြု စိုက်ပျိုးကြသည့် ထိုင်ဝမ်ပြောင်းမျိုးများမှာ ဈေးနှုန်းသက်သာမှုရှိကာ အဖူးတင်သည့် အမျိုးအစားလည်း ဖြစ်သည်။ ပြည်တွင်းဈေးကွက်အပြင် မူဆယ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့လည်း တင်ပို့ရမှုများပြားလာခြင်းကြောင့် ပြည်တွင်းအဝယ်ဒိုင်များကလည်း ကျေးလက်များအထိ ကွင်းဆင်းဝယ်ယူမှုများလည်းရှိကြောင်း ပြောင်းစိုက်တောင်သူများထံမှ သိရှိရသည်။

**ငွေအိုး(ကသာ)**

# တောင်သာ၌ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ဖွင့်လှစ်

**တောင်သာ ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် အနောက်ရပ် အခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခြင်းကို ဇူလိုင် ၂၅ ရက်က ကျင်းပခဲ့သည်။

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဌေးအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းက ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းက အမှာစကားပြောကြားကာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် ခရိုင်ပညာရေးမှူး ဦးတင်ဝင်းတို့က ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပညာရေးဝန်ကြီးဌာနက ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုသည့် အမိန့်စာကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းစုထံပေးအပ်ကာ ကျောင်းအကျိုးတော်ဆောင် ဦးအုံးကြိုင်က ကျောင်း(ခွဲ) အဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အနောက်ရပ် အခြေခံပညာမူလတန်းကျောင်းကို ၁၉၆၁ ခုနှစ် မှစတင်ဖွင့်လှစ်ခဲ့ပြီး ဒေသခံများ၏ ပြုပြင်မွမ်းမံမှုဖြင့် အလယ်တန်းကျောင်းခွဲအဆင့်အထိပင် ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများကပြောသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

# ထိုင်းနိုင်ငံထုတ် ရုပ်သံဖမ်းစက်လူကြိုက်များ

ထိုင်းနိုင်ငံထုတ် PSI တစ်ပေစလောင်းရုပ်သံဖမ်းစက်များကို ဈေးနှုန်းချိုသာခြင်းနှင့် လိုင်းစုံကြည့်ရှုနိုင်ခြင်းတို့ကြောင့် မွန်ပြည်နယ် ရေးမြို့နယ် ဈေးကွက်အတွင်း PSI တစ်ပေစလောင်းနှင့် ဖမ်းစက်အပါဝင် ရောင်းဈေးငွေကျပ် ၂၂၀၀၀ ခန့်သာရှိကြောင်း သိရသည်။ PSI တစ်ပေဇန်းတွင် ပြည်တွင်းရုပ်သံလိုင်း ငါးလိုင်းနှင့် ထိုင်းမှ ရုပ်သံလိုင်းများအပါအဝင် လိုင်းပေါင်း ၁၅၀ ခန့်ပါဝင်ပြီး လိုင်းကြေးပေးရန်မလိုဘဲ အားလုံးကို အခမဲ့ကြည့်ရှုနိုင်ခြင်းနှင့် အရုပ်အသံကြည်လင်ပြတ်သားခြင်းကြောင့် မြို့နယ်တွင်းရှိ ကျေးရွာများတွင်ပါ လူကြိုက်များခြင်းဖြစ်သည်။ စလောင်းတပ်ဆင်လာကြသည်နှင့်အမျှ လိုက်လံတပ်ဆင်ပေးသူများလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြပြီး တစ်ခါတပ်ဆင်ပါက ငွေကျပ် ၁၅၀၀၀ အထိရရှိကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**

# ကောလင်း၌ လောင်းကစားဝိုင်း ဖမ်းမိ

ကောလင်းမြို့နယ် အထက်သီတရာကျေးရွာ၌ ဇူလိုင် ၂၅ ရက်က ဖဲလောင်းကစားဝိုင်းကို ဖမ်းမိခဲ့သည်။

ကောလင်းမြို့မ ရဲစခန်းမှ နယ်ထိန်း ခေါင်းဆောင်နှင့် တပ်ဖွဲ့ဝင်များသည် လောင်းကစားသတင်းအရ ကျေးရွာ အတွင်းရှိ ဦးချစ်အောင်၏ နေအိမ်ကို သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ အိမ်ရှင်များ အပါအဝင် ကစားသမား ငါးဦးကို လောင်းကစားနေစဉ် ဖမ်းမိသဖြင့် ကောလင်းမြို့မရဲစခန်းက လောင်းကစားဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

**စက်မှုဝန်ကြီးဌာန**
**အမှတ် (၁၁)အကြီးစားစက်ရုံ**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁၁)အကြီးစားစက်ရုံ (ရန်ကုန်)တွင် ထုတ်လုပ်မှုဆောင်ရွက်ခြင်းမရှိတော့သည့် Mazda Jeep X-2000 Press Parts(၂၃)မျိုး နှင့် X-2000 Component Parts(၁၃၄)မျိုးတို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၇-၂၀၁၄ရက်မှ ၂၀-၈-၂၀၁၄ရက်အထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - အမှတ် (၁၁)အကြီးစားစက်ရုံ(ရန်ကုန်)၊ စီမံကိန်းဌာန

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်၊အချိန်နှင့် နေရာ** - ၂၀-၈-၂၀၁၄ရက် နံနက် ၀၉း၃၀နာရီ၊ အမှတ် (၁၁) အကြီးစားစက်ရုံ(ရန်ကုန်)၊ စီမံကိန်းဌာန

**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၁-၈-၂၀၁၄ရက်၊ ၁၂း၀၀နာရီ

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၆၈၁၇၈၊ ၀၁-၆၆၀၄၀၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**အမှတ် (၄၆)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

**ကန့်ကွက်နိုင်ပါကြောင်း**

ယာဉ်အမှတ် ၁၄ယ/၈၀၀၀၇ လော်ဂျား 110 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၃/ပလန(နိုင်)၀၆၉၀၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

**ကန့်ကွက်နိုင်ပါကြောင်း**

ယာဉ်အမှတ် ၂၆ယ/၂၄၁၈၇ ဟွန်ဒါဝေဖ့် ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းနိုင် ၁၃/တကန(နိုင်)၁၉၂၄၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ကလေးမြို့နယ်တရားရုံးတော်**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၂၅**

**မသီတာစန်း** နှင့် ၁။ **မငွေငွေမြင့်**
၂။ **မမော်လွင်**
**တရားလို** **တရားပြိုင်များ**

ကလေးမြို့နယ်၊ ကံပုလဲကျေးရွာနေ မမော်လွင် (၂)တရားပြိုင်(ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပေးဆပ်မည်ဟုကတိပြုငွေ ကျပ်ခုနစ်သိန်းရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဩဂုတ် ၈ ရက် (၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ပါ အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မောင်မောင်အေး)**
**မြို့နယ်တရားသူကြီး**
**ကလေးမြို့နယ်တရားရုံး**

**ပျောက်ဆုံးခြင်း**

ကျွန်တော် ခွန်ရွှေလေး ၁၃/တကန(နိုင်)၂၂၀၄၇၇၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၂၅၀၉၈**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဆေးသိပ္ပံပညာဦးစီးဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်အတွက် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်း
၂။ လျှပ်စစ်သုံးပစ္စည်း
၃။ ရုံးသုံးစက်ကိရိယာများ
၄။ ရုံးသုံးပရိဘောဂများ
၅။ ဓာတ်ခွဲခန်းသုံးပစ္စည်းများ
၆။ သွားဘက်ဆိုင်ရာဆေးပညာဂျာနယ်များ(အင်္ဂလိပ်)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၉-၇-၂၀၁၄ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၁-၈-၂၀၁၄ ရက် ၁၄း၀၀ နာရီ နောက်ဆုံးထားတင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဘတ်ဂျက်ဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်မြို့။

၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဖုန်း-၀၁-၅၇၁၂၇၃၊ ၀၁-၅၆၄၆၃၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်**

**ပြည်ပဝယ်ယူရေးလုပ်ငန်းများ လုပ်ကိုင်ရန် ဝန်ထမ်းတစ်ဦးအလိုရှိသည်**

- အင်္ဂလိပ်ဘာသာဖြင့် လုပ်ငန်းအတွေ့အကြုံရှိ၍ 4 Skill ကျွမ်းကျင်ရမည်။
- Email, Internet အသုံးပြုနိုင်ရမည်။
- အင်ဂျင်နီယာဘွဲ့ရ ဦးစားပေးမည်။
- ဝယ်ယူရေးလုပ်ငန်း လုပ်ကိုင်နိုင်ရန် သင်ကြားပေးမည်။
- ဖုန်း-၀၉-၄၄၈၀၁၃၁၁၈၊ ၀၉-၄၉၅၇၃၂၁၈၊ ၀၉-၄၉၅၇၃၂၁၉ တို့သို့ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။ info@lifeandchallenge.com သို့ CV Form ပေးပို့ လျှောက်ထားနိုင်သည်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ယခုနှစ်အတွက် ကမ္ဘာလှည့်ခရီးသည်လာရောက်မှုမျှော်မှန်းချက်ပြည့်မီလာနိုင်

**ရန်ကုန် ဇူလိုင် ၂၆**

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်မှုသည် ယမန်နှစ်ကထက် သိသိသာသာ တိုးတက်လာနေသည်ကို တွေ့ရကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့နိုင်ငံမှာ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်မှုဟာ ယမန်နှစ်ကထက် တိုးတက်များပြားလာတာ တွေ့ရပါတယ်။ ဒီလို တိုးတက်များပြားလာရတဲ့ အဓိကအကြောင်းတွေကတော့ ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်မှုနဲ့ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေမှုတွေနဲ့ ဆက်စပ်နေတာဖြစ်ပါတယ်" ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

မြန်မာနိုင်ငံအတွင်း ကမ္ဘာလှည့်ခရီးသွားများလာရောက်လည်ပတ်မှုသည် ၂၀၁၄ ခုနှစ် မေလအထိကမ္ဘာလှည့်ခရီးသည် ၁၂၀၆၂၆၀ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။ ယင်းမှာ ၂၀၁၃ ခုနှစ် အလားတူကာလကထက် ၃၄၆၀၃၂ ဦး ပိုမိုလာရောက်ခဲ့သည်ဟု ဆိုသည်။

မြန်မာနိုင်ငံသည် ကမ္ဘာလှည့် ခရီးသွား လာရောက်လည်ပတ်မှုသည် လွန်ခဲ့သည့်နှစ်နှစ်အတွင်း သိသိသာသာတိုးတက်လာခဲ့ရာ ယခုနှစ်အတွင်း အနည်းဆုံး ကမ္ဘာလှည့်ခရီးသည် သုံးသန်းခန့်လာရောက် လည်ပတ်နိုင်ရန် မျှော်လင့်ထားသည်။

ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှု တိုးပွားလာစေရန် ရည်ရွယ်လျက် သက်ဆိုင်ရာလေဆိပ်များ၌ ဆိုက်ရောက်ဗီဇာများ ထုတ်ပေးခြင်း၊ မြန်မာနိုင်ငံအတွင်း ဗီဇာနှင့်နေထိုင်နိုင်မှုရက် တိုးမြှင့်ပေးခြင်း စသောဖြေလျှော့မှုများလည်း ပြုလုပ်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် အာဆီယံကဲ့သို့ နိုင်ငံတကာအစည်းအဝေးများ၊ အားကစားပွဲများ လက်ခံကျင်းပလာသည်နှင့်အမျှ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်မှုသည် တဖြည်းဖြည်း တိုးတက်လာမည်ဖြစ်ပြီး မျှော်မှန်းထားသည့်ခရီးသွားဦးရေ ပြည့်မီလာနိုင်လိမ့်မည်ဟု သက်ဆိုင်ရာက မျှော်မှန်းထားသည်။

ထို့အပြင် ခရီးသွားဝင်ရောက်မှုများပြားလာသည်နှင့်အမျှ ပြည်တွင်းမှ ခရီးသွားလုပ်ငန်းကို အခြေပြုကာ လုပ်ကိုင်လျက်ရှိကြသော စီးပွားငယ်များလည်း ပိုမိုဖွံ့ဖြိုးလာနိုင်ကြောင်း ခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ထို့အပြင် နိုင်ငံခြားသားခရီးသွားအများစုမှာ လေ့လာလည်ပတ်ခြင်းများအပြင် စီးပွားရေးအခြေချလုပ်ကိုင်နိုင်ရန် ရည်ရွယ်၍လည်း လာရောက်လေ့လာတတ်ကြသည်။

**မြင့်မောင်စိုး**



# ငါန်းဇွန်မြို့၌နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု တတိယအဆင့်လုပ်ငန်းစဉ်များအလုပ်ရုံဆွေးနွေး

**မန္တလေး ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၅ ရက်က ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းက နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်ရေးလုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် နိုင်ငံ့ဝန်ထမ်းများက နိုင်ငံတော်အဆင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အတွင်း ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အကြံပြုဆွေးနွေးခဲ့ကြသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးကဏ္ဍ အရှိန်မြှင့်တင်ရန် ဆွေးနွေး

**စစ်တွေ ဇူလိုင် ၂၆**

ရခိုင်ပြည်နယ် ကျန်းမာရေးကဏ္ဍ အရှိန်အဟုန်မြှင့်တင်မှု (Third Wave) အစည်းအဝေးကို ဇူလိုင် ၂၅ ရက်က စစ်တွေမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးအစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရခိုင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမြအောင်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဝင်းနိုင်၊ စစ်တွေ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ စိုးထွဋ်အောင်နှင့် အထူးကုဆရာဝန်ကြီးများ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမြအောင်က အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဝင်းနိုင်က ကျန်းမာရေးကဏ္ဍ တတိယအဆင့် အရှိန်အဟုန်မြှင့်တင်ရေးလုပ်ငန်းစဉ် (၄)နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသူများက ရခိုင်ပြည်နယ်ကျန်းမာရေးကဏ္ဍ တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave)နှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးကြကြောင်း သိရသည်။

မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ကဏ္ဍအသီးသီးတွင် နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်မြှင့် ဆွေးနွေးခြင်းများကို ဆက်တိုက်ပြုလုပ်လျက်ရှိနေပြီး ရခိုင်ပြည်နယ်အတွင်း၌လည်း ကျန်းမာရေး၊ ပညာရေး၊ အုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာများတွင် စနစ်ကောင်းများ ရရှိစေရေးနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်တက်စေရေး ဆွေးနွေးခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**


## ကြော်ငြာစာ

**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)**
**အနောက်ပိုင်းခရိုင်တရားမရုံးတော်၌**
**၂၀၁၄ ခုနှစ် တရားမအသေးဖွဲ့မှုအမှတ် ၁၂၉**

**ကွယ်လွန်သူ ဦးခင်မောင်ဦး၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။**

ကမာရွတ်မြို့နယ်၊ အမှတ် ၉၊ ရတနာလမ်း၊ ၈ ရပ်ကွက်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးခင်မောင်ဦး၏ ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်နီလာကြည်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၄ခုနှစ် ဩဂုတ် ၁၁ရက်တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးခင်မောင်ဦး၏ ကျန်ရှိရစ်သာပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၄ခုနှစ် ဩဂုတ် ၁၁ ရက်၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်နီလာကြည်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၄ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးသန့်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

**ဖခင် အမည်မှန်**

သံတောင်မြို့၊ အထက တက္ကသိုလ်ဝင်တန်း(B)မှ နော်ဇင်းဘာဖော၏ ဖခင်အမည်မှန်မှာ ဦးစောသာဝါးဖြစ်ပါကြောင်း။

ဦးစောသာဝါး

## ဟသ်ာတအသင်း

**သံဃဒါန အလှူခံများလာနေပါပြီ**

ဇာတိမြေ ဟသ်ာတမြို့၊ မိုးသံဃဒါနဆွမ်းလောင်းလှူပွဲကို နှစ်စဉ်ကျင်းပမြဲအတိုင်း ကျင်းပသွားမည်ဖြစ်ရာ ယခုနှစ်တွင်လည်းမြို့ပေါ်ရှိ သံဃာအပါး ၃၅၀၀ကျော်အား လောင်းလှူမည့် အကြိမ် (၁၁၀၊ ၁၁၁၊ ၁၁၂)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကို တနင်္ဂနွေပတ်၊ တနင်္လာပတ်၊ အင်္ဂါပတ် မိုးသံဃဒါနဆွမ်းလောင်းအသင်းတို့တွင် ၂၁-၉-၂၀၁၄ရက်၊ ၂၂-၉-၂၀၁၄ ရက်နှင့် ၂၃-၉-၂၀၁၄ရက်များတွင် လောင်းလှူကြမည်ဖြစ်ပါသည်။

ယခင်နှစ်များကဲ့သို့ပင် အလှူရှင်များထံသို့ သံဃဒါန အကျိုးဆောင်များနှင့် အမှုဆောင်များ အလှူခံလာရောက်ကြမည်ဖြစ်ပါ၍ အလှူငွေများထည့်ဝင်နိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

ဆွမ်းလောင်းမည့်ခရီးစဉ် အသေးစိတ်ကို ထပ်မံကြေညာပါမည်။

**အမှုဆောင်အဖွဲ့**
**ဟသ်ာတအသင်း ဖုန်း-၀၁-၃၉၈၇၁၆**

## မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးသန်း(ဒလ-ပျော်ဘွယ်ကြီး)၏ လစဉ် ဝိပဿနာတရားစခန်းဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၅၈)ရပ်ကွက်၊ ဦးဘဉာဏ်လမ်း၊ အမှတ် ၈၈၈၊ ဓမ္မရသဓမ္မာရုံကြီးတွင် လယ်တီမူအနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်၊ ကမ္မဋ္ဌာနာစရိယချုပ် ဆရာကြီးဦးသန်း၏တပည့်များ အနီးကပ်ညွှန်ပြပို့ချအပ်သော လစဉ်ဝိပဿနာခုနစ်ရက်တရားစခန်းကို ၁-၈-၂၀၁၄ရက်မှ ၉-၈-၂၀၁၄ရက်အထိ ဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသူများ၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်လှူဒါန်းလိုသူများ ဖုန်း-၀၉-၃၁၅၆၆၈၂၁၊ ၀၉-၇၃၀၀၈၅၂၈တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**လယ်တီမူအနာဂါမ် ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်**
**(၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၃၉၊ ၁၇၆ ဂိတ်ဆုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လှိုင်းဘွဲ့မြို့နယ်၊ ကိုမောင်ကျေးရွာအုပ်စု၊ ၄က်ပျောတောကျေးရွာနေ ဦးလှကြိုင်၏သား ၃/လဘန(နိုင်)၁၂၄၇၅၃ ကိုင်ဆောင်သူ စောသန့်စင်(ခ)စောသန့်ဇင်သည် တစ်ဦးတည်းဖြစ်ကြောင်း။

## အမည်ပြောင်း

ရွှေဘိုမြို့နယ်၊ ဘုန်းဘွဲ့ကျေးရွာ အလက၊ ပဥ္စမတန်းမှ ဦးလဝင်း၏သား မောင်အောင်ပိုင်ခန့်ကို မောင်ပိုင်ဇေယျာကို ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ပိုင်ဇေယျာကို**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဆင်ပေါင်ဝဲမြို့နယ်တရားရုံး**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၁**

မမော်မော်စန်း **နှင့်** မောင်မြင့်နိုင်စိုး
**တရားလို** **တရားပြိုင်**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ကိုးပင်ကျေးရွာနေ မောင်မြင့်နိုင်စိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဩဂုတ် ၆ရက် (၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၁၁ ရက်) နံနက် ၁၀ နာရီတွင် အထက်အမည်ပါ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်သန္တာ)**
**မြို့နယ်တရားသူကြီး၊ ဆင်ပေါင်ဝဲမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၆၂၉၉၊ Toyota Landcruiser, S/W (4 × 4) ယာဉ်လက်ဝယ်ရှိသူ ဦးဘိုဘိုအောင် ၁၂/လသန(နိုင်)၀၂၁၁၉၈၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ဧရာဝတီမြစ်ရေထိန်းရေကာတာကြောင့် စိုက်မြေဧက ၁၅၀၀ ကို ရေလွှမ်းခြင်းမှ ကာကွယ်နိုင်တော့မည်

***မန္တလေးတိုင်းဒေသကြီးမှခွင့်ပြုရန်ပုံငွေကျပ်သိန်း၁၇၀၀ကျော်အသုံးပြုကာ တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။***



**ငါန်းဇွန် ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်အတွင်းရှိ သားကျင်၊ နတ်ကြီး၊ ပေါက်တောကျေးရွာများသည် ဧရာဝတီမြစ်ရေဝင်သော အရပ်ဒေသများဖြစ်၍ နှစ်စဉ်မြစ်ရေလွှမ်းခြင်းကြောင့် ရေဘေးဒုက္ခများ ခံစားကြရသည်။ ထို့ကြောင့် ရေလွှမ်းခြင်းမှ ကာကွယ်ရန် မန္တလေးတိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ခရိုင်နှင့် မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ကြီးမှူးကာ နတ်ကြီး-သားကျင်-ပေါက်တော ဧရာဝတီရေထိန်းရေကာတာ တည်ဆောက်ခြင်းကို မေ ၈ ရက်မှစတင်ကာ တည်ဆောက်လျက်ရှိရာ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီး အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။

ရေထိန်းရေကာတာ မတည်ဆောက်မီက ဧရာဝတီမြစ်ရေကြီးချိန်များတွင် သီးနှံများပျက်စီးရခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ ကမ်းပြိုမှုနှင့် ရေလွှမ်းမှုများကို တိမ်းရှောင်ရခြင်းများရှိခဲ့သည်။ ရေထိန်းရေကာတာကြီး ပြီးစီးသွားပါက မြစ်ရေကို ရေတံခါးများမှ လိုအပ်သလို ရေသွင်းခြင်းနှင့် ရေထုတ်ခြင်း ပြုလုပ်နိုင်ပြီး သီးနှံစိုက်ဧက ၅၀၀ ခန့်ကို ရာသီမရွေး အောင်မြင်စွာ စိုက်ပျိုးနိုင်မည်ဖြစ်သည်။

ထို့အပြင် ရေလွှမ်းမိုးမှု ဧက ၁၅၀၀ ခန့်ကို ရေဘေးကာကွယ်နိုင်ခြင်း၊ ယခုတည်ဆောက်ပေးသော တာပေါင်နှင့်ဆက်စပ်၍ ကျေးရွာများမှ တာပေါင်များ ပြုလုပ်ကာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါက ကျေးရွာများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ကျန်းမာရေး၊ ပညာရေးများကိုလည်း ဤတာပေါင်ကြီးကို အမှီပြု၍ အကျိုးကျေးဇူးများ ရရှိခံစားနိုင်ကြမည်ဖြစ်သည်။

ရေကာတာကို ဇူလိုင်လကုန်တွင် တည်ဆောက်ပြီးစီးရန် သတ်မှတ်ထားရာ ယခုအခါ အချောသပ်လုပ်ငန်းများသာလုပ်ဆောင်ရန်ကျန်ပြီး မကြာမီကာလအတွင်း လုပ်ငန်းများပြီးဆုံးတော့မည် ဖြစ်သည်။ မန္တလေးတိုင်းလေးဒေသကြီးမှရေထိန်းရေကာတာ တည်ဆောက်ရေးလုပ်ငန်းအတွက် ခွင့်ပြုငွေကျပ်သိန်း ၁၇၀၀ ကျော်အသုံးပြုကာ ကျေးလက်နေ ပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး သားကျင်- နတ်ကြီး- ပေါက်တော ဧရာဝတီ ရေထိန်းရေကာတာကြီးသည် ဩဂုတ်လမှစတင်ကာ ဒေသအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

# မြန်မာ့ရိုးရာအုန်းတံမြက်စည်းလုပ်ငန်းများ လုပ်ကိုင်နေရဆဲ



**မကွေး ဇူလိုင် ၂၆**

ခေတ်မီ တံမြက်စည်းများကို မြို့ပြများတွင် သုံးစွဲလာကြသော်လည်း ကျေးလက်ဒေသများတွင်မူ အုန်းဆံနှင့် သစ်ဝါးများကိုအသုံးပြု၍ ထုတ်လုပ်သည့် အုန်းတံမြက်စည်းကို ယနေ့ထက်တိုင်အသုံးပြုလျက်ရှိကာ ဒေသအသီးသီးတွင် မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိပြီး ဈေးကွက်လည်း အခိုင်အမာ ရှိနေဆဲဖြစ်ကြောင်း လုပ်ကိုင်သူများက ပြောသည်။

"အုန်းတံမြက်စည်း တစ်ချောင်းပြုလုပ်ဖို့အတွက် အသုံးပြုရတဲ့ ကုန်ကြမ်းပစ္စည်းတွေက အုန်းရွက်ကနေ သပ်ယူရတဲ့ အုန်းဆံချောင်း၊ သစ်သားဝိုင်း၊ ဝါးနဲ့လုပ်ထားတဲ့ သပ်ချောင်းနှစ်ချောင်း၊ အုန်းဆံချောင်းတွေကိုသီဖို့ ကြွပ်ကြွပ်ကြိုးတွေ လိုအပ်ပါတယ်။ အုန်းဆံသီကြိုးကိုတော့ အရင်က ကြိမ်ကြိုးကို သုံးပေမယ့် အခုတော့ ကုန်ကြမ်းရှားပြီးဈေးမြင့်တဲ့အတွက် ကြွပ်ကြွပ်ကြိုးကိုသုံးရတယ်" ဟု မကွေးမြို့နယ်မှ အုန်းတံမြက်စည်း လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

"တံမြက်စည်းလုပ်ဖို့အတွက် အုန်းဆံကုန်ကြမ်းကတော့ ဒေသတွင်းမှာ ရှာရလွယ်ပေမယ့် မြင်ဝါးကို စေတုတ္တရာနယ်ဘက်ကနေ မှာယူတင်သွင်းရတယ်။ ကုန်ကျစရိတ်ကငွေကျပ် ၁၀၀၀ ခန့်ရှိပြီးတော့ အသုံးပြုတဲ့ ကုန်ကြမ်းပစ္စည်း အမျိုးအစားအရလိုက်ပြီး သုံးမျိုးထုတ်လုပ်တယ်။ ကျွမ်းကျင်လုပ်သားတစ်ဦးကိုတစ်နေ့ တံမြက်စည်း ၁၀ ချောင်း လုပ်နိုင်တယ်။ ဈေးကွက်လိုအပ်ချက်အပေါ်မူတည်ပြီး တစ်နေ့ အချောင်းရေ ၈၀ ကနေ ၁၀၀ အတွင်း ပြုလုပ်ရတယ်။ ပြင်ပပေါက်ဈေးအနေနဲ့ ၁၅၀၀ ကနေ ၁၈၀၀ အထိ အမျိုးအစားအလိုက် ရောင်းရတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

**ဖူးပွင့်နေခြည်(မကွေး)**

## သတင်းတိုများ

### နိုင်ငံသားစိစစ်ရေးကတ် အခမဲ့ပြုလုပ်ပေး

ကျိုက်ထိုမြို့နယ် ဝင်းကံကျေးရွာတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသူ ၆၀ ကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် နော်ဝေးအခြေစိုက် အခမဲ့မှတ်ပုံတင်ပြုလုပ်ပေးရေးအဖွဲ့တို့ ပူးပေါင်းကာ ဇူလိုင် ၂၅ ရက်က ဝင်းကံကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ အခမဲ့ပြုလုပ်ပေးခဲ့သည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးရာတွင် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဇော်ထွန်း၊ နော်ဝေးအခြေစိုက် အခမဲ့မှတ်ပုံတင်ပြုလုပ်ပေးရေးအဖွဲ့နှင့် မြို့နယ်တာဝန်ခံ ဒေါ်နော်မိမိလှိုင်တို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

**(မြို့နယ်ပြန်/ဆက်)**

### ခေတ်မီနည်းဖြင့် စိုက်ပျိုးခြင်းနည်းသရုပ်ပြ

ဟင်္သာတမြို့နယ် ကျုံတွမ်ကျေးရွာအုပ်စုအတွင်း တောင်သူဦးမျိုးမင်းဇော်၏ လယ်မြေငါးဧကတွင် ကောက်စိုက်စက်ဖြင့် ကောက်စိုက်နည်း တောင်သူများကို လက်တွေ့စိုက်ပျိုးသရုပ်ပြပွဲကို ဇူလိုင် ၂၅ ရက်က ကျင်းပရာ သရုပ်ပြစိုက်ပျိုးပွဲသို့ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ ခရိုင်ဦးစီးမှူးဦးဌေးလွင်၊ ခရိုင်နှင့်မြို့နယ်အဆင့် စိုက်တိုးမြှင့်အဖွဲ့ဝင်များနှင့် ကျုံတွမ်အုပ်စု၊ နတ်မော်အုပ်စု၊ ကုန်းကြီးအုပ်စု၊ ရွာသာကုန်းအုပ်စု၊ စစ်ကွင်းအုပ်စုတို့မှ တောင်သူများတက်ရောက်ပြီး ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရေးအတွက် ပျိုးထောင်နည်း၊ စက်ဖြင့်ရွှေ့ပြောင်းစိုက်ပျိုးနည်းနှင့် စက်ဖြင့်စိုက်ပျိုးခြင်းဖြင့် ရရှိမည့် အားသာချက်များကို ရှင်းလင်းပြသခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**


**သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်**
**(၉၈)ကြိမ်မြောက် ဝါခေါင်လ ၇ ရက် အထူးတရားစခန်းပွဲ**
**ဖိတ်ကြားလွှာ**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၃)ရပ်ကွက်၊ မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ ဓမ္မာရုံတော်ကြီးတွင် နှစ်စဉ်ကျင်းပပြုလုပ်သည့် (၉၈)ကြိမ်မြောက်ဝါခေါင်လ ၇ရက် အထူးတရားစခန်းပွဲကို ၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၉ရက်မှ ဝါခေါင်းလပြည့်နေ့အထိ(၄-၈-၂၀၁၄ရက်မှ ၁၀-၈-၂၀၁၄ရက်)အထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မြတ်စွာဘုရား၏ ဆန္ဒတော်နှင့်အညီ ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားတော်များကို ဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်း ဆရာကြီး၏အန္တေဝါသိက လက်ရင်းတပည့်ကြီးဖြစ်သော ဆရာကြီးဦးသိမ်းဆွေ(ဓနုဖြူ)နှင့် အရံတရားဟောဓမ္မကထိကများက သစ္စာသိကြောင်း အလုပ်ပေးတရားတော်များကို မဈ္ဈိမပဋိပဒါနည်းကျ ဟောကြားပြသပေးကြမည်ဖြစ်ပါသဖြင့် တရားစခန်းဝင်ရောက်လိုသော ယောဂီများသည် ၃-၈-၂၀၁၄ရက် တနင်္ဂနွေနေ့ ညနေ ၅နာရီထက် နောက်မကျဘဲ ကြွရောက်ကြပါရန်၊ စခန်းပွဲသို့ဆက်သွယ်လှူဒါန်းလိုသော အလှူရှင်များနှင့် ယောဂီများအနေဖြင့် နာယကဦးအေးကို ဖုန်း-၀၁-၅၂၁၉၃၀၊ ဥက္ကဋ္ဌဦးကျော်ဦး ဖုန်း-၀၉-၇၃၁၇၅၁၉၉၊ အတွင်းရေးမှူး ဦးမြင့်သန်း ဖုန်း-၀၉-၄၃၁၃၃၉၁၃၊ ဘဏ္ဍာရေးမှူး ဦးလှမျိုး ဖုန်း-၀၉-၅၀၆၁၁၃၈၊ အမှုဆောင်ရုံးခန်း ဖုန်း-၀၉-၇၃၀၃၇၃၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေး နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**



**မိခင် အမည်မှန်**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အထက မူးရစ်ကလေးမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ခုံအမှတ် ညဆ-၂၀ဖြင့် အပထ တန်းအောင်မြင်ခဲ့သော မစိုးစန္ဒာဝင်း၏ မိခင်အမည်မှန်မှာ ဒေါ်အေးအေးမော် ၁၀/ခဆန(နိုင်)၀၅၅၉၂၀ဖြစ်ပါသည်။



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

လက်ထောက်ညွှန်ကြားရေးမှူး(၃)ရုံး၊ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး (၄)၊ ကလေးမြို့အုပ်ချုပ်မှုအောက်ရှိ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေး မြို့နယ်တွင် ဆောင်ရွက်လျက်ရှိသော ရာဇဂြိုဟ်ရေလှောင်တမံဘက်စုံစီမံကိန်းအတွက် လိုအပ်သည့်အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၁။ Rheobuild 561(Admixture)
၂။ တောသစ်(အထူ/အပါး)
၃။ အုတ်
၄။ သဲ
၅။ ကျောက်စရစ်
၆။ ခွဲကျောက် (0 mm~10mm)
၇။ Q.H.A
၈။ ၃၀မီတာ×၂၀မီတာ×၈မီတာ ဂိုဒေါင်ဆောက်လုပ်ရန်အတွက် လိုအပ်သော သံထည်ပစ္စည်းများ

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၈-၇-၂၀၁၄ ရက်၊ ၁၀း၀၀ နာရီ
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၇-၈-၂၀၁၄ ရက်၊ ၁၆း၃၀ နာရီ

တင်ဒါဖွင့်လှစ်မည့်ရက်ကို ထပ်မံကြေညာပါမည်။

လျှောက်လွှာဝယ်ယူရမည့်နေရာ-လက်ထောက်ညွှန်ကြားရေးမှူး (၃) ရုံး၊ တည်ဆောက်ရေး(၄)၊ ဆည်မြောင်းဦးစီးဌာန၊ ကလေးမြို့။
ဖုန်း-၀၇၃-၂၁၅၇၄၊ ၀၇၃-၂၂၂၅၉

အိတ်ဖွင့်တင်ဒါစည်းကမ်းချက်၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကို ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပြီး တင်ဒါလျှောက်လွှာများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါရွေးချယ်ရေးကော်မတီ**



**ပျောက်ဆုံးကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ပန်းပင်တန်းကျေးရွာအုပ်စုရှိ မြေလွတ်၊ မြေရိုင်းနှစ်ရှည်သီးပင်၊ ဥယျာဉ်ခြံသီးနှံစိုက်ပျိုးမှုအတွက် နှစ်(၃၀) လုပ်ကိုင်ခွင့်ပြုထားသော အမိန့်စာမူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။

**ဖုန်း-၀၁-၆၅၁၈၈၄**



**ပြင်ဆင်ဖတ်ရှုပါရန်**

၂၈-၆-၂၀၁၄ရက် မြန်မာ့အလင်းသတင်းစာကြော်ငြာ စာမျက်နှာ ၂၂ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ မင်္ဂလာတောင်ညွန့်မြို့နယ် ဒေါ်သန်းနွဲ့+ ၃ ၏ မြေပုံကူးတွင် ပိုင်ဆိုင်စာချုပ်ရန်အစားပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန်ဟု ဖတ်ရှုပါရန်။



**ပျောက်ဆုံးကြောင်း**

ကျွန်မ မနန်းအွေပင်း (ဘ)ဦးစိုင်းကောင် ၁၃/တခလ(နိုင်)၀၅၇၄၀၃ ၏ ပတ်စ်ပို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၄၁၇၀၂၈**



**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဒ/၆၃၊ မြေကွက်အမှတ်-၆၂၁၊ အကျယ်ပေ(၄၀×၆၀)ရှိ ဒေါ်လှဝင်းမြင့် အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော မြေကွက်အား အမည်ပေါက်ပိုင်ရှင်၏ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသော ညီမဖြစ်သူ ဒေါ်မြင့်မြင့်သန်း ၁၂/ဆကခ(နိုင်)၀၀၅၇၁၄ ကိုင်ဆောင်သူထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို မြေကွက်ပိုင်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလွင်(LL.B,D.B.L)(စဥ်-၇၆၅၂) တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၇**

# နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးအထူးလုပ်ငန်းအဖွဲ့

အခြေခံပညာကျောင်းအသီးသီးမှ စတုတ္ထတန်း၊ အဋ္ဌမတန်းနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အကြောင်းအမျိုးမျိုးကြောင့် ကျောင်းဆက်လက်မတက်ရောက်နိုင်သော ကလေးများနှင့်လူငယ်များ၊ မြန်မာစာရေးတတ်၊ ဖတ်တတ်အဆင့်ရှိကလေးများနှင့် လူငယ်များအနေဖြင့် အစိုးရဝန်ကြီးဌာနအသီးသီးမှဖွင့်လှစ်သော နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးပညာသင်တန်းများကို တက်ရောက်သင်ယူနိုင်သည့် အခွင့်အလမ်းများရှိပါသည်။ အချို့သောဝန်ကြီးဌာနများတွင် Mobile Vocational Training Unit များလည်း ဖွဲ့စည်းထားရှိပါသည်။

Mobile Vocational Training Unit များသည် ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့်အညီ သင်ကြားပေးစေလိုသည့် ဘာသာရပ်၊ သင်တန်းအမျိုးအစားဖြင့် သက်ဆိုင်ရာမြို့နယ်မှ ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့်တောင်းဆိုပါက အနည်းဆုံးသင်ယူလိုသူ ၃၀ ထက်မနည်း စုစည်းပေးနိုင်မည်ဆိုလျှင် သက်ဆိုင်ရာဌာနမှ အဆိုပါ Mobile Vocational Training Unit အဖွဲ့များ စေလွှတ်၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အစိုးရဝန်ကြီးဌာန အသီးသီးအနက်မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ယှဉ်တွဲပါဇယားအရ အမည်ဖော်ပြထားသောသင်တန်းများကို ဖွင့်လှစ်လျက်ရှိရာ တက်ရောက်သင်ကြားလိုသူများအနေဖြင့် သက်ဆိုင်ရာသင်တန်းကျောင်း(သို့မဟုတ်) အောက်ဖော်ပြပါဝန်ကြီးဌာနဖုန်းများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အထူးလုပ်ငန်းအဖွဲ့ ဖုန်း-၀၁-၅၅၅၈၂၄၊ ၀၁-၅၄၂၈၇၃**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၄၀၄၅၀၅၊ ၀၆၇-၄၀၄၅၀၆(နေပြည်တော်)**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၄၀၄၁၁၀**

## နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးအထူးလုပ်ငန်းအဖွဲ့
## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ပို့ချလျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများ

| စဉ် | ဝန်ကြီးဌာန | သင်တန်းကျောင်းအမည်/လိပ်စာ | ဖွင့်လှစ်နေသောသင်တန်းများ | သင်တန်းသားအရည်အချင်း | သင်တန်းကာလ | သင်တန်းကြေး (သင်တန်း အစ-ဆုံး) | စားစရိတ် | အဆောင် | သင်တန်းဆင်းလက်မှတ်အဆင့် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| ၁။ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | မသန်စွမ်းသက်ကြီးသင်တန်းကျောင်း-၆၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ် | ၁။ အီလက်ထရွန်နစ်သင်တန်း | တက္ကသိုလ်ဝင်တန်း | ၁ နှစ် | ၂၀၀၀၀ ကျပ် | အခမဲ့ | အခမဲ့ | လူမှုဝန်ထမ်းဦးစီးဌာနမှ သင်တန်းဆင်းလက်မှတ် ထုတ်ပေးပါသည်။ | မသန်စွမ်းမှုတစ်မျိုး(သို့) တစ်မျိုးထက်ပိုသော မသန်စွမ်းသူ၊ အသက်(၁၈)နှစ်နှင့်အထက် ကိုယ်တိုင်သွားလာလှုပ်ရှားနိုင်သောသူများအား သင်ကြားပို့ချပေးပါသည်။ |
| | | | ၂။ စက်ချုပ်သင်တန်း | | ၃ လ | ၁၂၀၀၀ ကျပ် | | | | |
| | | | ၃။ ဓာတ်ပုံသင်တန်း | | ၃ လ | ၁၂၀၀၀ ကျပ် | | | | |
| | | | ၄။ ပိုးဇာပုံနှိပ်သင်တန်း | | ၃ လ | ၁၂၀၀၀ ကျပ် | | | | |
| | | | ၅။ ဆံသသင်တန်း | | ၃ လ | ၁၂၀၀၀ ကျပ် | | | | |
| | | | ၆။ ကွန်ပျူတာသင်တန်း | | ၃ လ | ၁၂၀၀၀ ကျပ် | | | | |
| | | | ၇။ စက်ချုပ်သင်တန်း | | စနေ+တနင်္ဂနွေ (၈ ပတ်) | ၅၀၀၀၀ ကျပ် | | | သင်တန်းကျောင်းမှသင်တန်းဆင်းလက်မှတ်ထုတ်ပေးပါသည်။ | |
| ၁။ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အိမ်တွင်းမှုသက်မွေးလုပ်ငန်းသင်တန်းကျောင်း (ပုသိမ်၊ တောင်ငူ၊ ဖျာပုံ၊ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ မြစ်ကြီးနား) | ၁။ မိန်းမဝတ် | တက္ကသိုလ်ဝင်တန်း | ၁ နှစ် | ၄၀၀၀ မှ ၁၀၀၀၀ ကျပ် | မိမိအစီအစဉ် | မိမိအစီအစဉ် | လူမှုဝန်ထမ်းဦးစီးဌာနမှ သင်တန်းဆင်းလက်မှတ် ထုတ်ပေးပါသည်။ | ဝေးလံခေါင်းပါးသော ဒေသများတွင် ရပ်ရွာအခြေပြု အိမ်တွင်းမှု သင်တန်းအား Mobile Team အဖြစ် လိုက်လံပို့ချပေးပါသည်။ |
| | | | ၂။ ကျားရုပ် | | ၁ လခွဲ | ၄၀၀၀ မှ ၁၀၀၀၀ ကျပ် | | | | |
| | | | ၃။ ဇာထိုး၊ ပန်းထိုး | | ၁ လခွဲ | ၄၀၀၀ မှ ၁၀၀၀၀ ကျပ် | | | | |
| | | | ၄။ တရုတ်အစားအစာ | | ၁ လခွဲ | ၁၀၀၀၀ ကျပ် | | | | |
| | | | ၅။ ရေခဲမုန့် | | ၁ လခွဲ | ၁၀၀၀၀၀ ကျပ် | | | | |
| | | | ၆။ ဂျယ်လီသင်တန်း | | ၂ လ | ၈၀၀၀၀ ကျပ် | | | | |
| | | | ၇။ အချိုရည် | | ၂ လ | ၁၀၀၀၀၀ ကျပ် | | | | |
| | | | ၈။ သစ်သီးယိုစုံ | | ၂ လ | ၈၀၀၀၀ ကျပ် | | | | |
| | | | ၉။ စက်ကြီးပန်းထိုး | | ၁ လ | ၁၀၀၀၀ မှ ၄၀၀၀၀ ကျပ် | | | | |
| | | | ၁၀။ မြန်မာသတို့သမီးဝတ်စုံ | | ၁ လ | ၅၀၀၀၀ မှ ၈၀၀၀၀ ကျပ် | | | | |
| | | | ၁၁။ မိန်းမဝတ်ပုံဆန်း | | ၁ လ | ၅၀၀၀၀ ကျပ် | | | | |
| | | | ၁၂။ ပန်းအလှပြင်သစ်သီးအလှပြင် | | ၁၀ ရက်မှ ၁လ | ၅၀၀၀ မှ ၁၅၀၀၀ ကျပ် | | | | |
| | | | ၁၃။ စီးကွင့်ထိုးသင်တန်း | | ၁၄ ရက် | ၁၅၀၀၀ ကျပ် | | | | |
| | | | ၁၄။ အရှေ့တိုင်း၊ အနောက်တိုင်းဝတ်စုံ | | ၁ လ | ၇၀၀၀ ကျပ် | | | | |
| ၁။ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း | ၁။ သင်ကြားပြသမည့်နည်းစနစ်ဆွေးနွေးပွဲ | ဘွဲ့ရ | ၁ ပတ် | အခမဲ့ | မိမိအစီအစဉ် | မိမိအစီအစဉ် | ဌာနအသိအမှတ်ပြု Certificate ထုတ်ပေးပါသည်။ | လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ကြေးပေးလျက်ရှိသော(စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ/ကိုယ့်အားကိုယ်ကိုးမှုကြို့ဖွင့်လှစ်ထားသော ပရဟိတကျောင်း) စသည်တို့မှ ဝန်ထမ်းများအား သင်ကြားပေးပါသည်။ |
| | | | ၂။ ဝန်ထမ်းများ အင်္ဂလိပ်စာကျွမ်းကျင်မှု အခြေခံသင်တန်း | ဘွဲ့ရ | ၈ ပတ် | | | | | |
| | | | ၃။ ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသင်တန်း | တက္ကသိုလ်ဝင်တန်း | ၄ ပတ် | | | | | |
| | | | ၄။ ရုံးလုပ်ငန်းအခြေခံသင်တန်း | ဘွဲ့ရ | ၄ ပတ် | | | | | |
| | | | ၅။ ဝန်ထမ်းများ ကွန်ပျူတာအခြေခံသင်တန်း | ဘွဲ့ရ | ၈ ပတ် | | | | | |
| | | | ၆။ ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကူဆရာမသင်တန်း | ဘွဲ့ရ | ၄ ပတ် | | | | | |
| | | | ၇။ ဌာနတွင်း ကလေးသူငယ်ကြီးကြပ်သူသင်တန်း | ဘွဲ့ရ | ၂ ပတ် | | | | | |
| | | | ၈။ ဝန်ထမ်းများ အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃) | ဘွဲ့ရ | ၈ ပတ် | | | | | |
| | | | ၉။ ဝန်ထမ်းများကွန်ပျူတာအခြေခံသင်တန်း | ဘွဲ့ရ | ၈ ပတ် | | | | | |
| | | | ၁၀။ ဝန်ထမ်းများ အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်း | ဘွဲ့ရ | ၈ ပတ် | | | | | |
| | | | ၁၁။ ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအခြေခံသင်တန်း | ဘွဲ့ရ | ၄ ပတ် | | | | | ပြင်ပပုဂ္ဂိုလ်များအတွက် ဖွင့်လှစ်ပို့ချခြင်းဖြစ်ပါသည်။ |

# မြန်မာ-အိန္ဒိယနယ်စပ် စတုတ္ထမြောက်ကုန်သွယ်ရေးနှင့် စစ်ဆေးရေးစခန်းများ ဖွင့်လှစ်ရန်စီစဉ်

သတင်း-CLထန်းငါ

မြန်မာ-အိန္ဒိယနှစ်နိုင်ငံအစိုးရမှ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးစီမံကိန်းပြီးဆုံးပါက မြန်မာနိုင်ငံအနေဖြင့် လိုအပ်သော နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ကုန်ပစ္စည်းစစ်ဆေးရေးစခန်းကို ချင်းပြည်နယ် ပလက်ဝမြို့နှင့် မြိတ်ဝမြို့တို့တွင် ဖွင့်လှစ်ရန် လျာထားဆောင် ရွက်နေပြီဖြစ်ကြောင်းသိရသည်။ လက်ရှိအိန္ဒိယနိုင်ငံနှင့်နယ်စပ်တစ်လျှောက်တွင် တမူး၊ ရိဒ်နှင့် ထန်တလန်(ယာယီ) နယ်စပ်ကုန်သွယ်ရေးစခန်းသုံးခု ဖွင့်လှစ်ထားရာ စတုတ္ထမြောက်စခန်းအဖြစ် ပလက်ဝမြို့တွင် ဖွင့်လှစ်ရန် စီစဉ်ထားပြီဖြစ်ကြောင်း သိရသည်။

ယင်းအတွက် မြေနေရာသတ်မှတ်နိုင်ရေး ကွင်းဆင်းစစ်ဆေးရေးလုပ်ငန်းကို စတင်ဆောင်ရွက်နေပြီဟု နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့အပြင် ပလက်ဝမြို့မှ ၁၂၂ မိုင်ကွာဝေးသော နယ်စပ်ကလက်ဝ (မြိတ်ဝ) ဒေသတွင် ကုန်ပစ္စည်းစစ်ဆေးရေးစခန်းသစ်ထားရှိရန်လည်း စီစဉ်ထားမှုရှိကြောင်း၊ ယင်းစခန်းနှစ်ခုအား ဖွင့်လှစ်နိုင်ရန်အတွက် ပြည်တွင်းဝန်ကြီးဌာန လေးခုပါဝင်သော (OSS) အဖွဲ့က လိုအပ်သည့်လုပ်ငန်းများ ပူးပေါင်းစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

မြန်မာ-အိန္ဒိယကုန်သွယ်ရေးပမာဏ၏ လက်ရှိအခြေအနေသည် နယ်စပ်ကုန်သွယ်မှုအားလုံး၏ ၁ ဒသမ ၀၄ ရာခိုင်နှုန်းသာရှိသောကြောင့်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❐




ဇူလိုင် ၂၅ ရက်က ၂၀၁၄ ပထမတန်းအမှတ်ပေး ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိသွားသော ဟံသာဝတီ အသင်းအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဆုဖလားချီးမြှင့်စဉ်။

(ဟံသာဝတီ အသင်းသည် နောက်ဆုံးပွဲစဉ်အဖြစ် ငွေကြယ်ပွင့်လေးများအသင်းနှင့် ယှဉ်ပြိုင်ကစားရာ ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။)

ဓာတ်ပုံ-စိုးညွန့်

# ဇွဲကပင်က ချင်းကိုအနိုင်ကစား

သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-စိုးညွန့်

ရန်ကုန် ဇူလိုင် ၂၆

MNL Myanmar 2014 အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၅) ဒုတိယနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက အောင်ဆန်းအားကစားကွင်း၌ကျင်းပရာ ဇွဲကပင်ယူနိုက်တက်က ချင်းယူနိုက်တက်ကို နှစ်ဂိုး -တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အမှတ်ပေးဇယားအဆင့် ရပ်တည်မှု၌ အထက်အောက်ရပ်တည်နေသည့် အသင်းနှစ်သင်း၏တွေ့ဆုံမှုတွင်

စာမျက်နှာ ၇ ကော်လံ ၁ ✳

ယနေ့ မာတိကာ

အစွဲရေးနှင့်ဟားမားစ် ၁၂ နာရီကြာ အပစ်အခတ်ရပ်စဲ
စာ » ၄

အောင်ပန်းမြို့၌ ထရန်စဖော်မာ ပြိုလဲရာမှ ပေါက်ကွဲမှုဖြစ်
စာ » ၇

ရေထွက်ကုန်များမှ နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ရရှိ
စာ » ၁၃



The Global New Light of Myanmar သတင်းစာ စက်ရုံသစ်၌ တပ်ဆင်ထားသည့် ဂျပန်နိုင်ငံထုတ် Mitsubishi Lithopia 4 Hi Tower 3 Unit Offset အမျိုးအစားပုံနှိပ်စက်ကို တွေ့ရစဉ်။ *(သတင်း - စာမျက်နှာ ၈)* ဓာတ်ပုံ - (သတင်းစဉ်)

# နည်းပညာတက္ကသိုလ်များ အဆင့်မြှင့်တင်ရန် ဂျပန်ထောက်ပံ့

သတင်း-ဝေယံဦး

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံတွင် ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံရှိ နည်းပညာတက္ကသိုလ်များ အဆင့်မြှင့်တင်ရေးအတွက် ဂျပန်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၂၅ သန်းကျော် အကူအညီပေးလျက်ရှိသည်။

မြန်မာနိုင်ငံရှိ နည်းပညာတက္ကသိုလ်များတွင် လိုအပ်နေသည့် သင်ထောက်ကူပစ္စည်းများ၊ လက်တွေ့စမ်းသပ်ခန်းသုံးပစ္စည်းများအပြင် အခြားလိုအပ်သည့်ပံ့ပိုးကူညီမှုများကို အထောက်အကူပြုပေးသွားမည်ဖြစ်သည်။

နည်းပညာတက္ကသိုလ်များကို အဆင့်မြှင့်တင်ပေးခြင်းသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် အဆင့်မြင့်နည်းပညာများအသုံးချနိုင်ရေးနှင့် နည်းပညာတတ်ကျွမ်းသော လူသားအရင်းအမြစ်များပေါ်ထွက်လာရေးတွင် များစွာအထောက်အပံ့ဖြစ်စေမည် ဖြစ်သည်။

ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံအား ကဏ္ဍစုံတွင် အကူအညီများပေးအပ်လျက်ရှိရာ ယခုနှစ်အတွင်း အကူအညီပေးရေး စာချွန်လွှာပေါင်း ၁၂ ခုကို လက်မှတ်ရေးထိုးထားပြီဖြစ်သည်။

မြန်မာနိုင်ငံ ဧရာဝတီတိုင်းဒေသကြီးတွင် ဟင်္သာတနည်းပညာတက္ကသိုလ်၊ မအူပင်နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(ပုသိမ်)၊ ပဲခူးတိုင်းဒေသကြီးတွင် နည်းပညာတက္ကသိုလ်(တောင်ငူ)၊ ချင်းပြည်နယ်တွင်နည်းပညာတက္ကသိုလ်(ကလေး)၊ ကချင်ပြည်နယ်တွင် နည်းပညာတက္ကသိုလ် (ဗန်းမော်)၊ နည်းပညာတက္ကသိုလ် (မြစ်ကြီးနား)၊ ကရင်ပြည်နယ်တွင် နည်းပညာတက္ကသိုလ် (ဘားအံ)၊

စာမျက်နှာ ၈ ကော်လံ ၅ သို့ ✳

DECO-LAND
DECO
အဆင့်မြင့်စက္ကူအမျိုးမျိုးဖြန့်ချိရေး
Art Card
Art Paper
Sticker Paper
Woodfree Paper
Newsprint Paper
Carbonless Paper
Duplex Coated Paper
(Gray Back/White Back)
One Stop Shopping @ 01 684284, 687736~39


R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။
မြန်မာ့အလင်း
mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

**ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးရုံ ဩဂုတ်လ၊ ၂၃-၂၄၊ (၃၈)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဩဂုတ်လ(၂၃၊ ၂၄)ရက်တွင် ဦးဆောင်ကျင်းပပြုလုပ်မည့် ၃၈-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိလေးနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူငွေကျပ် ၄၀၀၀၀/-ကို အလင်းဒါန အလှူရှင်အဖြစ်ပါဝင်လှူဒါန်းလိုသော ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - ဆရာတော် ရွှေပြည်ဟိန်း ဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ဖြည့်သားလား ရန်ကင်း၊ (ကျိုက္ကသံဘုရားအနီး ကမ္ဘာ့အေးလမ်း သံလွင်ဘက်) ဖုန်း- ၀၁-၅၄၃၃၄၉၃ သို့လည်းကောင်း၊ ရွှေပုံတိုင်ကာမွှာအဘက် KBZBank(AccountNo.00730200701690301) ဘဏ်စာရင်းသို့ ထည့်သွင်း၍လည်းကောင်း၊ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

# နားသမင်္ဂလာကျေးဇူးတင်လွှာ

နားသမင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ မိတ်ဆွေ သူငယ်ချင်းများ၊ အားလည်းတောင်း၊
ဘောင်စံပါယ်ဝန်းကျင်းများ ဆင်မြန်းပေးပါသော စိုင်းမှူးကြီးတင်လှိုင် (ပြည့်ထိရေးဝန်ကြီး (ငြိမ်း))
ခမဲ ရတနာဆင်မြန်းပေးပါသော ဗိုးဗိုး ဦးကိုကိုဆွေ (လှ ရွှေလှူမျှုံထေအောင်၊ ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီ)၊
ဖွားဖွား သိမ်ရိုသူဇမ္ဗူသိင်္ဂ ဒေါ်အေးအေးသန်း၊ ဝန်ကြီးအဖြစ် ပါဝင်ကူညီပေးပါသော မစ်ထိပ်တားဦး၊
ဝန်းတုံးမန်း တိုင်စီဆောင်ပေးပါသော ဒေါ်ဖြူတိတ်ထက်၊ မဝန်းမြတ် မြူးမင်းမိုး၊ ရတနာတလင် တိုင်စီဆောင်ပေးပါသော
ကြြည့်သာမင်းမွန်၊ ဒေါက်တာဦးဇော်တင်လတ်၊ ပရိတ်အိုး တိုင်စီဆောင်ပေးပါသော ကိုမိုးမင်းသူ၊ ကိုကျော်မင်းထက်နိုင်၊
ကွမ်းတောင်ဝန်းတောင်ကိုင် အဖြစ်ဆောင်ရွက်ပေးပါသော ဒေါက်တာဇေဇေသန်းအောင်၊ ဒေါက်တာပူလဲမြူးစင်ထွန်း၊
မချွေချွေအောင်၊ မဇူသမ်သော်၊ မသန္တာဝင်း၊ ဝန်ဆောင်အဖြစ်ဆောင်ရွက်ပေးပါသော ကိုအာကာဘဝင်း၊ ကိုရဲဝင်း၊ မအေးချမ်းမိုး၊
မနှင်းစုနိုင်ဦး၊ လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော သူဇမ္ဗူကေတုဒေဝရေ ကိုမြတ်ကျော်စွာဝင်း၊ တော်ဝင်စိန်ဒိုက်(ရွှေလေး)၊
ဝတ်စုံ၊ ဆံပင်၊ မိတ်ကပ် အလှဆင်မြန်းပေးပါသော မိတ်ကပ်ထူးချွန်ပညာရှင် ကိုးတိုး (Best Make Up Artist Aria Awards)၊
မိတ်ကပ် ညီညီဇော် (စမ်းချောင်း)၊ Designer ကိုဝင်းသက်စံ (Sweet & Smart)၊ Designer မဇွဲ(My Favourie)၊
Designer ကိုတေဇာမြတ်၊ အခမ်းအနားဝန်းအလှဆင်ပေးပါသော ဝန်းညွှန်ရှင် လင်းလင်း၊ အခမ်းအနားအငြိမ်အဆင် တေးသံရှင်ဦးကိုကိုကြီး
နှင့် ညီများအဖွဲ့၊ အခမ်းအနားမှူးအဖြစ် ဦးဟိန်းလှမော်၊ နားသမင်္ဂလာပွဲတွင် တေးသံသာများဖြင့်ဖျော်ဖြေပေးပါသော
ဒေါ်ရီရီသန့်(မြန်မာ့ရှေးဟောင်းဂီတအဖွဲ့) ဆိုင်းဝိုင်းတွင် အတွေ့နှင့် ဝန်ဆောင်ပေးပါသော ဆရာဇော်မြင့်ကြည်နှင့်အဖွဲ့၊
ပွဲဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီပေးပါသော ထင်ဆင့်အာကာယိဒမ် ဦးစေင်းမောင်ကြီး၊ ကိုကျော်ကျော်ဝင်း နှင့်ဇနီး၊
အလှူခံအောင်မြင်ရေး (၂၀.၇.၂၀၁၄) တွင် ဂီတဖျော်ဖြေ ပေးပါသော သန္တာ မစ္ဆာ ရွှေမန်းသဘင်အဖွဲ့သားများအားလုံး၊
ပွဲအစအဆုံး ဓါတ်ပုံ၊ Video မှတ်တမ်းတင်ပေးပါသော ကိုအေးဇော်မိုး (ဇော်မှု) မြူးမိုးသိမ်အဖွဲ့၊ ကိုထွန်းထွန်းဦး(တော်ဝင်မိတ်သသာအဖွဲ့)၊
သိတင်ဆူအောင်သန်းဝင်း၊ 5 Plus၊ MRTV၊ MWD နှင့် စာနယ်ဇင်း ပညာရှင်များ၊ ရွှေလေးနေ့လည် စီစဉ်ပေးပါသော
သိတင်ဆူကျောင်းအစကြီး၊ ဒေါ်ညွှန့်ညွှန့်အေး၊ အကျွေးအမွေးဖြင့်ဧည့်ခံပေးပါသော တော်ဝင်၏၊ ခင်းကိုတသိမ့် ဇနီးနေမြာ နှင့် ဝန်ထမ်းများ၊
အဝေးဝေးမှ ဝိုင်းဝန်း ကူညီကြသော မိတ်ဆွေသူငယ်ချင်းများ နှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

တော်ဝင်စိမ်မိသားစု

Magic Set Box တိုင်းတွင် အသင့်သုံး ကစားစရာပစ္စည်းများ၊ စာအုပ်၊ သင်ကြားရေးပြ DVD ပါဝင်သည်။

**စတွေ့ဘမ** [မှော်အနုပညာ]



တန်ဖိုး - 3500/-

ပြနည်းစာအုပ်၊ ပြကွက်ပစ္စည်းများ၊ သင်ခန်း(DVD)ပြည့်စုံစွာပါဝင်သည်။

**Magic Set 4**
ဖျောက်စရာပျောက်စေသောလုံး၊ လက်မ၊ အစ
အဆသစ်ကြီး၊ အပါအဝင် အဖြာဖြာပြကွက်များပါဝင်သည်။

**Magic Set 5**
ထွင်းဖောက်နှင့် ဘောလုံးပြကွက်၊ ဖဲချပ်ပြဇာတ
ကြိုးဖြတ်ဆက်၊ နှင့် အဖြာဖြာပြကွက်များပါဝင်သည်။

**Magic Set 6**
ငွေစက္ကူလုပ်ခြင်း၊ ဖဲကိုထွင်းဖော်မှုအကြွေစေ
မှော်ဘတ်တဲ အပါအဝင် အဖြာဖြာပြကွက်များပါဝင်သည်။

Magician 1 to 10 စတွေ့ဘမ (မှော်အနုပညာ)

1000/- ကလေးများအတွက် မှတ်လည့်ပေးသော ကစားစရာများ 1000/-



ဆရာစတွေ့ဘမ ၏ မှတ်လည့် ပြနည်းများနှင့် အထောက်အကူပြုပစ္စည်းများ၊
ပြနည်းစာအုပ်၊ သင်ခန်း (DVD) စုံလင်စွာပါဝင်သည်။ တန်ဖိုး - 1000/-

ဖြန့်ချိရေး မျက်ပွင့်စာပေ - ဖုန်း - ၀၉၇၃၁၀၀၂၉၆၅၊ Magic World - Tel : 09 254203003

**ဦးစောထွန်း နှင့် ဒေါ်သင်းသင်းလှိုင်တို့အား အကြောင်းကြားစာပေးပို့ခြင်း**

[illegible]

ပွဲအပ်လွှဲပြီးကြောင်းများအရ

| | |
|---|---|
| ဦးအေးနိုင် (LL-B) | ဒေါ်တင်နွေနိုင် (LL-B) |
| အထက်တန်းရှေ့နေ(စဉ်-၂၅၀၈) | အထက်တန်းရှေ့နေ(စဉ်-၂၇၅၄) |
| Ph-09-731 70516 | Ph-09-4200 73685 |

အမှတ်(၅၀) ပထမထပ် အခန်း(D-2) ... [illegible]

ကိုက်ခြေရေဆင်/ဆေးပညာ
Full Auto
PH-09 731 99 410
09420035882, 73199257

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ခ/၁၅၈၃ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်း ၁၂/အစန(နိုင်)၀၁၆၃၉၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(ခရိုင်ဦးစီးမှူးရုံး)၊ ရွှေဘိုမြို့**

မိုး
ဒီဇယ်အောက်ဆီ
ဖုန်း- ၃၁၀၈၈၄၊ ၅၅၃၃၅
၀၉ ၅၀၅၂၁၀၅

**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 4G/ 9659 ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၄က/၉၃၆၆၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂စ/၁၅၂၃၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

**ဖျက်သိမ်းကြောင်းကြေညာခြင်း**

[illegible]

ဦးမောင်မောင်ကြည်
၁၂/ဥကတ(နိုင်)၀၆၃၅၈၄

